# ကြေးမုံ

The Mirror Daily

Established in 1957


**ကပ်ငြိတွယ်တာမှုမရှိ**

လာကြကုန်လော့(ရတနာခုနစ်ပါးဖြင့်) ဆန်းကြယ်သော မင်းစီးရထားလျှင် ဥပမာရှိသော (အဝတ်တန်ဆာတို့ဖြင့်) ဆန်းကြယ်သော ဤခန္ဓာငါးပါးတည်းဟူသော လောကကို ရှုကြကုန်လော့။ ယင်းလောက၌ မိုက်သူတို့သည် ခန္ဓာငါးပါး၌ နစ်မြုပ်ကုန်၏။ ပညာရှိတို့အား ခန္ဓာငါးပါး ကပ်ငြိတွယ်တာမှုသည်မရှိ။ လောကဝဂ်(ဓမ္မပဒ-၁၇၁)


၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၆ ရက်၊ စနေနေ့။ Saturday 19 October 2019 ၉၈၀၇


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

## UEHRD ကော်မတီ ဒုတိယအကြိမ် နှစ်ပတ်လည်အခမ်းအနားသို့ တက်ရောက်




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ကော်မတီဒုတိယဥက္ကဋ္ဌများ၊ လွှတ်တော်ရေးရာစွမ်းရည်မြှင့်တင်ရေးအကြံပေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စုစုလွင်နှင့် ကော်မတီအဖွဲ့ဝင်များ၊ UEHRD Task Forces မှ တာဝန်ရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

**နေပြည်တော် အောက်တိုဘာ ၁၈**

ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD)ကော်မတီ ဒုတိယအကြိမ် နှစ်ပတ်လည်အခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ Hilton ဟိုတယ်၌ကျင်းပရာ ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း(UEHRD) ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဦးကျော်တင့်ဆွေ၊ ဦးမင်းသူ၊ ဦးအုန်းဝင်း၊ ဦးဝင်းခိုင်၊ ဦးသိန်းဆွေ၊ ဒေါက်တာသန်းမြင့်၊ ဒေါက်တာမျိုးသိမ်းကြီး၊ ဒေါက်တာမြင့်ထွေး၊ ဦးဟန်ဇော်၊ ဒေါက်တာဝင်းမြတ်အေးနှင့် ဦးကျော်တင်၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်တင်၊ ဦးကျော်လင်းနှင့် ဦးစိုးအောင်၊ လွှတ်တော်ရေးရာ စွမ်းရည်မြှင့်တင်ရေးအကြံပေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စုစုလွင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ပြုံးကေသီနိုင်၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ လျှပ်စစ်၊ စက်မှုနှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံ၊ UEHRD ကော်မတီ ညှိနှိုင်းရေးမှူးချုပ် ဒေါက်တာအောင်ထွန်းသက်၊ UEHRD ကော်မတီဥက္ကဋ္ဌ၏အကြံပေးပုဂ္ဂိုလ် ဦးတိုးအောင်၊ UEHRD ကော်မတီအဖွဲ့ဝင်များ၊ နိုင်ငံတကာသံရုံးများမှ သံတမန်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အလှူရှင်များ၊ ကုလသမဂ္ဂနှင့် အာဆီယံအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ NGOs၊ INGOs များမှ တာဝန်ရှိသူများ၊ ရခိုင်ပြည်နယ်အတွင်း နေထိုင်လျက်ရှိသော လူ့ဘောင်အသိုက်အဝန်းမျိုးစုံမှ ကိုယ်စားလှယ်များ၊


စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖


**ကြေးမုံ ယနေ့ ဖတ်စရာ**

**နီပေါဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စစ်ဘီဒီယာ ဒေဗီ ဘန်ဒါရီ ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ပြင်ဦးလွင်နှင့် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ သွားရောက်လေ့လာ**


စာမျက်နှာ » ၇


**လိပ်ပြာစံအိမ် (The Only Mom) ရုပ်ရှင်ဇာတ်ကား စင်ကာပူနိုင်ငံ၌ ကျင်းပသည့်ပြိုင်ပွဲတွင် ထူးချွန်ဆုများရရှိ**


စာမျက်နှာ » ၁၀





## ကြေးမုံ

# သက်ရှည်ကျန်းမာအာဟာရမျှတ

ယနေ့ကမ္ဘာတွင် ကျန်းမာရေးနှင့်ညီညွတ်သော ဘေးကင်းလုံခြုံသည့် အစားအစာ၊ အာဟာရပြည့်ဝသည့် အစားအစာ အလွန်နည်းပါးလာသည်ဟု ဆိုရမည်ဖြစ်သည်။ ကျန်းမာရေးနှင့်ညီညွတ်သည့် အစားအစာများ စားသုံးနိုင်မှုနည်းပါးလာခြင်းကြောင့် ကမ္ဘာ့လူသားများမှာ ရောဂါအမျိုးမျိုး ကြုံတွေ့လာပြီး လူ့သက်တမ်းပါ ထိခိုက်လာသည့်သဘော ရှိလာသည်။

ဤအရေးကို ဆင်ခြင်ကြည့်မည်ဆိုပါက စားသောက်ကုန်ထုတ်လုပ်မှု၌ စိန်ခေါ်မှုအမျိုးမျိုးနှင့် လူတို့၏ လူနေမှုဘဝပုံစံ ပြောင်းလဲလာမှုအဖုံဖုံတို့ကြောင့် ဖြစ်ပေါ်လာသည်ဟု ဆိုနိုင်သည်။ စားသောက်ကုန်ထုတ်လုပ်မှု စိန်ခေါ်မှုအမျိုးမျိုးတို့တွင် အဓိကမှာ ရာသီဥတုဖောက်ပြန်မှု၊ သဘာဝဘေးအန္တရာယ်ကျရောက်မှုတို့ကြောင့် စိုက်ရေးပျိုးရေးလုပ်ငန်းများ ထိခိုက်ပျက်စီးမှုများရှိလာရာ ရာသီသီးနှံစိုက်ပျိုးမှုထိခိုက်ပြီး သီးနှံအထွက်နှုန်း ကျဆင်းခဲ့သည်။ ရာသီဥတုတိုက်စားမှုသည် သီးနှံအထွက်သာမက အရည်အသွေးကိုပါ ယုတ်လျော့စေသည်။

ယနေ့ကမ္ဘာကြီးတွင် စက်မှုနည်းပညာများ တိုးတက်လာမှုနှင့်အတူ ယှဉ်တွဲပါလာသည့် ကမ္ဘာကြီးပူနွေးလာမှုနှင့် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုများသည် စိုက်ပျိုးရေးလုပ်ငန်းအပေါ် အမှီသဟဲပြုနေသည့် ကျေးလက်ဒေသများကို ကြီးမားသောဆိုးကျိုးသက်ရောက်မှု ဖြစ်စေသည်။ အကျိုးဆက်အားဖြင့် သီးနှံများပျက်စီးဆုံးရှုံးမှု၊ အထွက်နှုန်းကျဆင်းမှု၊ အရည်အသွေးမပြည့်ဝမှုများ ဖြစ်ပေါ်လာပြီး လူမှုစီးပွားချွတ်ခြုံကျမှု၊ စားနပ်ရိက္ခာမပြည့်စုံမှု၊ ဘေးကင်းလုံခြုံသည့် စားနပ်ရိက္ခာရှားပါးမှု၊ ငတ်မွတ်ခေါင်းပါးမှုများနှင့် ရင်ဆိုင်လာရသည်။

ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့၏တင်ပြချက်အရ ကမ္ဘာပေါ်တွင် ရှေးက စားနပ်ရိက္ခာအတွက် အပင်မျိုးပေါင်း ၆၀၀၀ ကျော်စိုက်ပျိုးခဲ့သော်လည်း ယခုအခါ အဓိကသီးနှံပင် ကိုးမျိုးခန့်သာစိုက်ပျိုးနိုင်တော့ကြောင်း စိုးရိမ်ဖွယ်သိရှိရသည်။ စားနပ်ရိက္ခာအဖွဲ့၏သုံးသပ်ချက်အရ တိုးတက်များပြားလာသည့် ကမ္ဘာ့လူဦးရေကိုကျွေးမွေးနိုင်ရန် အဓိကစားသုံးသီးနှံ သုံးမျိုးဖြစ်သည့် ဂျုံ၊ ပြောင်းနှင့် ဆန်တို့ကို သဘာဝအတိုင်းမဟုတ်ဘဲ အထွက်တိုးနည်းလမ်းဖြင့် ထုတ်လုပ်နေကြရသည်။ ယင်းသည် လူသားများကျန်းမာရေးနှင့်ပြည့်စုံစေရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် အနုတ်လက္ခဏာဖြစ်သည်။

လူသားတို့၏ နေထိုင်မှုပုံစံပြောင်းလဲလာမှုသည် ကျန်းမာရေးဘက်တွင် ရေရှည်ထိခိုက်မှုဖြစ်လာသည်။ တစ်ချိန်သောကာလက မိသားစုထမင်းဝိုင်းသည် ကျန်းမာရေးအတွက် များစွာအထောက်အကူဖြစ်စေသည်။ မျက်မှောက်ကာလတွင် လူမှုစီးပွားဘဝလိုအပ်မှု အခြေအနေအမျိုးမျိုးတို့ကြောင့် လူတိုင်းလူတိုင်း အလုပ်နှင့်လက်ပြတ်သည်ဟူ၍မရှိရအောင် ရုန်းကန်လှုပ်ရှားနေကြရသည်။ ထိုအခါ မိသားစုထမင်းဝိုင်း ကွယ်ပျောက်၍ အသင့်စားထမင်းဝိုင်းဆီသို့ အများစုရောက်ရှိသွားကြသည်။

လူမှုဘဝဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ လူအများ၏ စားသောက်နေထိုင် သွားလာလုပ်ကိုင်မှု၊ အသက်မွေးဝမ်းကျောင်းမှုများပါ ပြောင်းလဲလာတော့သည်။ အထူးသဖြင့် ရာသီသီးနှံ၊ လတ်ဆတ်သောသီးနှံ၊ ကျန်းမာရေးနှင့်ညီညွတ်သော အမျှင်များသည့်သီးနှံများကို ချက်ချင်းချက်ပြုတ်စားသောက်သည့်ပုံစံမှ တာရှည်ထားရှိစားသုံးခြင်း၊ အသီးအနှံထက် အသားစားသုံးမှုပိုလာခြင်း၊ ပြုပြင်ပြီးအစားအစာ၊ အသင့်စားအစားအစာများကို ဝယ်ယူစားသုံးတတ်သည့် အလေ့အကျင့်များလာကြသည်။

ကျန်းမာရေးနှင့်မညီညွတ်သော စားသောက်မှုပုံစံများသည် ကမ္ဘာပေါ်ရှိ လူသားများ ရောဂါဖြစ်ပွားမှု၊ သေဆုံးမှုများလာရခြင်း၏ အကြောင်းတရားများဖြစ်လာသည်။ ထို့ကြောင့် ကျန်းမာရေးနှင့်ညီညွတ်သည့် ရေရှည်တည်တံ့ခိုင်မြဲသော စားနပ်ရိက္ခာများကို လူတိုင်းစားသုံးနိုင်ရေးသည် ချက်ချင်းလုပ်ဆောင်ရမည့် လိုအပ်ချက်ဖြစ်ကြောင်း ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့က အသိပေးထားသည်။

သို့ဖြစ်ရာ တိုးတက်လာသောလူဦးရေကို ဝလင်စွာကျွေးမွေးနိုင်ရေးအပြင် ကျန်းမာသန်စွမ်းသည့် အနာဂတ်မျိုးဆက်သစ်များကိုမွေးထုတ်ပေးနိုင်ရန်အတွက် ဘေးကင်းလုံခြုံစိတ်ချရသောအစားအစာများ ထုတ်လုပ်နိုင်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားတိုးတက်ရေးတို့ကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး အမျိုးသားကျန်းမာရေးမူဝါဒ ပြန်လည်ရေးဆွဲရေး ညှိနှိုင်းအစည်းအဝေး တက်ရောက်



**နေပြည်တော် အောက်တိုဘာ ၁၈**

အမျိုးသားကျန်းမာရေးမူဝါဒ ပြန်လည်ရေးဆွဲရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ MGallery Hotel ၌ ကျင်းပသည်။

**အမျိုးသားကျန်းမာရေးမူဝါဒ အသစ်ရေးဆွဲရန် လိုအပ်**

ညှိနှိုင်း အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက အမျိုးသားကျန်းမာရေးမူဝါဒကို ၁၉၉၃ ခုနှစ်တွင် ရေးဆွဲခဲ့ပြီး ပြောင်းလဲလာသော နိုင်ငံရေး၊ စီးပွားရေး၊ ကျန်းမာရေးနှင့် အခြားသော အခြေအနေအရပ်ရပ်တို့နှင့် လိုက်လျောညီထွေဖြစ်ရန်အတွက် အမျိုးသားကျန်းမာရေးမူဝါဒအသစ်ကို ရေးဆွဲရန် လိုအပ်နေပြီဖြစ်ကြောင်း၊ ထိုသို့ရေးဆွဲနိုင်ရန်အတွက် အမျိုးသားကျန်းမာရေးမူဝါဒ ပြန်လည်ရေးဆွဲရေး ဦးဆောင်ကော်မတီ၊ လုပ်ငန်းကော်မတီနှင့် အကြံပေးအဖွဲ့များ ဖွဲ့စည်း၍ ၂၀၂၀ ပြည့်နှစ်တွင် အပြီးသတ်ရေးဆွဲနိုင်ရန် ရည်မှန်းထားပါကြောင်း။

အဆိုပါ မူဝါဒသစ်၌ မြန်မာနိုင်ငံ၏ ကျန်းမာရေး အခြေအနေအရပ်ရပ်ကို လေ့လာဆန်းစစ်သုံးသပ်ပြီး ရောဂါအမျိုးမျိုး ကာကွယ်ထိန်းချုပ်ရန် မဟာဗျူဟာများနှင့် နည်းဗျူဟာများ၊ ရည်မှန်းချက်များ၊ မြန်မာနိုင်ငံ၏ ကျန်းမာရေးအဆင့်အတန်း ရေရှည်တည်တံ့ခိုင်မြဲတိုးတက်မှု ရှိစေရန်အတွက် မြန်မာနိုင်ငံ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း၊ ထောင်စုနှစ်ရည်မှန်းချက်များ၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်များ (SDGs)၊ မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ မျှော်မှန်းချက် (၂၀၃၀)၊ ဒေသဆိုင်ရာနှင့် ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေးရည်မှန်းချက်များနှင့် လိုက်လျောညီထွေဖြစ်ရန်လိုအပ်ပါကြောင်း၊ ထို့ပြင် အိမ်နီးချင်းနိုင်ငံများအပါအဝင် အခြားနိုင်ငံများ၏ အမျိုးသားကျန်းမာရေးမူဝါဒများကို လေ့လာရန် လိုအပ်ကြောင်း။

**ဦးစားပေးလုပ်ငန်းများချမှတ်**

ကျန်းမာရေးမူဝါဒအသစ်၌ ကျန်းမာရေး အသိပညာမြင့်တင်ရေး၊ မကူးစက်တတ်သော ရောဂါကာကွယ်ကုသရေး၊ ကျောင်းကျန်းမာရေး၊ လူနာဘေးကင်းလုံခြုံမှုနှင့်လက်တွေ့အသုံးချ သုတေသန လုပ်ငန်းများ၊ အရည်သွေးပြည့်ဝ၍ ကျင့်ဝတ်နှင့်ညီသော ဆေးနှင့် ဆေးဘက်ဆိုင်ရာ ပညာရှင်များ၊ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုများ၊ ကျန်းမာရေးနှင့် ဆေးရုံသတင်းအချက်အလက်များ ဖွံ့ဖြိုးတိုးတက်ရေး၊ ကိုယ်လက်လှုပ်ရှား ဆေးတစ်ပါးလုပ်ငန်းများကို ဦးစားပေးအဆင့်သတ်မှတ်၍ ထည့်သွင်းရေးဆွဲရမည်ဖြစ်ကြောင်း၊ ကျန်းမာရေးမူဝါဒ ရေးဆွဲရာတွင် ကျန်းမာရေးဝန်ဆောင်မှုများကို လူတိုင်း လက်လှမ်းမီရရှိရေး၊ ငွေကြေးကျခံသုံးစွဲနိုင်မှု၊ ရေရှည်တည်တံ့စွာ ဆောင်ရွက်နိုင်မှု၊ ပြည်သူလူထုဗဟိုပြု ချဉ်းကပ်ဆောင်ရွက်မှု၊ လုပ်ငန်းကဏ္ဍပေါင်းစုံ ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှု စသည့်မူဝါဒဆိုင်ရာ ဥပဒေသ (Policy Principles) များကို အလေးအနက်ထား စဉ်းစားရေးဆွဲရန် အရေးကြီးပါကြောင်း၊ အမျိုးသားကျန်းမာရေးမူဝါဒအသစ်နှင့် အတူ အဆိုပါမူဝါဒကို အကောင်အထည်ဖော်နိုင်ရေးအတွက် မဟာဗျူဟာနှင့် ဦးစားပေးလုပ်ငန်းစဉ်များကို ရေးဆွဲချမှတ်ရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှအငြိမ်းစားပညာရှင် ဒေါက်တာကံထွန်းက အမျိုးသားကျန်းမာရေးမူဝါဒ ရေးဆွဲရာတွင် နိုင်ငံတော်၏ မူဝါဒများ၊ ဥပဒေများ၊ ရည်မှန်းချက်များနှင့်အညီ မူဝါဒဆိုင်ရာ ပန်းတိုင်များ၊ ရည်မှန်းချက်များနှင့် မဟာဗျူဟာများကို ရေးဆွဲနိုင်ရေးအတွက် ထည့်သွင်းစဉ်းစားသင့်သော အချက်များ၊ ဘက်စုံလေ့လာသုံးသပ်ရမည့် အခြေအနေများနှင့် ဆောင်ရွက်ရန်လိုအပ်သည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်၊ အမြဲတမ်းအတွင်းဝန်များနှင့် တာဝန်ရှိသူများက အမျိုးသားရေးမူဝါဒ ပြန်လည်ရေးဆွဲနိုင်ရေးနှင့် လုပ်ငန်းအချိန်ဇယားသတ်မှတ်၍ စနစ်တကျဆောင်ရွက်ရေးတို့ကို ဆွေးနွေးတင်ပြကြသည်။

**သတင်းစဉ်**

## သင့်စီးပွားရေးအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၈-၁၀-၂၀၁၉)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁,၅၀၀ | ၁၂,၀၀၀ | ၅၁၉ | ၆,၁၇၈,၀၀၀ |
| MTSH | ၃,၉၅၀ | ၃,၉၅၀ | ၅,၆၄၈ | ၂၂,၂၉၄,၆၀၀ |
| MCB | ၈,၄၀၀ | ၈,၄၀၀ | ၂၈၁ | ၂,၃၃၇,၆၀၀ |
| FPB | ၂၄,၀၀၀ | ၂၄,၀၀၀ | ၂၃ | ၅၄၆,၅၀၀ |
| TMH | ၃,၀၀၀ | ၂,၉၀၀ | ၁၂၉ | ၃၇၄,၅၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

### ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် အောက်တိုဘာ ၁၈**

ရန်ကုန်(ရွှေဈေး) ၁၂၂၀၀၀၀ မန္တလေး(ရွှေဈေး) ၁၂၂၀၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၉၀၀/၉၄၅ ကျပ် | ၉၅၀/၉၆၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၉၀၀/၉၄၀ ကျပ် | ၉၈၀/၉၉၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၈၀၀/၈၄၅ ကျပ် | ၈၇၅/၈၉၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၉၁၀/၉၆၀ ကျပ် | ၉၆၀/၉၇၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၆၀/၈၆၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၇၀/၈၇၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၇၈၅/၇၉၀ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်း)

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၃၃.၁ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၇၀၅.၇ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၁၆.၄၆ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၀.၆၃၉ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၆၆.၂၉ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၁.၅၆၄ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၄၁၀.၇ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၉.၉၁ |
| (ဈ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၄၈.၀ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၂၂.၇ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဦးကိုမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

❖ ရှေ့ဖုံးမှ

ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရခိုင်ပြည်နယ်အတွင်း နေထိုင်လျက်ရှိသော လူ့ဘောင်အသိုက်အဝန်းမျိုးစုံမှ လူငယ်များအဖွဲ့က "ပေါင်းစည်းခြင်းရဲ့အရသာ"၊ "ရခိုင်တို့မြေလာခဲ့လေ"နှင့် "ငါတို့လျှောက်မယ့်လမ်း" သီချင်းများဖြင့် သီဆိုကပြဖျော်ဖြေကြသည်။

ထို့နောက် UEHRD ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အမှာစကားပြောကြားရာတွင် "UEHRD စပြီးပေါ်လာတာက ၂၀၁၇ ခုနှစ် ရခိုင်ပြည်နယ်မှာဖြစ်တဲ့ ပဋိပက္ခတွေ၊ ပြဿနာတွေကိုဖြေရှင်းဖို့ ကျွန်မတို့အားလုံးစုပေါင်းပြီး လုပ်မယ်ဆိုတဲ့ စိတ်ဓာတ်နဲ့ဖြစ်ပေါ်လာတာ ဖြစ်ပါတယ်။ ကျွန်မတို့စပြီးလုပ်ကတည်းက ဒါဟာ ပြည်ထောင်စုတစ်ခုလုံးပါဝင်ရမယ့်လုပ်ငန်းလို့ ကျွန်မတို့သတ်မှတ်လိုက်ပါတယ်။ ပြည်ထောင်စုတစ်ခုလုံးပါဝင်ရမယ့်လုပ်ငန်းဆိုတာ ကျွန်မတို့ပြည်ထောင်စုရဲ့ ဘယ်နေရာမှာပဲဖြစ်ဖြစ် အကောင်းဆုံးလုပ်နိုင်ရင် ကျန်တဲ့သူက မုဒိတာပွားနိုင်ရမယ်။ ကိုယ့်ရဲ့ဒေသမှာ လုပ်ပေးမှမဟုတ်ဘူး။ တခြားသူတွေ၊ တခြားဒေသတွေ၊ ကိုယ်နဲ့မဆိုင်တဲ့ အရပ်ဒေသတွေကောင်းဖို့အတွက် အဲဒီအရပ်ဒေသက ပြည်သူလူထုတွေ တိုးတက်ဖို့အတွက် လုပ်ပေးတယ်ဆိုတဲ့အခါမှာ ကျွန်မတို့ကိုယ်တိုင် မလုပ်ပေးနိုင်ရင်တောင်မှ မုဒိတာပွားနိုင်တဲ့ စိတ်ဓာတ်ရှိရမယ်။ အဲဒါကိုအခြေခံတာဖြစ်ပါတယ်။

၂၀၁၇ ခုနှစ်ကနေ ဒီကနေ့အထိ ရခိုင်ပြည်နယ်မှာဖြစ်ခဲ့တဲ့ ကိစ္စတွေကြောင့် ကျွန်မတို့မြန်မာနိုင်ငံမှာ စိန်ခေါ်မှုအမျိုးမျိုးနဲ့ ရင်ဆိုင်နေရပါတယ်။ ဒီစိန်ခေါ်မှုအမျိုးမျိုးကို ရင်ဆိုင်တဲ့အခါမှာ ကိုယ့်အားကိုယ်ကိုးပြီး လုပ်တာက အကောင်းဆုံးပဲလို့ ကျွန်မတို့ ဒီလိုပဲဆုံးဖြတ်ပါတယ်။ မိတ်ဆွေများက ဝိုင်းဝန်းပြီး ကူညီတာကို ကျွန်မတို့ တန်ဖိုးထားတယ်။ ကျွန်မတို့ လေးစားပါတယ်။ သို့သော်ငြားလည်း နောက်ဆုံးကျတော့ ကိုယ့်ကိုယ်ကိုယ်ပဲ အားကိုးလို့ရပါတယ်။ ကိုယ့်ကိုယ်ကိုယ် အားကိုးလို့ရတဲ့ စိတ်တွေကိုလည်း ကျွန်မတို့ရဲ့ပြည်ထောင်စုထဲမှာ ခိုင်မာအောင်လို့ လုပ်ပေးချင်ပါတယ်။

**ဝမ်းမြောက်နိုင်ရမယ်**

ဒါကြောင့် ကျွန်မတို့ပြည်ထောင်စု ဘယ်နေရာမှာပဲဖြစ်ဖြစ် အခြေအနေလေး နည်းနည်းပိုပြီးတော့ ကောင်းသွားပြီဆိုရင် ကျန်တဲ့ပြည်ထောင်စုတစ်ခုလုံးမှာရှိတဲ့ ပြည်သူပြည်သားများ၊ ပြည်ထောင်စုသားသမီးများအားလုံးဟာ ဒါကိုဝမ်းမြောက်နိုင်ရမယ်။ ဂုဏ်ယူနိုင်ရမယ်။ ကျေနပ်နိုင်ရမယ်။ ဒီလိုစိတ်ဓာတ်နဲ့ အားလုံးပါဝင်ပြီးတော့ ကူညီပေးဖို့ဟာ ကျွန်မတို့ဦးတည်ရာဖြစ်ပါတယ်။ အခုဆိုရင် UEHRD ကို အဓိကဦးဆောင်လုပ်နေတာကတော့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးဖြစ်ပါတယ်။ ဒေါက်တာဝင်းမြတ်အေးဆိုရင် ရခိုင်ပြည်နယ်ကို ၂၀၁၇ ခုနှစ်ကနေ ၂၀၁၉ ခုနှစ် နှစ်နှစ်အတွင်းမှာ အကြိမ် ၅၀ ထက်မနည်း ရောက်ပြီးပြီလို့ ကျွန်မနားလည်ပါတယ်။ ဒီလောက်အကြိမ် ၅၀ ထက်မနည်းရောက်တယ်ဆိုတာ ရခိုင်ပြည်နယ်မှာ လုပ်ရတဲ့လုပ်ငန်းတွေကို ဘယ်လောက်အလေးအနက်ထားသလဲဆိုတာကို ပြသနေတာဖြစ်ပါတယ်။

ဒီလိုအလုပ်တွေဆိုတာ အဝေးကနေပြီးတော့ ရုံးထဲမှာထိုင်ပြီး ခလုတ်လေးနှိပ်ရုံနဲ့ ပြီးတဲ့ကိစ္စမဟုတ်ပါဘူး။ ဒေသခံတွေ အခြေအနေဘယ်လိုရှိလဲ၊ ကိုယ်တိုင်သွားကြည့်ပြီးတော့ ကိုယ်ဘယ်လိုအကောင်းဆုံးလုပ်ပေးနိုင်မလဲဆိုတဲ့စိတ်ဓာတ်နဲ့ လုပ်နိုင်မှသာလျှင် ကျွန်မတို့ တိုးတက်မှုရှိနိုင်မှာပါ။ တိုးတက်မှုတွေက ကျွန်မတို့ လိုချင်သလောက်ဖြစ်ခဲ့သလားဆိုတော့ လိုချင်သလောက်တော့ မဖြစ်သေးပါဘူး။

ကျွန်မတို့လိုချင်တာက အခုတစ်နှစ်အတွက်လည်း မဟုတ်ဘူး၊ နောက်နှစ်အတွက်လည်း မဟုတ်ဘူး၊ ကျွန်မတို့ရဲ့ ပြည်ထောင်စုကြီးအတွက် နောင်နှစ်ကာလမြောက်မြားစွာ ခေတ်အဆက်ဆက်ကောင်းဖို့အတွက် လုပ်နေတာဖြစ်ပါတယ်။ ရခိုင်ပြည်နယ်မှာ အခုဖြစ်ပွားနေတဲ့ပြဿနာတွေကို နိုင်ငံသူနိုင်ငံသားများ ပြည်ထောင်စုသားသမီးများအားလုံးရဲ့ ပူးပေါင်းဆောင်ရွက်မှုနဲ့ ဖြေရှင်းနိုင်မယ်ဆိုရင် နောင်လာနောက်သားတွေအတွက် အင်မတန်မှ တန်ဖိုးဖြတ်လို့မရတဲ့ အမွေအနှစ်တွေဖြစ်မှာပါ။ ဘယ်လိုအမွေအနှစ်မျိုးလဲဆိုရင် ကိုယ့်ကိုယ်ကိုယ်ယုံကြည်တဲ့ အမွေအနှစ်မျိုးဖြစ်ပါတယ်။ ဘယ်လိုအခက်အခဲတွေပဲဖြစ်လာဖြစ်လာ ငါတို့နိုင်ငံဟာ ချမ်းသာသေးတဲ့နိုင်ငံ မဟုတ်သော်လည်း၊ အင်အားကြီးနိုင်ငံတစ်ခုမဟုတ်သော်လည်း ငါတို့ရဲ့စုပေါင်းအင်အားနဲ့ ဒီစိန်ခေါ်မှုတွေကိုအားလုံး ရင်ဆိုင်နိုင်တယ်၊ ကျော်လွှားနိုင်တယ်ဆိုတဲ့ ယုံကြည်စိတ်ချမှုကို ကျွန်မတို့ရဲ့ နောင်လာနောက်သားတွေ၊ မျိုးဆက်သစ်တွေကို ပေးသွားချင်ပါတယ်။

**မှတ်ချက်ချ**

ဒီလိုယုံကြည်မှုနဲ့ အင်အားကို ပေးသွားနိုင်မယ်ဆိုရင် နောင်အနာဂတ်မှာ ဘယ်လိုစိန်ခေါ်မှုတွေနဲ့ပဲ ကျွန်မတို့နိုင်ငံဟာ ရင်ဆိုင်ရ ရင်ဆိုင်ရ ကျော်လွှားနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။ စာရေးဆရာမကြီးတစ်ဦး တစ်ခါက ရေးခဲ့ဖူးပါတယ်။ နိုင်ငံတစ်နိုင်ငံမှာ သမိုင်းကောင်းရှိခဲ့လို့ရှိရင် ဒီရှိခဲ့တဲ့သမိုင်းကောင်းမှာ နောင်ခေတ်အဆက်ဆက်အတွက် အင်အားဖြစ်တယ်လို့ ပြောပါတယ်။ ကိုယ်အရင်တုန်းက ရှိခဲ့တဲ့သမိုင်းကြောင်းကို ပြန်ပြီးတော့ စဉ်းစားခြင်းအားဖြင့်၊ အဲဒီသမိုင်းကြောင်းကို ပြန်ပြီးတော့ တွေးခေါ်ခြင်းအားဖြင့် နောင်လာမယ့်အနာဂတ်ကို ဘယ်လိုရင်ဆိုင်ရမလဲဆိုပြီး ရင်ဆိုင်တဲ့နည်းတွေလည်း ပေါ်လာမယ်။ ရင်ဆိုင်ရဲတဲ့သတ္တိတွေလည်း ရှိလာမယ်လို့ မှတ်ချက်ချသွားပါတယ်။

ဒီအတိုင်းပါပဲ ကျွန်မတို့ UEHRD ရဲ့ လုပ်ငန်းတွေဟာ အခုလောလောဆယ် ရခိုင်ပြည်နယ်တစ်ခုတည်းအတွက် မဟုတ်ပါဘူး။ ကျွန်မတို့ ပြည်ထောင်စုကြီးတစ်ခုလုံးအတွက် ဖြစ်ပါတယ်လို့ ထပ်တလဲလဲပြောချင်ပါတယ်။ ကျွန်မတို့ဟာ ဒီလိုပြဿနာတစ်ခုကို ဖြေရှင်းနိုင်တဲ့အင်အားတွေကို လူငယ်တွေကနေစပြီး မွေးပေးရမှာဖြစ်ပါတယ်။ ဒါကြောင့် UEHRD ရဲ့လုပ်ငန်းစဉ်တွေမှာ ပြည်ထောင်စုတစ်ဝန်းက လူငယ်များပါဝင်တာဟာ ကျွန်မတို့အတွက် တစ်တပ်တစ်အားဖြစ်ပါတယ်။ လူငယ်တွေကလည်း စိတ်အားထက်သန်စွာနဲ့ ပါဝင်ကြပါ။ လူငယ်များဟာ လူကြီးများထက်စာရင် ပိုပြီးသဘောထားပျော့ပျောင်းတယ်လို့ပြောရင် မမှားဘူးလို့ထင်ပါတယ်။ ဒါပေမယ့် လူကြီးတွေကတော့ ပိုပြီးရင့်ကျက်တာပေါ့။ ပျော့ပျောင်းမှုနဲ့ ရင့်ကျက်မှုဟာ သူ့ရဲ့တန်ဖိုးနဲ့သူရှိပါတယ်။

သဘောထား ပျော့ပျောင်းခြင်းဆိုတာဟာ ပျော့ပျောင်းသောကြောင့် သူတစ်ပါးကို ပိုပြီးနားလည်မှု လွယ်လွယ်ကူကူ ပေးနိုင်တယ်။ ရင့်ကျက်သောကြောင့်လည်း ပိုပြီးတော့ နားလည်မှုပေးနိုင်ပါတယ်။ ရင့်ကျက်သောစိတ်ဓာတ်ကလည်း ပိုပြီးတော့ ကျယ်ကျယ်ပြန့်ပြန့် နက်နက်နဲနဲနဲ့ အခြေအနေတစ်ခုကို သုံးသပ်နိုင်တာကြောင့် လူကြီးတွေရဲ့အင်အားဟာ တစ်မျိုး၊ လူငယ်တွေရဲ့အင်အားဟာ တစ်မျိုးရှိတဲ့ အင်အားတွေကို အားလုံးစုပေါင်းပြီးတော့ ကျွန်မတို့နိုင်ငံရဲ့ ပြဿနာတွေကို ဖြေရှင်းရမှာ ဖြစ်ပါတယ်။

ကျွန်မအနေနဲ့ UEHRD ရဲ့ နှစ်နှစ်မြောက်နေ့မှာဆိုရင် UEHRD မှာ ပါဝင်ခဲ့တဲ့ပုဂ္ဂိုလ်များအားလုံးကို ဂုဏ်ပြုကျေးဇူးတင်တဲ့ စကားလေးတော့ မပြောလို့မဖြစ်ပါဘူး။ ဒါဟာ ကျွန်မတို့ရဲ့ ဝန်ကြီးဌာနများအားလုံးပါသလို အဓိကအားဖြင့် ရခိုင်ပြည်နယ်အစိုးရကိုလည်း ဂုဏ်ပြုချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုရင် နိစ္စဓူဝ ပြဿနာတွေ ရင်ဆိုင်နေရတာဟာ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ဖြစ်ပါတယ်။ ဒါကြောင့် ဒီနေ့တက်ရောက်လာတဲ့ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုကိုလည်း ကျွန်မဂုဏ်ပြုပါတယ်။ ကျေးဇူးတင်ကြောင်း ပြောချင်ပါတယ်။ နောင်နှစ်ပေါင်းများစွာ ဆက်လက်ပြီးတော့ ရခိုင်ပြည်နယ်ရဲ့ပြဿနာတွေကို ရင်ဆိုင်ပြီး ဖြေရှင်းနိုင်ပါစေလို့ ဆုတောင်းပေးပါတယ်။ ဒီလိုဖြေရှင်းတဲ့အခါမှာ ကျွန်မတို့အားလုံးက ဝိုင်းဝန်းပြီးကူညီဖို့ အဆင်သင့်ပါပဲဆိုတာကိုလည်း ပြောချင်ပါတယ်။

**ယုံကြည်**

ပြည်ပက မိတ်ဆွေများကိုလည်း ကျွန်မတို့နိုင်ငံအပေါ်မှာ တကယ်စေတနာ မေတ္တာထားပြီးတော့၊ ကရုဏာ၊မေတ္တာ၊စေတနာထားပြီးတော့ ကူညီနေတဲ့ မိတ်ဆွေတွေအားလုံးကိုလည်း ကျေးဇူးတင်တယ်ဆိုတဲ့ စကားပြောချင်ပါတယ်။ အားလုံးလက်တွဲပြီး လုပ်မယ်ဆိုရင် တစ်နေရာက ပြဿနာတွေဖြေရှင်းခြင်းအားဖြင့် တစ်ကမ္ဘာလုံးမှာရှိတဲ့ အလားတူပြဿနာတွေကို၊ ဖြေရှင်းနည်းတွေကိုလည်း သိလာနိုင်မယ်။ သင်ယူနိုင်မယ်လို့လည်း ယုံကြည်ပါတယ်။

ကျွန်မအနေနဲ့ ဆော်ဩချင်တာကတော့ တစ်ခုပါပဲ။ အရင်တုန်းက UEHRD ကို လှူပါမယ်လို့ ကတိပေးထားတဲ့ပုဂ္ဂိုလ်ကြီးများ လှူကြပါ။ လှူပါ့မယ်လို့ ကတိမပေးရသေးတဲ့ပုဂ္ဂိုလ်ကြီးများလည်း အခုဒီနေ့ပဲ ကတိပေးပြီးတော့ ဆက်လှူကြပါလို့ ကျွန်မတိုက်တွန်းရင်းနဲ့ အားလုံးကို မေတ္တာပို့ပါတယ်။ ကျေးဇူးတင်ပါတယ်" ဟု ပြောကြားသည်။

ယင်းနောက် UEHRD အဖွဲ့သားများအားလုံး၏ပံ့ပိုးမှုနှင့် International Relation Task Force မှ ထုတ်လုပ်တင်ဆက်သည့် Short Film ကို ပြသသည်။

**မှတ်တမ်းတင် ဓာတ်ပုံရိုက်**

ထို့နောက် UEHRD ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ကော်မတီဒုတိယဥက္ကဋ္ဌများ၊ လွှတ်တော်ရေးရာစွမ်းရည်မြှင့်တင်ရေးအကြံပေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စုစုလွင်နှင့် ကော်မတီအဖွဲ့ဝင်များသည် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်လည်းကောင်း၊ နိုင်ငံတကာသံရုံးများမှ သံတမန်များနှင့်လည်းကောင်း၊ ကုလသမဂ္ဂ၊ အာဆီယံအဖွဲ့အစည်းများနှင့် Red Cross Movement တို့မှ ကိုယ်စားလှယ်များနှင့်လည်းကောင်း၊ အလှူရှင်များ၊ ဖိတ်ကြားထားသော ဧည့်သည်များနှင့်လည်းကောင်း၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့်လည်းကောင်း၊ UEHRD Task Force မှတာဝန်ရှိသူများနှင့်လည်းကောင်း၊ ရန်ကုန်နှင့် နေပြည်တော်တို့ရှိ UEHRD ရုံးခွဲများနှင့် NRPC ရုံးတို့မှ တာဝန်ရှိသူများနှင့် လည်းကောင်း၊ တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေခဲ့ကြသည့် ရခိုင်ပြည်နယ်အတွင်း နေထိုင်လျက်ရှိသော လူ့ဘောင်အသိုက်အဝန်းမျိုးစုံမှ လူငယ်များအဖွဲ့နှင့်လည်းကောင်း စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။ **သတင်းစဉ်**




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) ကော်မတီ ဒုတိယအကြိမ်နှစ်ပတ်လည်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**၂၀၁၇ ခုနှစ်ကနေ ဒီကနေ့အထိ ရခိုင်ပြည်နယ်မှာဖြစ်ခဲ့တဲ့ ကိစ္စတွေကြောင့် ကျွန်မတို့မြန်မာနိုင်ငံမှာ စိန်ခေါ်မှုအမျိုးမျိုးနဲ့ ရင်ဆိုင်နေရပါတယ်။ ဒီစိန်ခေါ်မှုအမျိုးမျိုးကိုရင်ဆိုင်တဲ့အခါမှာ ကိုယ့်အားကိုယ်ကိုးပြီး လုပ်တာက အကောင်းဆုံးပဲလို့ ကျွန်မတို့ ဒီလိုပဲဆုံးဖြတ်ပါတယ်။ မိတ်ဆွေများက ဝိုင်းဝန်းပြီး ကူညီတာကို ကျွန်မတို့ တန်ဖိုးထားတယ်။ ကျွန်မတို့ လေးစားပါတယ်။ သို့သော်ငြားလည်း နောက်ဆုံးကျတော့ ကိုယ့်ကိုယ်ကိုယ်ပဲ အားကိုးလို့ရပါတယ်။**

# ပြည်သူ့ဒုက္ခ၊ ကိုယ့်ဒုက္ခလို့ သဘောထားပြီး ပြည်သူတွေရဲ့ ထိခိုက်ခံစားရမှုတွေလျော့နည်း သက်သာစေဖို့ အစိုးရပိုင်းက လိုအပ်တာတွေ ပံ့ပိုးပေးနိုင်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြား

**နေပြည်တော် အောက်တိုဘာ ၁၈**

"ဘေးဒဏ်ကြံ့ကြံ့ခံနိုင်ဖို့ အခိုင်ခံ့ဆုံးတည်ဆောက်စို့" ဆောင်ပုဒ်ဖြင့် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂၌ ကျင်းပရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

အခမ်းအနားသို့ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာကူညီမှုဆိုင်ရာ ညှိနှိုင်းရေးမှူး၊ ဌာနဆိုင်ရာအကြီးအကဲများ၊ သံအမတ်ကြီးများနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုရေးအသင်းအဖွဲ့များနှင့် ပုဂ္ဂလိကကဏ္ဍ ဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

Disaster Risk Reduction – IDDRR)အဖြစ် သတ်မှတ်ခဲ့တာဖြစ်ပါတယ်။

"ဒါကြောင့် အောက်တိုဘာလ ၁၃ ရက်နေ့ရောက်တိုင်း သဘာဝဘေးနဲ့ သက်ဆိုင်တဲ့ အသိပညာပေးလုပ်ငန်းတွေကို ၂၀၁၀ ပြည့်နှစ်ကစတင်ပြီး တစ်နိုင်ငံလုံးမှာ ကျင်းပပြုလုပ်ခဲ့ပါတယ်။ ဒီနှစ်အောက်တိုဘာလ ၁၃ ရက်နေ့ဟာ ဗုဒ္ဓဘာသာဝင်တွေရဲ့ နေ့ထူးနေ့မြတ်ဖြစ်တဲ့ သီတင်းကျွတ်လပြည့်နေ့နဲ့ တိုက်ဆိုင်နေတာကြောင့် ယနေ့အောက်တိုဘာလ ၁၈ ရက်နေ့မှာ အစားထိုးကျင်းပပြုလုပ်တာ ဖြစ်ပါတယ်။

"အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနေ့အတွက် နှစ်အလိုက်ဆောင်ပုဒ်တွေကို သတ်မှတ်ပေးလျက်ရှိပါတယ်။ ဒီနှစ်အတွက် "ဘေးဒဏ်ကြံ့ကြံ့ခံနိုင်ဖို့ အခိုင်ခံ့ဆုံး တည်ဆောက်စို့" "Build to Last" ဆိုပြီး ဆောင်ပုဒ် သတ်မှတ်ထားပါတယ်။ ဒီဆောင်ပုဒ်ကလည်း ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ်အတွင်း ဂျပန်နိုင်ငံ ဆန်ဒိုင်းမြို့မှာ ကျင်းပပြုလုပ်ခဲ့တဲ့ ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးအတွက် ကမ္ဘာလုံးဆိုင်ရာ



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။



အခမ်းအနားတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က "ဒီကနေ့ အခမ်းအနားမှာ သဘာဝဘေးတွေနဲ့ပတ်သက်ပြီး ရှင်းလင်းပြောပြချင်တာလေးတွေရှိပါတယ်။ ဘေးအန္တရာယ်ဖြစ်ပွားတဲ့ အချိန်တိုင်းမှာ ကူညီကယ်ဆယ်ရေးလုပ်ငန်းတွေနဲ့ပတ်သက်ပြီး နိုင်ငံရဲ့ တာဝန်ရှိသူတွေအပေါ် အားမလိုအားမရ ဖြစ်တတ်ကြတာ ကမ္ဘာတစ်လွှားမှာ တွေ့ရတတ်ပါတယ်။ နိုင်ငံတော်အစိုးရက ဘေးသင့်ပြည်သူတွေအတွက် စဉ်းစားပေးပြီး သူတို့ဘဝတွေ အမြန်ဆုံးပြန်လည်ထူထောင်နိုင်ဖို့ ဒေသမှာရှိတဲ့ အစိုးရအဖွဲ့တွေနဲ့ ချိတ်ဆက်ပြီး ဦးစားပေးဆောင်ရွက်ပေးလျက်ရှိတယ်ဆိုတာကို ဒီကနေ့ အခမ်းအနားကနေ ပထမဆုံး အသိပေးပြောကြားလိုပါတယ်။ ဒါ့အပြင် **"ပြည်သူ့ဒုက္ခ၊ ကိုယ့်ဒုက္ခ"**လို့ သဘောထားပြီး ပြည်သူတွေရဲ့ ထိခိုက်ခံစားရမှုတွေ လျော့နည်းသက်သာစေဖို့ အစိုးရပိုင်းက လိုအပ်တာတွေ ပံ့ပိုးပေးနိုင်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။

"ဆက်လက်ပြီး ဒီကနေ့ကျင်းပပြုလုပ်တဲ့ အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့နဲ့စပ်လျဉ်းပြီး နောက်ခံအကြောင်းအရာအချို့ကို ပြန်ပြောရမယ်ဆိုရင် ၂၀၀၉ ခုနှစ်မှာ ပြုလုပ်ခဲ့တဲ့ ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံရဲ့ ဆုံးဖြတ်ချက်အမှတ်(၆၄/၂၀၀)အရ နှစ်စဉ် အောက်တိုဘာလ ၁၃ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ (International Day for ညီလာခံကနေ ဆင်းသက်လာတာဖြစ်ပါတယ်။

"အဲဒီညီလာခံကနေ သဘာဝဘေးကြောင့် ထိခိုက်ဆုံးရှုံးမှုတွေကို တစ်ကမ္ဘာလုံးအတိုင်းအတာနဲ့ လျှော့ချကြဖို့ ဆန်ဒိုင်းမူဘောင်ကိုရေးဆွဲပြီး ပန်းတိုင်(၇)ရပ်ကို သတ်မှတ်ခဲ့ပါတယ်။ မူဘောင်အတည်ပြုပြီး နောက်တစ်နှစ် ၂၀၁၆ ခုနှစ်ကစတင်ပြီး ပန်းတိုင်(၇) ရပ်ကို IDDRR ရဲ့ ဆောင်ပုဒ်အဖြစ် အစဉ်လိုက်သတ်မှတ်ဆောင်ရွက်ခဲ့ပါတယ်။

### ထိခိုက်ဆုံးရှုံးမှုကိုအမြောက်အမြားလျှော့ချ

"ဒီနှစ်ဆောင်ပုဒ်ဖြစ်တဲ့ ပန်းတိုင်(၄)၊ Target(D)က သက္ကရာဇ် ၂၀၃၀ ရောက်တဲ့အခါ ဘေးအန္တရာယ်တွေကြောင့် အခြေခံအဆောက်အဦတွေနဲ့ ဝန်ဆောင်မှုတွေ ထိခိုက်ဆုံးရှုံးမှုကို အမြောက်အမြားလျှော့ချနိုင်ဖို့ဖြစ်ပါတယ်။ အဲဒီပန်းတိုင်တွေအတွက် မျှော်မှန်းချက် အချိန်ကာလတစ်ခုအဖြစ် ၂၀၃၀ ပြည့်နှစ်လို့ သတ်မှတ်ထားပေမယ့်လည်း ကျွန်မတို့အနေနဲ့ အမြန်ဆုံးနဲ့ အစောဆုံးဆောင်ရွက်နိုင်လေ၊ အကောင်းဆုံးဖြစ်လေပဲ ဖြစ်ပါတယ်။

"ဘာကြောင့်လဲဆိုရင် ကျွန်မတို့နိုင်ငံမှာ သဘာဝဘေးအန္တရာယ်တွေနဲ့ပတ်သက်ရင် အထိနာခဲ့ဖူးတာ အားလုံးအသိပဲဖြစ်ပါတယ်။ ၂၀၀၈ ခုနှစ် မေလ ၂ ရက်နေ့နဲ့ ၃ ရက်နေ့ တွေမှာ ဖြစ်ပွားခဲ့တဲ့ နာဂစ်မုန်တိုင်းဘေးကြောင့် လူ့အသက်အိုးအိမ်များစွာ ထိခိုက်ဆုံးရှုံးခဲ့ရတဲ့အပြင် ဘေးသင့်ဒေသတွေမှာ နေထိုင်ကြတဲ့ ပြည်သူတွေအနေနဲ့ နာဂစ်မုန်တိုင်းရဲ့ ခါးသီးတဲ့ အကျိုးဆက်တွေကို ယနေ့အချိန်အထိ ခံစားနေကြရဆဲဖြစ်ပါတယ်။

"အာဆီယံဒေသတွင်းမှာ ၂၀၀၄ ခုနှစ် အင်ဒိုနီးရှားငလျင်နဲ့ ဆူနာမီ၊ ၂၀၀၈ ခုနှစ် မြန်မာနိုင်ငံ နာဂစ်မုန်တိုင်းနဲ့ ၂၀၁၃ ခုနှစ် ဖိလစ်ပိုင်နိုင်ငံ ဟိုင်ရန်းတိုင်ဖွန်းမုန်တိုင်းတို့ဟာ ကမ္ဘာ့အဆိုးရွားဆုံး ဘေးအန္တရာယ်တွေစာရင်းမှာ ပါဝင်ခဲ့ပါတယ်။ စီးပွားရေးအရ ဆုံးရှုံးမှုကိုကြည့်ရင် လွန်ခဲ့တဲ့ နှစ်ပေါင်း ၃၀ အတွင်းမှာ အာဆီယံနိုင်ငံတွေအနေနဲ့ သဘာဝဘေးတွေကြောင့် အမေရိကန်ဒေါ်လာ ၁၃၃ ဘီလီယံခန့် ထိခိုက်ဆုံးရှုံးခဲ့ပါတယ်။

"ရာသီဥတုပြောင်းလဲမှုကြောင့် ဥတုနဲ့ဆက်စပ်တဲ့ သဘာဝဘေးတွေက ကြိုတင်ခန့်မှန်းဖို့ ပိုမိုခက်ခဲလာပါတယ်။ သဘာဝဘေးအန္တရာယ်တွေဖြစ်ပွားတဲ့ အကြိမ်အရေအတွက် ပိုမိုများပြားလာသလို ပြင်းအားလည်း ပိုမြင့်မားလာတာ ဖြစ်ပါတယ်။ ဒီထက်ပိုဆိုးတာက သဘာဝဘေးအန္တရာယ်တွေဟာ နယ်စည်းမရှိတဲ့အတွက် တစ်နိုင်ငံမှာဖြစ်တဲ့ ဘေးအန္တရာယ်က တခြားအိမ်နီးချင်းနိုင်ငံတွေအတွက်ပါ စိန်ခေါ်မှုတစ်ရပ်ဖြစ်လာပါတယ်။

### အာရှဒေသမှာ အများဆုံးဖြစ်ပွား

"ကမ္ဘာတစ်ဝန်းလုံး အတိုင်းအတာနဲ့ ကြည့်ရင်လည်း ပြီးခဲ့တဲ့ ၂၀၁၈ ခုနှစ် တစ်နှစ်ထဲမှာ တစ်ကမ္ဘာလုံး သဘာဝဘေးအန္တရာယ် စုစုပေါင်း ၃၉၄ ခု ဖြစ်ပွားခဲ့ပြီး အဲဒီဘေးတွေက အာရှဒေသမှာ အများဆုံးဖြစ်ပွားခဲ့တာ ဖြစ်ပါတယ်။ အဲဒီဘေးတွေကြောင့် လူပေါင်း ၁၀၃၀၀ သေဆုံးခဲ့ပြီး စီးပွားရေးဆုံးရှုံးမှုက အမေရိကန်ဒေါ်လာ ၆၆ ဘီလီယံလောက်ရှိခဲ့ပါတယ်။

"ဒါ့အပြင် ပြီးခဲ့တဲ့နှစ်မှာ ရာသီဥတုဆိုင်ရာ သဘာဝဘေးတွေကြောင့် လူပေါင်း ၁၇ ဒသမ ၂ သန်းခန့်ဟာ မိမိတို့ရဲ့ နေရပ်ဒေသကို စွန့်ခွာခဲ့ကြရပါတယ်။ ဖွံ့ဖြိုးမှုနှေးကွေးတဲ့ နိုင်ငံတွေမှာ သဘာဝဘေးတွေကြောင့် ထိခိုက်ဒဏ်ရာရမှုတွေ၊ နေအိမ်ဆုံးရှုံးမှုတွေ၊ နေရပ်စွန့်ခွာရမှုတွေ၊ အရေးပေါ်အကူအညီလိုအပ်မှုတွေဟာ ဖွံ့ဖြိုးပြီးနိုင်ငံတွေထက် ခြောက်ဆခန့်ပိုပြီးများပြားပါတယ်။ သဘာဝဘေးတွေကြောင့် ဆင်းရဲနွမ်းပါးသူတွေရဲ့ ဘဝတွေဟာ နစ်နာဆုံးရှုံးမှုများစွာနဲ့ နာလန်မထူနိုင်ဖြစ်နေရတာ ဖြစ်ပါတယ်။

### ဘေးအန္တရာယ်တွေကြောင့် ပျက်စီးဆုံးရှုံးသွားနိုင်

"တစ်ဖက်မှာကြည့်ရင်လည်း ကျွန်မတို့အတွက် ဖွံ့ဖြိုးတိုးတက်မှုကိုတည်ဆောက်ဖို့ အချိန်များစွာကြာမြင့်ပါတယ်။ အဲဒီလိုအချိန်ယူပြီး တည်ဆောက်ထားတဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေဟာ မိနစ်ပိုင်း၊ နာရီပိုင်းအတွင်းမှာ ဘေးအန္တရာယ်တွေကြောင့် ပျက်စီးဆုံးရှုံးသွားနိုင်ပါတယ်။ လက်ရှိအချိန်အထိ ငလျင်နဲ့ဆူနာမီဘေးဟာ ကမ္ဘာပေါ်မှာ အဖျက်စွမ်းအား အကြီးမားဆုံး ဘေးအန္တရာယ်များပဲ ဖြစ်ပါတယ်။ သဘာဝဘေးကြောင့် ကမ္ဘာပေါ်ရှိ လူသေဆုံးမှုမှာလည်း ငလျင်ကြောင့် သေဆုံးမှုက အများဆုံးဖြစ်ပြီး မုန်တိုင်းဘေးနဲ့ ရေဘေးတို့ကြောင့် သေဆုံးမှုက ဒုတိယနဲ့ တတိယ အများဆုံးဖြစ်ပါတယ်။

**စာမျက်နှာ ၅ သို့** ☆

☆ စာမျက်နှာ ၄ မှ

"မြန်မာနိုင်ငံမှာ လူဦးရေထူထပ်ပြီး မြို့ပြဖြစ်ထွန်းမှု မြန်ဆန်နေတဲ့ ရန်ကုန်၊ မန္တလေး၊ ပဲခူးနဲ့ နေပြည်တော် စတဲ့ မြို့တွေဟာ ငလျင်ကြောပေါ်မှာတည်ရှိပြီး အားလတ်ဇုန်နဲ့ အားပြင်းဇုန်များအတွင်းမှာ ကျရောက်လျက်ရှိတာကို တွေ့ရှိရပါတယ်။ ဒါကြောင့်လည်း ငလျင်ဘေးအတွက် အသိပညာပေးလုပ်ငန်းတွေ၊ ဇာတ်တိုက်လေ့ကျင့်မှုတွေကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးဖို့ လိုအပ်နေပါတယ်။

"ထိုနည်းတူစွာ လူအများ နိစ္စဓူဝသွားလာနေထိုင်ကြတဲ့ စာသင်ကျောင်းတွေ၊ ဆေးရုံတွေနဲ့ အခြေခံအဆောက်အဦတွေကို ဘေးဒဏ်ကြံ့ကြံ့ခံနိုင်အောင် တည်ဆောက်ပေးဖို့ အရေးကြီးပါတယ်။ ဒီအဆောက်အဦတွေ ဘေးဒဏ်ခံနိုင်မယ်ဆိုရင် အဆောက်အဦအတွင်းမှာရှိတဲ့ လူတွေရဲ့ အသက်ကို ကယ်တင်နိုင်တဲ့အပြင် ဘေးဖြစ်ပြီးချိန်မှာလည်း လုပ်ငန်းတွေ ဆက်လက်လည်ပတ်နိုင်တဲ့အတွက် ထိခိုက်ဒဏ်ရာရသူတွေနဲ့ ဘေးသင့်ပြည်သူတွေကို ဝန်ဆောင်မှုတွေ ဆက်လက်ဆောင်ရွက်ပေးနိုင်မှာ ဖြစ်ပါတယ်။

"ဘေးဒဏ်ခံနိုင်ရည်ရှိတဲ့ ဆောက်လုပ်ရေးနည်းစနစ်တွေကို အများပိုင် အဆောက်အဦတွေမှာ သာမက ပုဂ္ဂလိကပိုင် အဆောက်အဦတွေမှာလည်း အသုံးပြု တည်ဆောက်ကြဖို့ လိုအပ်ပါတယ်။ နှစ်စဉ်ရေကြီးတဲ့ ဒေသတွေမှာ ခြေတံရှည်အိမ် ဆောက်လုပ်တာ၊ နေအိမ်မှာ ထပ်ခိုးနဲ့ ထွက်ပေါက်ထည့်သွင်းတည်ဆောက်တာ၊ လေပြင်းတိုက်ခတ်နိုင်တဲ့ ဒေသတွေမှာ နေအိမ်အမိုးကို ခိုင်ခံ့အောင် ခေါင်ချုပ်တွေ၊ ဝါးကပ်တွေ၊ ကြက်နင်းတွေနဲ့ ဖိအုပ်ထားတာ၊ အကာကို ခိုင်ခံ့တဲ့ဝါး၊ သင်ပေါင်းတိုင်တွေနဲ့ ကျားကန်ပြီး ဆောက်လုပ်တာ၊ အတွင်းမှာလည်း ထုပ်၊ လျောက်၊ ဒိုင်း၊ မြားတွေနဲ့ ခိုင်ခံ့အောင် ပြုလုပ်ထားတာ၊ အိမ်တိုင်တွေကို ကြံ့ခိုင်အောင် ဆောက်လုပ်ထားတာတွေကို အိမ်ထောင်စုအဆင့်က စတင်ပြီး ဆောင်ရွက်ကြဖို့ လိုပါတယ်။

"မကြာသေးမီကပဲ ငလျင်ဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ရေးစီမံချက်ကို အတည်ပြုထားပြီးဖြစ်တဲ့အတွက် သက်ဆိုင်တဲ့ အဖွဲ့အစည်းအားလုံးက ဒီစီမံချက်အတိုင်း လက်တွေ့မှာ အကောင်အထည်ဖော်နိုင်ဖို့လည်း အရေးကြီးပါတယ်။ ဘေးအန္တရာယ်တွေနဲ့စပ်လျဉ်းတဲ့ ကြိုတင်သတိပေးချက်တွေကို သိလျှင်သိချင်း သက်ဆိုင်ရာဒေသမှာရှိတဲ့ အဖွဲ့အစည်းအားလုံးက စနစ်တကျနဲ့ အချိတ်အဆက်မိမိ တုံ့ပြန်ရေးလုပ်ငန်းတွေ စတင်ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ ဒါကြောင့်လည်း ဘေးအန္တရာယ် ရင်ဆိုင်တုံ့ပြန်ရေးအတွက် ရေးဆွဲထားတဲ့ စီမံချက်တွေကို ပြောင်းလဲနေတဲ့ ရာသီဥတုနဲ့အညီ ပြန်လည်သုံးသပ်ကြဖို့နဲ့ စံပြုလုပ်ငန်းစဉ် Standard Operating Procedures (SOPs) တွေကို အဆင့်တိုင်းမှာ ရေးဆွဲထားကြဖို့ မှာကြားလိုပါတယ်။

"ယနေ့ခေတ်မှာ ဒေသအလိုက် ဖြစ်ပွားတတ်တဲ့ ဘေးတွေ ပိုမိုများပြားလာတဲ့အတွက် ဘေးဖြစ်ပွားချိန် သက်ဆိုင်ရာဒေသမှာရှိတဲ့ မီးသတ်တပ်ဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ တပ်မတော်၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း အပါအဝင် အရပ်ဘက်လူမှုရေးအဖွဲ့အစည်းတွေနဲ့ ပြည်သူတွေရဲ့ ထိထိရောက်ရောက် ပူးပေါင်းဆောင်ရွက်နိုင်မှုက အင်မတန်အရေးကြီးပါတယ်။ ဒီအဖွဲ့အစည်းတွေရဲ့ စွမ်းဆောင်ရည် တိုးမြှင့်ပေးနိုင်အောင်လည်း ဆောင်ရွက်ပေးကြရမှာ ဖြစ်ပါတယ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် သဘာဝဘေးစီမံခန့်ခွဲမှုဦးစီးဌာန၏ ဘေးအန္တရာယ်တုံ့ပြန်ခြင်းလုပ်ငန်းများတွင် အသုံးပြုသည့် အသုံးအဆောင်ပစ္စည်းများ ပြခန်းကို လှည့်လည်ကြည့်ရှုစဉ်။

"ကျွန်မ အရင်ကပြောခဲ့သလိုပါပဲ။ သဘာဝဘေးတွေကို မဖြစ်ပါနဲ့လို့ တားဆီးလို့ မရပါဘူး။ ရာသီဥတုပြောင်းလဲမှုကြောင့် သဘာဝဘေးဖြစ်စဉ်တွေက ပုံမှန်လိုဖြစ်လာတဲ့အတွက် ကျွန်မတို့ဘက်က ကြိုတင်ပြင်ဆင်မှုတွေကို အားစိုက်ထုတ်ဆောင်ရွက်ကြဖို့ လိုပါတယ်။ ပြောင်းလဲလာတဲ့ ရာသီဥတု၊ ဘေးဖြစ်စဉ်တွေနဲ့ သဟဇာတဖြစ်တဲ့ နေထိုင်လုပ်ကိုင်မှု ပုံစံတွေကို ပြောင်းလဲဆောင်ရွက်ကြဖို့ လိုပါတယ်။ သဘာဝဘေးတွေကြောင့် ပျက်စီးဆုံးရှုံးမှုတွေကို လေ့လာလိုက်ရင် အိမ်ရာကဏ္ဍ၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍနဲ့ စိုက်ပျိုးမွေးမြူရေးကဏ္ဍတွေမှာ ထိခိုက်ဆုံးရှုံးမှု အများဆုံးဖြစ်တာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။

"ဒါဟာ ဘာကြောင့်လဲဆိုရင် ကျွန်မတို့ရဲ့ အဆောက်အဦတွေက ခိုင်ခံ့မှုအားနည်းလို့ ဖြစ်ရတယ်ဆိုတာ ကောက်ချက်ချနိုင်ပါတယ်။ ခိုင်ခံ့တဲ့ အခြေခံအဆောက်အဦတွေဖြစ်ဖို့ ရင်းနှီးမြှုပ်နှံရတာဟာ အလဟဿ မဖြစ်ဘူးဆိုတာကိုလည်း တာဝန်ရှိသူများ အားလုံးနဲ့ ပုဂ္ဂလိကလုပ်ငန်းရှင်များကပါ သိမြင်သဘောပေါက်ကြဖို့ လိုအပ်ပါတယ်။ ဆောက်လုပ်မှုပုံစံတွေမှာ သာမက အဆောက်အဦတည်ဆောက်ဖို့အတွက် မြို့ပြစီမံကိန်းတွေ ဖော်ထုတ်ရာမှာလည်း အနာဂတ်ဘေးအန္တရာယ် ကျရောက်နိုင်ခြေကို မျှော်တွေးပြီး ဆောင်ရွက်ကြဖို့ လိုအပ်ပါတယ်။

"တစ်ကြိမ်တစ်ခါမှ ဘေးမဖြစ်ခဲ့ဘူးလို့ နောင်လည်း မဖြစ်နိုင်ပါဘူးဆိုပြီး ဒီကနေ့ အချိန်အခါမှာ ပြောလို့မရတော့ပါဘူး။ မနှစ်ကနဲ့ ဒီနှစ်အတွင်း မွန်ပြည်နယ်မှာ ဖြစ်ပွားခဲ့တဲ့ ရေကြီးမှုဘေးနဲ့ နောက်ဆက်တွဲ မြေပြိုမှုဘေး၊ တနင်္သာရီမှာဖြစ်တဲ့ ရေကြီးမှုဘေးတွေက ကျွန်မတို့အတွက် အထင်ရှားဆုံး နမူနာတွေပဲ ဖြစ်ပါတယ်။ ဒါကြောင့် လက်ရှိအချိန်မှာ ဘေးအန္တရာယ် မကြုံတွေ့ရသေးရင်လည်း ရေရှည်ကို မျှော်တွေးပြီး ဘေးဖြစ်လာခဲ့ရင် ဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်တွေကို ကြိုတင်ပြင်ဆင်လုပ်ဆောင်ကြဖို့ လိုအပ်ပါတယ်။ ဥပမာအနေနဲ့ မြို့ပေါ်ဒေသတွေက စာသင်ကျောင်းတွေ၊ ဘောလုံးကွင်းတွေ၊ အပန်းဖြေ အနားယူနိုင်တဲ့ ပန်းခြံတွေနဲ့ အားကစားရုံတွေက ဘေးဖြစ်ပွားချိန်မှာ အရေးပေါ် လူစုဝေးနိုင်မယ့် စုရပ်တွေ၊ ခိုလှုံစရာနေရာတွေအဖြစ် အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။ ဒါတွေကို မြို့ပြစီမံကိန်းထဲမှာ ထည့်သွင်းဆောင်ရွက်ထားမှသာ တကယ်ဘေးဖြစ်ချိန်မှာ အရန်သင့်ရှိနေမှာ ဖြစ်ပါတယ်။

"နောက်ထပ် အရေးကြီးတဲ့အချက်ကတော့ အသစ်တည်ဆောက်တဲ့ အဆောက်အဦတွေကို ဘေးဒဏ်ခံနိုင်ရည်ရှိအောင် တည်ဆောက်ကြဖို့လိုအပ်သလို လက်ရှိအဆောက်အဦတွေကိုလည်း ဘေးအန္တရာယ်ကနေ ထိခိုက်ဆုံးရှုံးမှု လျော့နည်းအောင် ကာကွယ်ကြဖို့ လိုအပ်ပါတယ်။ ကမ္ဘာမှာ သဘာဝဘေးတွေနဲ့ လူဖန်တီးတဲ့ဘေးတွေကြောင့် တန်ဖိုးမဖြတ်နိုင်တဲ့ ယဉ်ကျေးမှုအမွေအနှစ်တွေနဲ့ သဘာဝအမွေအနှစ်တွေ ဆုံးရှုံးနေရတာဟာ အင်မတန်မှ ဝမ်းနည်းစရာကောင်းပါတယ်။ နိုင်ငံနဲ့လူမျိုးရဲ့ ယဉ်ကျေးမှု အဆင့်အတန်းကို ဖော်ပြနိုင်တဲ့ အမွေအနှစ်တွေကို ဘေးအန္တရာယ်တွေကြောင့် မဆုံးရှုံးရအောင်လည်း သမိုင်းဝင်အဆောက်အဦတွေရဲ့ ကြံ့ခိုင်မှုကို အစဉ်တစိုက်ထိန်းသိမ်းကြဖို့ လိုပါတယ်။

"အစောပိုင်းမှာ ကျွန်မပြောခဲ့သလို ဖွံ့ဖြိုးမှုနှောင့်နှေးတဲ့ နိုင်ငံတွေဟာ သဘာဝဘေးအန္တရာယ်ရဲ့ ဒဏ်ကို ပိုမိုခံစားကြရပါတယ်။ နိုင်ငံတစ်နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုက ပြည်သူတွေရဲ့ ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးမှုလျော့ပါးအောင် ဆောင်ရွက်ပေးနိုင်သလို တစ်ဖက်မှာလည်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေကြောင့် ဘေးအန္တရာယ်တွေကို ဖိတ်ခေါ်နေသလိုမျိုးလည်း ဖြစ်တတ်ပါတယ်။

"ကျွန်မတို့အနေနဲ့ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်ပြီး တည်ဆောက်ထားတဲ့ ရေကာတာတွေ၊ ဆည်တွေ ကြံ့ခိုင်မှုမရှိရင်လည်း သဘာဝဘေးအန္တရာယ်တွေရဲ့ နောက်ဆက်တွဲအန္တရာယ် ဖြစ်လာနိုင်ပါတယ်။ ဒါကြောင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်တဲ့ စီမံကိန်းတွေကလည်း ဘေးဒဏ်ခံနိုင်ရည်ရှိဖို့ များစွာအရေးကြီးပါတယ်။

"ဒီကနေ့ကျင်းပတဲ့ အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနေ့ဟာလည်း အခုလိုအရေးကြီးတဲ့ အကြောင်းအရာတွေကို ပြည်သူလူထု အပါအဝင် ဆက်စပ်ပတ်သက်သူအားလုံးက သတိပြုမိစေဖို့ ရည်ရွယ်ပြီး ပြုလုပ်တာဖြစ်တဲ့အတွက် အလေးထားဆောင်ရွက်ပေးကြဖို့ မှာကြားလိုပါတယ်။ သဘာဝဘေးအမျိုးမျိုးကြောင့် ထိခိုက်ဆုံးရှုံးမှုတွေ လျှော့ချနိုင်ဖို့ လူတစ်ဦးချင်း၊ အိမ်ထောင်စုတစ်ခုချင်း အဆင့်ကနေ နိုင်ငံတော်အဆင့်၊ ကမ္ဘာ့အဆင့်ထိ ကြိုတင်ပြင်ဆင်မှု၊ ကြိုတင်ကာကွယ်မှုတွေ တိုးမြှင့်ဆောင်ရွက်ကြဖို့ အရေးတကြီးလိုအပ်နေပြီဖြစ်ပါတယ်။

စာမျက်နှာ ၈ သို့ ★




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ရေးရာကော်မတီအတွင်းရေးမှူးများ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီအဖွဲ့ဝင်များ၊ လူမှုရေးအဖွဲ့အစည်းများမှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ အဖွဲ့ဝင်များနှင့် အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

# MyCO အကြောင်း သိကောင်းစရာများ (၃)

မောင်ညှိကာ

**အများနှင့်သက်ဆိုင်သော ကုမ္ပဏီ**

အများနှင့်သက်ဆိုင်သောကုမ္ပဏီများ (Public Companies) အနေဖြင့် Myanmar Companies Online (MyCO) မှာ အသုံးပြုရမယ့်ပုံစံများကတော့ ပုံစံ – ဆ (G Form) များကို ဝင်ရောက်ကြည့်ရှုကာ မိမိတင်လိုသော အကြောင်းအရာနဲ့ ကိုက်ညီတဲ့ပုံစံကိုရွေးပြီး တင်ပြလို့ရပါတယ်။

**ဥပဒေအရ ပြုစုဆောင်ရွက်ရမည့် အစီရင်ခံစာ**

မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေ ၂၀၁၇ ပုဒ်မ ၁၄၈ (က) အရ ကုမ္ပဏီဖွဲ့စည်းတည်ထောင်သည့်နေ့မှစ၍ ၂၈ ရက်အောက်မနည်း ခြောက်လထက်မများသော ကာလအတွင်း ကုမ္ပဏီတွင်ပါဝင်သူများ၏ အထွေထွေ အစည်းအဝေးတစ်ရပ်ကို ကျင်းပရပါမယ်။ ပုဒ်မ ၁၄၈(ခ) အရ အစည်းအဝေးကျင်းပမည့်နေ့ရက်မတိုင်မီ အနည်းဆုံး ၂၁ ရက်ကြိုတင်၍ အစီရင်ခံစာတစ်စောင်ကိုကုမ္ပဏီတွင် ပါဝင်သူအားလုံးထံသို့ ဖြန့်ဝေရပါမယ်။ ပုဒ်မ ၁၄၈ (ဂ) အရ အစီရင်ခံစာမှာဖော်ပြရန် လိုအပ်တဲ့အချက်အလက်များနဲ့ လိုက်နာဆောင်ရွက်ရမယ့် အချက်အလက်များကို ဖော်ပြထားပြီး အဆိုပါအချက်အလက်များနဲ့ ပြုစုဆောင်ရွက်ထားတဲ့ အစီရင်ခံစာအား ကုမ္ပဏီ၏ ဒါရိုက်တာများအနက်မှ နှစ်ဦးထက်မနည်းသော ဒါရိုက်တာများကဖြစ်စေ၊ ဒါရိုက်တာတစ်ဦးတည်းရှိသော ကုမ္ပဏီတွင် တစ်ဦးတည်းရှိသော ဒါရိုက်တာကဖြစ်စေ၊ ဒါရိုက်တာများကိုယ်စား ဆောင်ရွက်ရန် အခွင့်အာဏာ အပ်နှင်းခြင်းခံရသော ဒါရိုက်တာများ၏ ဥက္ကဋ္ဌကဖြစ်စေ မှန်ကန်ကြောင်း လက်မှတ်ရေးထိုးရမှာဖြစ်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေ ၂၀၁၇ ပုဒ်မ ၁၄၈ အရဥပဒေအရပြုစုဆောင်ရွက်ရမယ့်အစီရင်ခံစာကို အများနှင့်သက်ဆိုင်သောကုမ္ပဏီများ၊ အစုရှယ်ယာမတည်ငွေရင်းရှိသော ခံဝန်ချက်အားဖြင့် တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီအားလုံးသည် MyCO တွင် ပုံစံ ဆ–၁ (G–1) ဖြင့် တင်ရမှာ ဖြစ်ပါတယ်။

**အများနှင့်သက်ဆိုင်သော ကုမ္ပဏီ၏ အလားအလာညွှန်တမ်း (Prospectus)**

အစုရှယ်ယာရှင်များ သို့မဟုတ် အခြားငွေချေးသက်သေခံလက်မှတ်များကို အများပြည်သူသို့ ရောင်းချရန် ကမ်းလှမ်းခြင်းများနှင့်သက်ဆိုင်သော အများနှင့်သက်ဆိုင်သောကုမ္ပဏီသည် မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေ အခန်း(၂၀)ပါ ပြဋ္ဌာန်းချက်အားလုံးကို ဦးစွာလိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေ ၂၀၁၇ ပုဒ်မ ၂၀၂ (က) တွင် ပြဋ္ဌာန်းထားပါတယ်။ အများနှင့်သက်ဆိုင်သော ကုမ္ပဏီ၏ အလားအလာညွှန်တမ်း (Prospectus)ကို မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်သို့ တင်ပြကာ ၎င်းကော်မရှင်၏ အသိအမှတ်ပြုစာမိတ္တူကို မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၂၀၁၇ ပုဒ်မ ၂၀၃ (ခ) နှင့်အညီ MyCO တွင် ပုံစံ ဆ–၂ (G–2) ဖြင့် တင်ပြရပါမယ်။ မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း

**ပြည်ထောင်စုအဆင့် အသင်းအဖွဲ့ ဖွဲ့စည်းတည်ထောင်မည်ဆိုပါက အမိန့်ကြော်ငြာစာ စာပိုဒ် ၃(က–၁) ပါအရ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် နေထိုင်သူ အနည်းဆုံးဒါရိုက်တာ ခုနစ်ဦး ပါဝင်ခြင်း၊ အမိန့်ကြော်ငြာစာ စာပိုဒ် ၃(က–၂) ပါအရ အသင်းအဖွဲ့တွင် နိုင်ငံခြားသားများ ပါဝင်ခြင်း အချက်နှစ်ခုအနက် တစ်ခုခုနှင့် အကျုံးဝင်ရန် လိုအပ်**

ကြီးကြပ်ရေးကော်မရှင်၏ ခွင့်ပြုစာရရှိပြီး မှတ်ပုံတင်အရာရှိထံသို့ တင်ပြပြီးမှသာ အများပြည်သူသို့ အစုရှယ်ယာများ ဖိတ်ခေါ်ရောင်းချလို့ရမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၂၀၁၇ ပုဒ်မ ၂၁၁ (က) အရ အလားအလာညွှန်တမ်းအား ထုတ်ဝေခြင်းမရှိသည့် အများနှင့်သက်ဆိုင်သောကုမ္ပဏီသည် အလားအလာညွှန်တမ်းအစား ရေးသားဖော်ပြချက် (statement in lieu of prospectus) ကို MyCO တွင် ပုံစံ ဆ–၃ (G–3) ဖြင့် တင်ပြရပါမယ်။




တွင် “ဤအခန်းပါ ပြဋ္ဌာန်းချက်နှင့်အညီ စာရင်းစစ်တစ်ဦး နုတ်ထွက်လျှင် (သို့မဟုတ်) အစားထိုးခန့်ထားလျှင် နုတ်ထွက်သည့် သို့မဟုတ် အစားထိုးခန့်အပ်ခံရသည့် စာရင်းစစ်သည် ၎င်း၏တာဝန်များ၊ ကျွမ်းကျင်ပညာရှင်၏ တာဝန်ဝတ္တရားများနှင့် ညီညွတ်စွာ သဘောရိုးဖြင့် သင့်လျော်စွာ ဆောင်ရွက်၍ ကုမ္ပဏီ၏ ငွေရေးကြေးရေးလုပ်ငန်းများနှင့် သက်ဆိုင်သော ရေးသားဖော်ပြချက် (သို့မဟုတ်)အစီရင်ခံစာကို လိုအပ်သည်ဟုထင်မြင်လျှင် ပြုလုပ်နိုင်သည်။ ဒါရိုက်တာများသည် အဆိုပါအစီရင်ခံစာကို လက်ခံရရှိသည့်နေ့မှ ၂၈ ရက်အတွင်း ကုမ္ပဏီတွင်ပါဝင်သူများထံသို့ ပေးပို့ရမည့်အပြင် မှတ်ပုံတင်အရာရှိထံသို့ တင်ပြရမည်။ ဒါရိုက်တာများသည် လိုအပ်သည်ဟုထင်မြင်ပါက စာရင်းစစ်က တင်ပြလာသည့်အစီရင်ခံစာအပေါ်တွင် သဘောထားမှတ်ချက် ရေးသားနိုင်သည်” ဟု ပြဋ္ဌာန်းထားပါတယ်။ ဒါကြောင့် နုတ်ထွက်ခြင်း (သို့မဟုတ်) အစားထိုးခန့်အပ်ခြင်းအပေါ် စာရင်းစစ်အစီရင်ခံစာကို MyCO တွင် ပုံစံ ဆ–၆ (G–6) ဖြင့် တင်ပြရပါမယ်။

အများနှင့်သက်ဆိုင်သော ကုမ္ပဏီများအတွက် သတ်မှတ်ချက်များကို ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၏ အမိန့်ကြော်ငြာစာ အမှတ် ၅၉/၂၀၁၈ ဖြင့် ထုတ်ပြန်ထားပြီး ဖြစ်ပါတယ်။

**နိုင်ငံတော်၏ပြင်ပတွင် ဖွဲ့စည်းတည်ထောင်ထားသည့် ကော်ပိုရေးရှင်း၏ အလားအလာညွှန်တမ်း (Prospectus by corporation incorporated outside the Union)**

နိုင်ငံတော်၏ ပြင်ပတွင် ဖွဲ့စည်းတည်ထောင်ထားသည့် ကော်ပိုရေးရှင်းသည်လည်း မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေ ၂၀၁၇ ပုဒ်မ ၂၂၅ နှင့်အညီပြုစုထားသည့် ကုမ္ပဏီ၏ အလားအလာညွှန်တမ်း (Prospectus) ကို မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်သို့ တင်ပြကာ ၎င်းကော်မရှင်၏ အသိအမှတ်ပြုစာမိတ္တူကို မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေ ၂၀၁၇ ပုဒ်မ ၂၂၃ (က) နှင့်အညီ MyCO တွင် ပုံစံ ဆ–၇ (G–7) ဖြင့် တင်ပြမှတ်ပုံတင်ရပါမယ်။

**စီးပွားရေးလုပ်ငန်း စတင်လုပ်ကိုင်ဆောင်ရွက်ကြောင်း အထောက်အထားလက်မှတ် (certificate of commencement of business of public company)**

အများနှင့်မသက်ဆိုင်သောကုမ္ပဏီမှ အများနှင့်သက်ဆိုင်သောကုမ္ပဏီသို့ ပြောင်းသွားသောကုမ္ပဏီများသည် အများနှင့်မသက်ဆိုင်သောကုမ္ပဏီတည်ထောင်ပြီးကတည်းက လုပ်ငန်းဆောင်ရွက်နေသောကြောင့် စီးပွားရေးလုပ်ငန်း စတင်လုပ်ကိုင်ဆောင်ရွက်ကြောင်း အထောက်အထားလက်မှတ် (Business Commencement Certificate for public companies) တောင်းခံရန်မလိုပါ။ စီးပွားရေးလုပ်ငန်း စတင်လုပ်ကိုင်ဆောင်ရွက်ကြောင်း အထောက်အထားလက်မှတ် မရရှိသေးသော အများနှင့်သက်ဆိုင်သောကုမ္ပဏီများအနေဖြင့် မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေ ၂၀၁၇ ပုဒ်မ ၂၁၈ (က) နှင့်အညီ ဆောင်ရွက်ရန်လိုအပ်ပြီး MyCO တွင် ပုံစံ ဆ–၄ (G–4) တင်ပြခြင်းဖြင့် System မှ Auto approved ပြုလုပ်မှာဖြစ်ပါတယ်။ စီးပွားရေး စတင်ဆောင်ရွက်ခွင့်လက်မှတ် (Certificate of Commencement for public companies) ကို မိမိကုမ္ပဏီ profile ၏ စာရွက်စာတမ်းများ (Documents) အောက်တွင် download ရယူနိုင်ပါတယ်။

**အများနှင့်သက်ဆိုင်သော ကုမ္ပဏီ၏ ဘဏ္ဍာရေးဆိုင်ရာရှင်းတမ်းများ**

အများနှင့်သက်ဆိုင်သော ကုမ္ပဏီ၏ ဘဏ္ဍာရေးဆိုင်ရာရှင်းတမ်းများကို မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေ ၂၀၁၇ ပုဒ်မ ၂၆၆ နှင့် အညီ MyCO တွင် ပုံစံ ဆ– ၅ (G–5) ဖြင့် တင်ပြရပါမယ်။ (ဤပုံစံ ဆ– ၅ ကို ကုမ္ပဏီ၏ နှစ်စဉ်အစီရင်ခံစာနှင့် တစ်ပြိုင်တည်း တင်ပြရပါမယ်။)

**နုတ်ထွက်ခြင်း သို့မဟုတ် အစားထိုးခန့်အပ်ခြင်းအပေါ် စာရင်းစစ်အစီရင်ခံစာ**

မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေ ၂၀၁၇ ပုဒ်မ ၂၈၀ (င)

**ခံဝန်ချက်အားဖြင့် တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီ**

ကုမ္ပဏီတစ်ခုတွင် ပါဝင်သူများက ကုမ္ပဏီအား စာရင်းရှင်းလင်း ဖျက်သိမ်းသည့်အခါတွင် သတ်မှတ်ထားသော ငွေပမာဏထက် မကျော်လွန်ဘဲ ပေးချေရန်အတွက် ကုမ္ပဏီ၏ရရန်ပိုင်ခွင့်တွင် ထည့်ဝင်ရန် တာဝန်ယူကြောင်း (သို့မဟုတ်) တစ်နှစ်အတွင်း ကုမ္ပဏီ၏ပါဝင်သူအဖြစ်မှ ရပ်စဲခြင်းမပြုမီက အကြွေးများပေးရန် တာဝန်ယူကြောင်း နှင့် ကုမ္ပဏီအမည်၏ နောက်ဆုံးတွင် “ခံဝန်ချက်အားဖြင့် တာဝန်ကန့်သတ်ထားသော” ဟု ဖော်ပြလျက် ဖွဲ့စည်းမှတ်ပုံတင်ခွင့်ပြုခြင်းဖြစ်ပါတယ်။ အဆိုပါ ကုမ္ပဏီများသည် အများနှင့် မသက်ဆိုင်သည့် ကုမ္ပဏီများနှင့်ဆင်တူပြီး အစုရှယ်ယာထည့်ဝင်၍သော်လည်းကောင်း၊ အာမခံငွေပမာဏ ထည့်ဝင်၍ သော်လည်းကောင်း ဖွဲ့စည်းမှတ်ပုံတင်ရမည် ဖြစ်ပြီး ထည့်ဝင်ရမည့် ငွေပမာဏ ခံဝန်ချက်ကို ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် ထည့်သွင်းသတ်မှတ်ရမှာ ဖြစ်ပါတယ်။

**စီးပွားရေးအသင်းအဖွဲ့ ဖွဲ့စည်းတည်ထောင်ခြင်း(Business Association)**

မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေ ၂၀၁၇ ပုဒ်မ ၄၂ (က)၊ “တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီတစ်ခုအဖြစ် တည်ထောင်နိုင်သော အသင်းအဖွဲ့တစ်ခုသည် စီးပွားရေးလုပ်ငန်းများကို အထောက်အကူပြုရန် (သို့မဟုတ်) အခြားသော စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ချက်အတွက် တည်ထောင်ခဲ့ကြောင်း (သို့မဟုတ်) တည်ထောင်ရန် ဆောင်ရွက်ခဲ့ကြောင်း၊ ယင်း၏ အကျိုးအမြတ် (ရှိခဲ့လျှင်) သို့မဟုတ် ယင်း၏ ရည်ရွယ်ချက်များကို မြှင့်တင်ဆောင်ရွက်ရာမှ ရရှိခဲ့သောအခြားဝင်ငွေများကို အသုံးပြုကြောင်း (သို့မဟုတ်) အသုံးပြုရန် ရည်ရွယ်ကြောင်းနှင့် ယင်းအဖွဲ့အစည်းတွင် ပါဝင်သူများသို့ အကျိုးအမြတ် တစ်စုံတစ်ရာ ခွဲဝေပေးခြင်းကို တားမြစ်ထားကြောင်း မှတ်ပုံတင်အရာရှိက ကျေနပ်လက်ခံစေရန် တင်ပြနိုင်လျှင် ယင်း၏အမည်တွင် “တရားဝင်တည်ထောင်ထားသော”ဟူသည့် စကားရပ်ဖြည့်စွက်၍ လိုင်စင်ပေးအပ်ခြင်းဖြင့် အဆိုပါအသင်းအား မှတ်ပုံတင်ခွင့်ပြုနိုင်သည်” ဟု ပြဋ္ဌာန်းထားပါတယ်။ ဖွဲ့စည်းတည်ထောင်လိုသည့် အသင်းအဖွဲ့၏ နောက်ဆုံးတွင် “တရားဝင် တည်ထောင်ထားသောအသင်း” သို့မဟုတ် “Incorporated” ပါဝင်ရမှာကိုဆိုလိုခြင်း ဖြစ်ပါတယ်။

စီးပွားရေးလုပ်လိုသော လုပ်ငန်းရည်ရွယ်ချက်ရှိသည့် အသင်းအဖွဲ့များကိုသာ ဖွဲ့စည်းတည်ထောင်ပေးခြင်းဖြစ်ပြီး Myanmar Companies Online (MyCO) တွင် လူမှုရေးအသင်းအဖွဲ့များ ဖွဲ့စည်းတည်ထောင်လို့မရပါ။

**စီးပွားရေးအသင်းအဖွဲ့၏ အဆင့်သတ်မှတ်ချက်**

သက်ဆိုင်ရာကဏ္ဍအလိုက် စီးပွားရေးလုပ်ငန်းရှင်များ စုပေါင်း၍ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်၊ အထောက်အကူပြုရန် ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းဆောင်ရွက်လိုသည့် အသင်းများအနေဖြင့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် (၅၈/၂၀၁၈) အရ ပြည်ထောင်စုအဆင့် (Union Level)၊ ပြည်နယ်/တိုင်းဒေသကြီး ကိုယ်စားပြုအဆင့် (State/Region Level)၊ ခရိုင်ကိုယ်စားပြုအဆင့် (District Level) နှင့် မြို့နယ်ကိုယ်စားပြုအဆင့် (Township Level) ဟူ၍ အဆင့်လေးဆင့်အနက် သင့်လျော်သည့်အဆင့် အသင်းအဖွဲ့များအဖြစ် ဖွဲ့စည်းခွင့် တင်ပြနိုင်ပါတယ်။

စီးပွားရေးလုပ်ငန်းအသင်းအဖွဲ့များအတွက် သတ်မှတ်ချက်များကို ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် ၅၈/၂၀၁၈ ဖြင့် ထုတ်ပြန်ထားပါတယ်။ ပြည်ထောင်စုအဆင့် အသင်းအဖွဲ့ ဖွဲ့စည်းတည်ထောင်မည်ဆိုပါက အမိန့်ကြော်ငြာစာ စာပိုဒ် ၃(က–၁) ပါအရ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်နေထိုင်သူ အနည်းဆုံးဒါရိုက်တာ ခုနစ်ဦး ပါဝင်ခြင်း၊ အမိန့်ကြော်ငြာစာ စာပိုဒ် ၃(က–၂) ပါအရ အသင်းအဖွဲ့တွင် နိုင်ငံခြားသားများပါဝင်ခြင်း အချက်နှစ်ခုအနက် တစ်ခုခုနှင့် အကျုံးဝင်ရန် လိုအပ်ပါတယ်။ ပြည်ထောင်စုအဆင့် အသင်းအဖွဲ့မှလွဲ၍ ကျန်သည့်အသင်းအဖွဲ့များသည် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့၏ သဘောထားမှတ်ချက်နှင့်အညီ ဖွဲ့စည်းတည်ထောင်ရပါမယ်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်၊ ခရိုင်အဆင့်နှင့် မြို့နယ်အဆင့်အသင်းအဖွဲ့များအနေဖြင့် သက်ဆိုင်ရာ တိုင်း/ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်တို့တွင်နေထိုင်သူ အများစု ပါဝင်ဖွဲ့စည်းရန် ဖြစ်ပါတယ်။ နှစ်စဉ်အစီရင်ခံစာပေးပို့ တင်ပြရာတွင် အစီရင်ခံစာနှင့်အတူ အစီရင်ခံစာ ပေးပို့ချိန်တွင်ရှိသည့် အသင်းဝင်များစာရင်းကို ပူးတွဲတင်ပြရမှာ ဖြစ်ပါတယ်။ မည်သည့်အဆင့်အသင်းဖြစ်စေကာမူ အသင်းနှင့်လိုက်လျောညီထွေမှုရှိသည့် ကိုယ်ပိုင်ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းတစ်ရပ် ရေးဆွဲတင်ပြရန်နှင့် မှတ်ပုံတင်ကြေးမှာ မည်သည့်အဆင့်အသင်းမဆို မြန်မာကျပ်ငွေ ငါးသိန်း(၅၀၀၀၀၀) ဖြစ်ပါတယ်။ ။

# နီပေါဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စစ် ဘီဒီယာ ဒေဗီ ဘန်ဒါရီ ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ပြင်ဦးလွင်နှင့် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ သွားရောက်လေ့လာ

**နေပြည်တော် အောက်တိုဘာ ၁၈** မြန်မာနိုင်ငံ၌ တရားဝင်ချစ်ကြည်ရေးခရီး ရောက်ရှိနေသော နီပေါဖက်ဒရယ်ဒီမိုကရက်တစ် သမ္မတနိုင်ငံသမ္မတ မစ္စစ် ဘီဒီယာ ဒေဗီ ဘန်ဒါရီ ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့သည် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် ပြင်ဦးလွင် မြို့သို့ သွားရောက်လေ့လာပြီး ကမ္ဘာ့အမွေ အနှစ်ဒေသအဖြစ် ယူနက်စကိုမှ အသိအမှတ်ပြု ခံရသည့် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ရှိ ရှေးဟောင်းစေတီပုထိုးများအား ဖူးမြော် ကြည်ညိုသည်။

**ကြိုဆိုနှုတ်ဆက်**

နီပေါဖက်ဒရယ်ဒီမိုကရက်တစ် သမ္မတ နိုင်ငံသမ္မတ မစ္စစ် ဘီဒီယာ ဒေဗီ ဘန်ဒါရီနှင့် အဖွဲ့သည် နံနက်ပိုင်းတွင် အထူးလေယာဉ်ဖြင့် နေပြည်တော်မှ ပြင်ဦးလွင်မြို့သို့ ရောက်ရှိကြ ရာ မန္တလေးတိုင်းဒေသကြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးမျိုးသစ်နှင့် တာဝန်ရှိသူများက အနီးစခန်း လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နီပေါနိုင်ငံသမ္မတသည် အဖွဲ့ဝင် များနှင့်အတူ ပြင်ဦးလွင်မြို့ရှိ ရှိရိဒူရ်ဂါဒေဝီ ဘုရားကျောင်းသို့သွားရောက်၍ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ပြီး ဘုရားကျောင်းဝင်း အတွင်း လှည့်လည်ဖူးမြော်ကြည်ညို၍ ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ် ရေးထိုးသည်။

ယင်းနောက် နီပေါနိုင်ငံသမ္မတသည် ပြင်ဦးလွင်မြို့ရှိ မြို့တော်ခန်းမ၌ နီပေါနွယ်ဖွား မြန်မာနိုင်ငံသားများနှင့် တွေ့ဆုံသည်။

**ကြည့်ရှုလေ့လာ**

ထိုမှတစ်ဆင့် နီပေါနိုင်ငံသမ္မတသည် အဖွဲ့ဝင်များနှင့်အတူ ပြင်ဦးလွင်မြို့အမျိုးသား ကန်တော်ကြီးဥယျာဉ်ရှိ ဇီဝအသိုက်အဝန်း၊ ရှားပါးသစ်ပင်နှင့် တိရစ္ဆာန်မျိုးစိတ်များ ထိန်းသိမ်းထားမှုကို လှည့်လည်ကြည့်ရှု လေ့လာသည်။

ထို့နောက် နီပေါနိုင်ငံသမ္မတသည် ပြင်ဦး လွင်မြို့ရှိ Taj Restaurant ၌ မြန်မာနိုင်ငံလုံး ဆိုင်ရာ ဂေါ်ရခါးဟိန္ဒူဓမ္မအဖွဲ့ချုပ်က တည်ခင်း ဧည့်ခံသည့် ဂုဏ်ပြုနေ့လယ်စာစားပွဲသို့ တက်ရောက်သည်။

မွန်းလွဲပိုင်းတွင် နီပေါနိုင်ငံသမ္မတနှင့် အဖွဲ့သည် အထူးလေယာဉ်ဖြင့် ပြင်ဦးလွင်မြို့မှ ညောင်ဦးမြို့သို့ရောက်ရှိရာ မန္တလေးတိုင်းဒေသ ကြီး ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစိုင်းပန်းဆိုင်နှင့် တာဝန်ရှိသူများက ညောင်ဦးလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နီပေါနိုင်ငံသမ္မတသည် ကမ္ဘာ့ အမွေအနှစ်စာရင်းဝင် ပုဂံရှေးဟောင်းယဉ်ကျေး မှုနယ်မြေရှိ အာနန္ဒာဘုရားသို့ သွားရောက်၍ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ပြီး အဆိုပါဘုရားရှိ ရှေးဟောင်းယဉ်ကျေးမှုအမွေ အနှစ်များကို လေ့လာကြည့်ရှုကာ ဧည့်သည် တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

ယင်းနောက် နီပေါနိုင်ငံသမ္မတနှင့်အဖွဲ့ သည် သဗ္ဗညုဘုရား၊ အလိုတော်ပြည့်ဘုရား နှင့် ရွှေစည်းခုံဘုရားတို့ကို မော်တော်ယာဉ်များ ဖြင့် လှည့်လည်ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် နီပေါနိုင်ငံသမ္မတနှင့်အဖွဲ့သည် ညောင်ဦးမြို့မှ ရန်ကုန်မြို့သို့ ညနေပိုင်းတွင် ရောက်ရှိရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တာဝန်ရှိသူများက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆို နှုတ်ဆက်ကြသည်။

ညပိုင်းတွင် နီပေါနိုင်ငံသမ္မတသည် မြန်မာ နိုင်ငံဆိုင်ရာ နီပေါနိုင်ငံသံအမတ်ကြီး မစ္စတာ ဘင်းကေအူးဒက်စ်၏ နေအိမ်၌ တည့်ခင်းဧည့်ခံ သည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်သည်။

**သတင်းစဉ်**



နီပေါဖက်ဒရယ်ဒီမိုကရက်တစ် သမ္မတနိုင်ငံ သမ္မတ မစ္စစ် ဘီဒီယာ ဒေဗီ ဘန်ဒါရီ ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ အာနန္ဒာဘုရားတွင် ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်စဉ်။



နီပေါဖက်ဒရယ်ဒီမိုကရက်တစ် သမ္မတနိုင်ငံ သမ္မတ မစ္စစ် ဘီဒီယာ ဒေဗီ ဘန်ဒါရီ ပြင်ဦးလွင်မြို့အမျိုးသားကန်တော်ကြီးဥယျာဉ်ရှိ ရှားပါးသစ်ပင်မျိုးစိတ်များ ထိန်းသိမ်းထားမှုကို လှည့်လည်ကြည့်ရှုလေ့လာစဉ်။





နီပေါဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံသမ္မတ မစ္စစ် ဘီဒီယာ ဒေဗီ ဘန်ဒါရီအား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြစဉ်။

★ စာမျက်နှာ ၅ မှ

"နိဂုံးချုပ်အနေနဲ့ ပြောချင်တာကတော့ ကျွန်မတို့ မြန်မာဘာသာစကားမှာ ခိုင်ခံ့တယ်ဆိုတဲ့ စကားလုံးက ကောင်းမွန်တဲ့ ပြယုဂ်ပဲဖြစ်ပါတယ်။ ဒါကြောင့် ဒီကနေ့ အခမ်းအနားကနေ **"ဘာပဲဆောက်ဆောက် ခိုင်အောင်ဆောက်ပေးကြပါ။ ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးမှု လျှော့ချပေးနိုင်အောင်ဆိုတဲ့ အသိအမြင်လေးနဲ့ တည်ဆောက်ပေးကြပါ"**လို့ တိုက်တွန်းချင်ပါတယ်။

"မကြာခင်က ဂျပန်နိုင်ငံမှာ ရင်ဆိုင်ခဲ့ရတဲ့ သဘာဝဘေးအန္တရာယ်ဟာ တစ်ကမ္ဘာလုံးအတွက် သင်ခန်းစာယူစရာလည်း ဖြစ်ပါတယ်။ ဂျပန်နိုင်ငံဟာ ဆိုရင် သဘာဝဘေးအန္တရာယ်တွေကို ရင်ဆိုင်တဲ့နေရာမှာ ထိပ်တန်းကနေ ပြေးနေတဲ့ နိုင်ငံတစ်ခုဖြစ်ပါတယ်။ ကျွန်မတို့ဟာ ဘယ်နေရာမှာပဲဖြစ်ဖြစ်၊ တစ်ကမ္ဘာလုံးမှာ ဘယ်လိုပဲဖြစ်ဖြစ် သဘာဝဘေးအန္တရာယ်တွေ ကျရောက်ပြီဆိုရင် ကရုဏာမေတ္တာနဲ့ တတ်နိုင်တဲ့ဘက်ကနေ ဝိုင်းဝန်းပြီး ကူညီပံ့ပိုးချင်တဲ့ စိတ်တွေမွေးကြပါလို့ ကျွန်မဒီနေရာကနေ မေတ္တာရပ်ခံရင်း နိဂုံးချုပ်အပ်ပါတယ်" ဟု ပြောကြားသည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အခမ်းအနားသို့ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ထံမှ ပေးပို့သည့် သဝဏ်လွှာကို ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးမှူးရုံး (UNOCHA)မှ ဌာနေကိုယ်စားလှယ် Ms. Marine Spaak က ဖတ်ကြားသည်။

ယင်းနောက် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့အထိမ်းအမှတ် ဗီဒီယိုမှတ်တမ်းကို ပြသသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ခန်းမအပြင်ဘက်တွင် ခင်းကျင်းပြသထားသည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးခြင်းနှင့် ကူညီကယ်ဆယ်ရေးဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများ၊ သဘာဝဘေးစီမံခန့်ခွဲမှုဦးစီးဌာနနှင့် မီးသတ်ဦးစီးဌာနတို့၏ ဘေးအန္တရာယ်တုံ့ပြန်ခြင်းလုပ်ငန်းများတွင် အသုံးပြုသည့် အသုံးအဆောင်ပစ္စည်းများ ပြခန်းတို့ကို လှည့်လည်ကြည့်ရှုသည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ်စကားဝိုင်းဆွေးနွေးပွဲကို ဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ အကြံပေးအဖွဲ့က ဦးဆောင်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းတို့မှ ကိုယ်စားလှယ်များနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) မှ Project Officer Mr . Hung Ling တို့က ဘေးဒဏ်ခံနိုင်ရည်ရှိသော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ ကလေးပျော်စာသင်ကျောင်းများနှင့် အဆောက်အဦများ ဖော်ဆောင်ရေး၊ ဘေးသင့်ဒေသများ အမြန်ပြန်လည်ထူထောင်နိုင်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် နိုင်ငံခြားရေးဝန်ကြီးဌာန၊ နိုင်ငံရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ကို ကို ယင်းဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

**သတင်းစဉ်**

# ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်တွင် သင်တန်းဆင်းပွဲ၊ ဆုပေးပွဲနှင့် အလုပ်ခန့်အပ်လွှာပေးအပ်ပွဲ ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်ရှိ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမတွင် မဟာပညာရေးဘွဲ့(၂)နှစ်သင်တန်း အမှတ်စဉ်(၁၇)၊ ပညာရေးဘွဲ့(၅)နှစ်သင်တန်း အမှတ်စဉ်(၃) နှင့် ဆရာအတတ်ပညာဒီပလိုမာသင်တန်း အမှတ်စဉ် (၉)တို့၏ သင်တန်းဆင်းပွဲ၊ ဆုပေးပွဲနှင့် အလုပ်ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ကျင်းပခဲ့သည်။





### တည်ထောင်ဖွင့်လှစ်

ရှေးဦးစွာ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်က နိုင်ငံတော်အစိုးရသည် တိုင်းရင်းသားများ၏ ဖွံ့ဖြိုးတိုးတက်ရေးကို အစဉ်ရှေးရှုပြီး တိုင်းရင်းသားများ၏ လူမှုစီးပွားဘဝတိုးတက်ကောင်းမွန်လာစေရေးအတွက် ကောင်းမြတ်သည့် ရည်ရွယ်ချက်များဖြင့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ကို တည်ထောင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပါကြောင်း၊ စတင်ဖွင့်လှစ်ခဲ့သည့်အချိန်မှ ယနေ့အထိ မဟာပညာရေးဘွဲ့ ၁၁၈ ဦး၊ မဟာဒဿနဘွဲ့ ၃၅ ဦး၊ ပညာရေးဘွဲ့ ၄၁၀၉ ဦး၊ ဆရာအတတ်ပညာဒီပလိုမာ ၈၅၉ ဦး၊ အလယ်တန်းဆရာအတတ်သင် ၉၅၆ ဦး၊ မူလတန်းဆရာအတတ်သင် ၇၁၆၂ ဦး၊ အထူးမူလတန်းဆရာအတတ်သင် ၄၆၁ ဦး စုစုပေါင်း ၁၃၇၀၀ ကို မွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ပါကြောင်း။

### ချိတ်ဆက်ဆောင်ရွက်

ယနေ့အချိန်သည် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း(၂၀၁၆-၂၀၂၁) အကောင်အထည်ဖော်နေသည့် (၅)နှစ်တာကာလဖြစ်ပြီး အဆိုပါစီမံကိန်းကို စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင် (Sustainable Development Goal-SDG)နှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိပါကြောင်း။

သင်တန်းဆင်းမောင်မယ်တို့အနေဖြင့် နိုင်ငံ့ဝန်ထမ်း ဆရာ၊ ဆရာမများအဖြစ် တာဝန်ထမ်းဆောင်ကြတော့မည်ဖြစ်သဖြင့် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများအတိုင်း တိတိကျကျ လိုက်နာဆောင်ရွက်ရန်နှင့် လုပ်ငန်းစွမ်းဆောင်ရည်အပြည့်ဖြင့် မြင့်မားသောစိတ်ဓာတ်၊ မှန်ကန်သော ခံယူချက်၊ မြဲမြံသော အကျင့်စာရိတ္တများကို လက်ကိုင်ပြုပြီး နိုင်ငံတော်၏တာဝန်များကို စွမ်းစွမ်းတမံ ထမ်းရွက်သွားကြစေလိုပါကြောင်း၊ ပညာရေးဝန်ကြီးဌာနက ချမှတ်ထားသော မူဝါဒများနှင့်အညီ တိုင်းရင်းသားလူငယ်များကို နိုင်ငံ့သားကောင်းများ ဖြစ်လာအောင် လေ့ကျင့်ပြုစုပျိုးထောင်ပေးကြရန်နှင့် မိမိတို့၏ကိုယ်ပိုင်အရည်အချင်း၊ အရည်အသွေးများကို ပိုမိုမြင့်မားလာအောင်လည်း စဉ်ဆက်မပြတ် လေ့လာဆည်းပူးသွားကြရန် ဖြစ်ပါကြောင်း၊ မိမိတို့တာဝန်ကျရာဒေသတွင် ဒေသခံပြည်သူများနှင့် ကျောင်းသားလူငယ်များကို မှန်ကန်သောခံယူချက်၊ ယုံကြည်ချက်ဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားလာအောင် စည်းရုံးဆောင်ရွက်ပေးကြစေလိုပါကြောင်း၊ နိုင်ငံတော်အနေဖြင့် မူးယစ်ဆေးဝါးပြဿနာကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ကျောင်းသားလူငယ်များနှင့် ဒေသခံပြည်သူလူထုများကိုလည်း မူးယစ်ဆေးဝါးကင်းစင်သူများ၊ မူးယစ်ကင်းစင်ဒေသများဖြစ်အောင် ဝိုင်းဝန်းဆောင်ရွက်ပေးကြရန် မှာကြားလိုပါကြောင်း။

နိုင်ငံတော်နှင့် ပညာရပ်များ သင်ကြားပေးခဲ့သည့် အမိတက္ကသိုလ်ကြီးကို ကျေးဇူးဆပ်သောအားဖြင့် နယ်စပ်ဒေသတိုင်းရင်းသားများ၏ လူ့စွမ်းအားအရင်းအမြစ်နှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် အစွမ်းကုန်ကြိုးစားဆောင်ရွက်ကြစေလိုပါကြောင်း၊ အလားတူ နိုင်ငံတော်က ကြိုးပမ်းဆောင်ရွက်နေသော တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ကျရာနေရာမှ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုပါကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျသော ပညာရေးကဏ္ဍ တိုးတက်မြင့်မားစေရေး မိမိတို့ထမ်းဆောင်ရမည့် တာဝန်ဝတ္တရားများကို စေတနာထားပြီး တာဝန်သိမှု၊ တာဝန်ခံမှု၊ တာဝန်ယူမှုများဖြင့် တာဝန်ကျေပွန်အောင် ထမ်းဆောင်ကြစေလိုပါကြောင်း ပြောကြားသည်။

### ပေးအပ်ချီးမြှင့်

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် ဒုတိယဝန်ကြီးဗိုလ်ချုပ်သန်းထွဋ်တို့က စံပြထူးချွန်ဆုရရှိသူများနှင့် ထူးချွန်ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ခဲ့ပြီး ဆရာကြီးဒေါက်တာသန်းဦး (ပညာထူးချွန်ဆု)ရရှိသူကို ဒေါက်တာသန်းဦးကိုယ်စား ပါမောက္ခချုပ် ဦးမြဝင်းက ရွှေတံဆိပ်ဆု ပေးအပ်ချီးမြှင့်ခဲ့သည်။

ယင်းနောက် ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ပြည်နယ်နှင့် တိုင်းဒေသကြီးတို့မှ ကိုယ်စားလှယ်များက ပညာရေးဘွဲ့(၅)နှစ်သင်တန်း အမှတ်စဉ်(၃)တွင် တက်ရောက်အောင်မြင်ခဲ့သူ ၂၆၇ ဦးတို့အား အလုပ်ခန့်အပ်လွှာများ ပေးအပ်သည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်သည် သင်တန်းဆင်း ကျောင်းသား ကျောင်းသူများနှင့် မိဘများကို ခင်မင်ရင်းနှီးစွာ နှုတ်ဆက်ပြီး ဘွဲ့နှင်းသဘင်ဧည့်ခန်း၌ စံပြထူးချွန်ဆု၊ ထူးချွန်ဆုရရှိသူများနှင့် မိဘများအား တွေ့ဆုံအားပေးစကား ပြောကြားသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များသည် သင်တန်းဆင်း ကျောင်းသားကျောင်းသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

### တည်ခင်းဧည့်ခံ

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်နှင့် ဇနီး ဒေါ်ခိုင်မေကြူတို့က ဧည့်သည်တော်များ၊ သင်တန်းဆင်း သင်တန်းသားသင်တန်းသူများနှင့် မိဘများအား ဘွဲ့နှင်းသဘင်ခန်းမမြက်ခင်းပြင်တွင် ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်၌ ယနေ့ကျင်းပသော သင်တန်းဆင်းပွဲနှင့် အလုပ်ခန့်အပ်လွှာပေးအပ်ပွဲတွင် မဟာပညာရေးဘွဲ့ (၂)နှစ်သင်တန်း အမှတ်စဉ်(၁၇)မှ သင်တန်းသား၊ သင်တန်းသူ ၁၂ ဦး၊ ပညာရေးဘွဲ့(၅) နှစ်သင်တန်း အမှတ်စဉ်(၃)မှ သင်တန်းသား၊ သင်တန်းသူ ၂၆၇ ဦးနှင့် ဆရာအတတ်ပညာ ဒီပလိုမာသင်တန်းအမှတ်စဉ်(၉)မှ သင်တန်းသား၊ သင်တန်းသူ ၁၁၇ ဦး၊ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများမှ တိုင်းရင်းသားလူငယ် စုစုပေါင်း ၃၉၆ ဦး တက်ရောက်အောင်မြင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အရှေ့တောင်အာရှနိုင်ငံများတွင် အဖြစ်များသည့် မျိုးရိုးဗီဇဆိုင်ရာရောဂါများကို နည်းပညာဖြင့် ကာကွယ်ကုသရေးအလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၈**

အရှေ့တောင်အာရှနိုင်ငံများတွင် အဖြစ်များသည့် မျိုးရိုးဗီဇဆိုင်ရာရောဂါများကို နည်းပညာဖြင့် ကာကွယ်ကုသရေး အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်)၌ ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်) ဆေးရုံအုပ်ကြီး ပါမောက္ခဒေါက်တာခင်ပြုံးကြည်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ ပထမအတွင်းဝန် Mr. Su Zhe၊ သားဖွားနှင့် မီးယပ်ပညာဌာန ပါမောက္ခဌာနမှူး ပါမောက္ခဒေါက်တာနွယ်မာထွန်းနှင့် ဟိုင်နန်ဆေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် Prof. Yuanhua Huang တို့က အမှာစကားပြောကြားကြသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲကို ဆေးတက္ကသိုလ် (၁) ရန်ကုန်၊ ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်)၊ ဟိုင်နန်ဆေးတက္ကသိုလ် ဆေးရုံနှင့် The Chinese University of Hong Kong တို့ ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး မျိုးရိုးဗီဇဆိုင်ရာသွေးရောဂါကို ဖန်ပြွန်သန္ဓေသားနည်းပညာဖြင့် ကာကွယ်ကုသပေးခြင်းကို အဓိကထား၍ အောက်တိုဘာ ၃၁ ရက်အထိ ဆွေးနွေးသွားမည်ဖြစ်သည်။

**ရီရီမြင့်**



ရန်ကုန်တိုင်းဒေသကြီး မှုခင်းပြခန်းယာဉ်ဖြင့် ရွှေပြည်သာမြို့နယ်ရဲတပ်ဖွဲ့တာဝန်ရှိသူများက အောက်တိုဘာ ၁၆ ရက်တွင် ရွှေပြည်သာမြို့နယ်ရှိ kingsrich (Myanmar)Fashion,Ltd. အထည်ချုပ်စက်ရုံ၌ မှုခင်းအသိပညာပေးဆောင်ရွက်စဉ်။ နေမျိုးထွန်း(ရွှေပြည်သာ)

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ASEAN-Korea Train ခရီးစဉ် ပိတ်ပွဲအခမ်းအနားသို့ တက်ရောက်

**ဆိုးလ် အောက်တိုဘာ ၁၈**

အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များနှင့် ကိုရီးယားသမ္မတနိုင်ငံ၏ နယ်ပယ်စုံမှ ကိုယ်စားလှယ်များ ပါဝင်သည့် ASEAN-Korea Train ခရီးစဉ် အောင်မြင်စွာပြီးဆုံးသည့် ပိတ်ပွဲအခမ်းအနားကို ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့ရှိ Grand Hyatt Seoul Grand Ballroom ၌ ဒေသစံတော်ချိန် ယနေ့ညနေ ၅ နာရီတွင် ကျင်းပပြုလုပ်သည်။




ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ASEAN-Korea Train ခရီးစဉ် အောင်မြင်စွာပြီးဆုံးသည့် ပိတ်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

**ရည်မှန်းချက်များကို ဖော်ဆောင်နိုင်**

အခမ်းအနားတွင် ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး Mrs. Kang Kyung-wha က ခရီးစဉ်ရည်ရွယ်ချက်နှင့် ခရီးစဉ်အောင်မြင်စွာဖြင့် အာဆီယံ-ကိုရီးယားပူးပေါင်းဆောင်ရွက်မှု ရည်မှန်းချက်များကို ဖော်ဆောင်နိုင်ခဲ့မှုများနှင့် စပ်လျဉ်း၍ ပြောကြားသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ပြောကြားရာတွင် ဤနေ့သည် Seoul၊ Gyeonju၊ Busan၊ Sunchoen နှင့် Gwangju မြို့များကို သုံးရက်တာ ခရီးစဉ်ပြီးမြောက်အောင်မြင်သည့်နေ့ ဖြစ်ပါကြောင်း။

တစ်မြို့ချင်းစီ၌ ကိုယ်ပိုင်ထင်ရှားသည့် အချက်များရှိနေပြီး မိမိတို့အားလုံးသည် ဤခရီးစဉ်တွင် ပျော်ရွှင်ခဲ့ရပါကြောင်း၊ KBS Open Concert ၏ တင်ဆက်မှုများ၊ ရထားပေါ်မှ ဖျော်ဖြေတင်ဆက်မှုများ၊ ကိုရီးယားရိုးရာအစားအသောက်များ၊ Gwangju မြို့၌ ယဉ်ကျေးမှုဖလှယ်ရေး အစီအစဉ်များမှတစ်ဆင့် ယဉ်ကျေးမှုဆိုင်ရာ အသိအမြင်များလည်း တိုးတက်ရရှိခဲ့ပါကြောင်း။

ကိုရီးယားနိုင်ငံ၏ အစည်ကားဆုံးနှင့် စီးပွားရေးအရ အရေးပါသည့် ဘူဆန်ဆိပ်ကမ်းမြို့တွင် ကျင်းပခဲ့သော ASEAN-Korea Prosperity Night ကို တက်ရောက်ခွင့်ရခဲ့သည့်အတွက်လည်း ပျော်ရွှင်ခဲ့ရပါကြောင်း။

ကိုရီးယားနိုင်ငံ၏ စိုစွတ်သည့် ကမ်းခြေဒေသဖြစ်သည့် Suncheon Bay နှင့် သာယာလှပသည့် မြို့ပြများကလည်း လေ့လာလည်ပတ်ချင်စရာကောင်းလှပါကြောင်း။

မိမိတို့အာဆီယံနှင့်ကိုရီးယားသမ္မတနိုင်ငံတို့မှ နိုင်ငံခေါင်းဆောင်များ၊ အကြီးအကဲများကလည်း အာဆီယံကို နယ်ပယ်ကဏ္ဍစုံမှ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုအားကောင်းခိုင်မာအောင် ဆောင်ရွက်ရန် ကတိပြုပြောကြားထားပြီး ဖြစ်ပါကြောင်း။

**မဏ္ဍိုင်သုံးရပ်ကို အခြေခံ**

ပြည်သူ၊ ငြိမ်းချမ်းရေးနှင့် သာယာဝပြောရေးဆိုသည့် မဏ္ဍိုင်သုံးရပ်ကို အခြေခံပြီး အာဆီယံ-ကိုရီးယား မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုများ နက်ရှိုင်းရန်၊ အားကောင်းခိုင်မာရန်အတွက် ကိုရီးယားသမ္မတနိုင်ငံ သမ္မတမွန်ဂျေအင်း စတင်ခဲ့သည့် တောင်ပိုင်းဆိုင်ရာ မူဝါဒသစ် (Southern Policy)နှင့် မူဝါဒသစ်ကို အကောင်အထည်ဖော် ဆောင်ရွက်ရန် ဖွဲ့စည်းထားသည့် ကော်မတီများကိုလည်း အသိအမှတ်ပြုသည်ဟု အာဆီယံခေါင်းဆောင်များကလည်း ပြောကြားထားပြီး ဖြစ်ပါကြောင်း။

မိမိတို့၏ စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကလည်း တဖြည်းဖြည်း တိုးတက်နေပါကြောင်း၊ ထို့အပြင် လာမည့် ၂၀၂၀ ပြည့်နှစ်တွင် အာဆီယံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့အကြား အပြန်အလှန်ကုန်သွယ်မှု ပမာဏသည် အမေရိကန်ဒေါ်လာ ၂၀၀ ဘီလီယံ ရရှိရန် မျှော်မှန်းထားပါကြောင်း၊ လူငယ်များနှင့် မီဒီယာကဏ္ဍကို အားပေးမြှင့်တင်သည့်အနေဖြင့် နှစ်နိုင်ငံပြည်သူများအကြား အပြန်အလှန် ကူးလူးဆက်ဆံမှုမှာ ၁၅ သန်းအထိ တိုးတက်လာရန်အတွက် ဦးတည်ဆောင်ရွက်နေပါကြောင်း။

ယနေ့ခေတ်တွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် ကိုရီးယားသမ္မတနိုင်ငံနှင့် ကောင်းမွန်သည့် ဆက်သွယ်ဆက်ဆံမှုများ ရရှိနေကြပြီဖြစ်ပါကြောင်း။

ယဉ်ကျေးမှုဆိုင်ရာများတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်မှုများ၊ ပြည်သူအချင်းချင်းအကြား ဆက်ဆံဆောင်ရွက်မှုများ အရှိန်အဟုန်ဖြင့် လျင်လျင်မြန်မြန် တိုးတက်လျက် ရှိပါကြောင်း။

အာဆီယံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့အကြား အပြန်အလှန် ဆက်ဆံဆောင်ရွက်မှုများ တိုးတက်လာစေရန်အတွက် အာဆီယံ-ကိုရီးယားဗဟိုဌာနသည် အရေးပါသည့် အခန်းကဏ္ဍတွင် ရပ်တည်နေသည် ဆိုတာကိုလည်း ပြောကြားလိုပါကြောင်း။

ယင်းကဲ့သို့ မိမိတို့ စိတ်ထဲ၊ နှလုံးသားထဲမှ အတူတကွ ပူးပေါင်းဆောင်ရွက်မှု၊ တည်ကြည် ဂုဏ်သိက္ခာရှိမှုများနှင့်အတူ လာမည့်အနာဂတ်တွင် ကိုရီးယားကျွန်းဆွယ်ဒေသ၊ အာဆီယံအသိုက်အဝန်းနှင့် ကမ္ဘာကြီး၏ နေရာဒေသတိုင်းတွင် ပိုမိုငြိမ်းချမ်းရေး၊ သာယာဝပြောရေးအတွက် ပူးပေါင်းပါဝင်ကြရန် ဆန္ဒပြုပြောကြားလိုပါကြောင်း။

နိဂုံးချုပ်အနေဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ တက်ရောက်လာကြသူများကိုယ်စား ပြောကြားလိုသည်မှာ ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာဆီယံ-ကိုရီးယားဗဟိုဌာနနှင့် ဤအစီအစဉ် ဖြစ်မြောက်အောင် ဝိုင်းဝန်းကူညီကြသူများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း။

ထပ်မံပြောကြား လိုသည်မှာ ASEAN-Korea Train အစီအစဉ် အောင်မြင်မှုအတွက် ချီးကျူးဂုဏ်ပြုအပ်ပါကြောင်းနှင့် ဘူဆန်မြို့တွင် ကျင်းပမည့် ASEAN – ROK Commemorative Summit ကြီး အောင်မြင်ရန်အတွက် ဆန္ဒပြုလိုပါကြောင်း ပြောကြားသည်။

ASEAN-Korea Train အစီအစဉ်သည် နှစ် ၃၀ ပြည့် အာဆီယံ-ကိုရီးယား ဆွေးနွေးဘက်ဆက်ဆံရေး အထိမ်းအမှတ်အဖြစ် ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အာဆီယံ-ကိုရီးယားဗဟိုဌာနတို့မှ ပူးပေါင်းပြုလုပ်သည့် ခရီးစဉ်ဖြစ်ပြီး အာဆီယံ-ကိုရီးယား မိတ်ဖက်ဆက်ဆံရေးကို ဒေသတွင်းရှိ ပြည်သူများသိရှိလာစေရန်နှင့် ASEAN-ROK Commemorative Summit အောင်မြင်စွာ ကျင်းပနိုင်စေရန်နှင့် 30th Anniversary of ASEAN_ROK Dialogue Relations ကျင်းပနိုင်စေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်သည်။

**ပူးပေါင်းဆောင်ရွက်မှု အားကောင်းခိုင်မာ**

ASEAN-Korea Train အစီအစဉ်တွင် အာဆီယံ-ကိုရီးယားရှိ ပြည်သူများအချင်းချင်း ယဉ်ကျေးမှု၊ စီးပွားရေးအပြန်အလှန် ချိတ်ဆက်မှုကို အခြေခံပြီး ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှု ပိုမိုအားကောင်းခိုင်မာလာစေရန် ဦးတည်ဆောင်ရွက်ခြင်းဖြစ်သည်။

ASEAN-Korea Train အစီအစဉ် ဒုတိယနေ့ဖြစ်သည့် ၁၇-၁၀-၂၀၁၉ ရက်နေ့တွင် ဘူဆန်မြို့မှ ဂွမ်ဂျူး၊ ထိုမှတစ်ဆင့် ဆိုးလ်မြို့သို့ သွားရောက်ကြသည်။ ထို့နောက် ဆန်ချီအွန်ရှိ Suncheon Bay Wetland ကို လေ့လာကြပြီး ဂွမ်ဂျူးမြို့ရှိ Asia Culture Center (ACC) တွင် ခရီးစဉ် အထိမ်းအမှတ် မီးအလှဆင်ထွန်းညှိပြသမှုများ ဆောင်ရွက်ခဲ့ကြကာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ သံအမတ်ကြီး ဦးသန့်စင်နှင့် မြန်မာကိုယ်စားလှယ်အဖွဲ့တို့ ပါဝင်ဆင်နွှဲခဲ့ကြသည်။

ယနေ့ မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဆိုးလ်မြို့ရှိ Hanok Village နှင့် N Seoul Tower တို့ကို သွားရောက်ကြည့်ရှုလေ့လာကြသည်။

ပြည်ထောင်စုဝန်ကြီးသည် Korea TV နှင့်တွေ့ဆုံ၍ ကိုရီးယားနိုင်ငံ ခရီးစဉ်နှင့် ပတ်သက်၍လည်းကောင်း၊ New Sourthen Policy ဆိုင်ရာနှင့် ပတ်သက်၍လည်းကောင်း မေးမြန်းမှုများကို ဖြေကြားခဲ့သည်။

**သတင်းစဉ်**



## စနေ၊ တနင်္ဂနွေ ရန်ကုန်စာအုပ်လမ်း စာအုပ်ဈေးတန်း ဖွင့်လှစ်

**ရန်ကုန် အောက်တိုဘာ ၁၈**

ပြန်ကြားရေးဝန်ကြီးဌာန၏ စာအုပ်စာပေဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်အရ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတို့၏ ပံ့ပိုးကူညီမှုနှင့်အတူ စာအုပ်ဆိုင်ခန်းပေါင်း ၈၀ ခန့်ဖြင့် အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့များတွင် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ သိမ်ဖြူလမ်းတွင် ဖွင့်လှစ်ရောင်းချပေးလျက်ရှိသော ရန်ကုန်စာအုပ်လမ်း၏ အပတ်စဉ်အစီအစဉ်များအဖြစ် အောက်တိုဘာ ၁၉ ရက် (စနေနေ့) မွန်းလွဲ ၁ နာရီမှ ၃ နာရီအထိ ကဗျာချစ်သူများအဖွဲ့၊ စာပေနှင့်ပရဟိတကွန်ရက်၏ “ကဗျာလျှော်ခတ်သံ” ကဗျာရွတ်ဆိုပွဲအစီအစဉ်၊ အောက်တိုဘာ ၂၀ ရက် (တနင်္ဂနွေ နေ့) မွန်းလွဲ ၁ နာရီတွင် စာရေးဆရာသန်လျင်မောင်မောင်ဦး၏ “ကြုံရဆုံရ ဟောပြောပွဲဟာသများ” ခေါင်းစဉ်ဖြင့် စာပေဟောပြောပွဲအစီအစဉ်၊ မွန်းလွဲ ၃ နာရီတွင် အမှတ်တရစာပေမှထုတ်ဝေသည့် နာမည်ကြီးစာအုပ်ကောင်းများကို ထိုက်တန်စွာ လက်ဆောင်ပေးမည့် “မေးကြည့်ဖြေကြည့်ပဟေဠိ” အစီအစဉ်တို့ကို ထည့်သွင်းပြုလုပ်သွားမည်ဖြစ်ပါသဖြင့် စာပေချစ်မြတ်နိုးသူတို့ လာရောက်လေ့လာဖြေဆို၊ ဝယ်ယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

သဘာဝဘေးဒဏ်မှ ကာကွယ်ဖို့ သစ်တောများကို ထိန်းသိမ်းစို့

# လိပ်ပြာစံအိမ် (The Only Mom) ရုပ်ရှင်ဇာတ်ကား စင်ကာပူနိုင်ငံ၌ ကျင်းပသည့်ပြိုင်ပွဲတွင် ထူးချွန်ဆုများရရှိ

**ရန်ကုန် အောက်တိုဘာ ၁၈**
စင်ကာပူနိုင်ငံတွင် ကျင်းပသော Asian Academy Creative Awards 2019 ပြိုင်ပွဲသို့ မြန်မာနိုင်ငံမှ လိပ်ပြာစံအိမ်(The Only Mom) ရုပ်ရှင်ဇာတ်ကား ပါဝင်ယှဉ်ပြိုင်ခဲ့ရာ Regional Winners ဆု ခြောက်ဆု ရရှိခဲ့သည်။

"ပြိုင်ပွဲဝင်ဖြစ်ပုံကတော့ စင်ကာပူကနေ ကျွန်တော်တို့ဆီ Email ပို့တယ်။ လိပ်ပြာစံအိမ်က ပြိုင်ပွဲဝင်ခွင့်ရတယ်။ ကျွန်တော်တို့က ဝင်ပြိုင်မယ်ဆိုတော့ သူတို့က Form တွေပို့ပေးတယ်။ အဲဒီကနေစပြီး ပြိုင်ဖြစ်သွားတာပါ။ အခက်အခဲကတော့ Quality ကောင်းဖို့အတွက် မကြိုက်မချင်း ပြန်ရိုက်ရပါတယ်။ အချိန်လည်း အများကြီးပေးရသလို ဘတ်ဂျက်လည်း အတော်သုံးခဲ့ပါတယ်။ ဒါရိုက်တာလည်း တော်ပါတယ်။ ဆုရမယ်လို့ မျှော်လင့်မထားပါဘူး။ ဆုရတယ်လို့ ပြောတဲ့နေ့က ကျွန်တော် အတော်ဝမ်းသာသွားတာ။ ကျွန်တော်တို့နိုင်ငံအတွက် ထိုက်တန်စွာရခဲ့တယ်ပေ့ါ။ အခုလိပ်ပြာစံအိမ်က Asian Academy Creative Awards မှာ Regional ဆုပေါင်း ခြောက်ဆုကို ရရှိခဲ့တာဖြစ်ပါတယ်။ နိုင်ငံတကာရုပ်ရှင်ပွဲတော်ကိုတော့ ဒီဇင်ဘာ ၅ ရက်မှာ Grand Award ကို ကျင်းပမှာဖြစ်ပြီး ဒီဇင်ဘာ ၆ ရက်မှာ Grand Final ကို စင်ကာပူနိုင်ငံမှာ ကျင်းပသွားမှာ ဖြစ်ပါတယ်" ဟု Brave Empire ရုပ်ရှင်ထုတ်လုပ်ရေးမှ ထုတ်လုပ်သူ ဦးစိုးလှိုင်က ပြောသည်။

လိပ်ပြာစံအိမ် ဇာတ်ကားသည် အကောင်းဆုံးရုပ်ရှင်ဇာတ်ကားဆုနှင့် အကောင်းဆုံးဇာတ်ဝင်တေး ဆုများအပြင် အကောင်းဆုံး ဒါရိုက်တာဆုကို Mr. Chartchai Ketnust က လည်းကောင်း၊ အကောင်းဆုံး အမျိုးသမီးဇာတ်ဆောင်ဆုကို ဝတ်မှုန်ရွှေရည်က လည်းကောင်း၊ အကောင်းဆုံးဇာတ်ပို့မင်းသမီးဆုကို ကလေးသရုပ်ဆောင် ပြည့်ပြည့် က လည်းကောင်း၊ အကောင်းဆုံး ဓာတ်ပုံဆုကို Mr. Tearawat Rujinatham က လည်းကောင်း စုစုပေါင်း ဆုခြောက်ဆုရရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါဇာတ်ကားကို Brave Empire Entertainment ၏ စီစဉ်မှုဖြင့် ထိုင်းရုပ်ရှင်ဒါရိုက်တာ Chartchai Ketnust က မိဘနှင့်သားသမီးတို့၏ မေတ္တာတရားကို ဖော်ကျူးရိုက်ကူးထားခြင်းဖြစ်ပြီး ၎င်းဇာတ်ကားတွင်သရုပ်ဆောင်များအဖြစ် နိုင်းနိုင်း၊ ဒေါင်း၊ ဝတ်မှုန်ရွှေရည်၊ ကလေးသရုပ်ဆောင် ဆုရတနာ၊ ပြည့်ပြည့်၊ အောင်ခန့်ပိုင်၊ သုတနှင့် အခြားသရုပ်ဆောင်များစွာ ပါဝင်ရိုက်ကူးထားခြင်းဖြစ်သည်။

သရုပ်ဆောင် ဒေါင်းက "ဒီဆုပေးပွဲမှာ လိပ်ပြာစံအိမ် (The Only Mom) ရုပ်ရှင်ဇာတ်ကားဟာ ဇာတ်ကားဆုရရှိခဲ့တဲ့အတွက် ဝမ်းသာပါတယ်။ ဘာလို့လဲဆိုတော့ မြန်မာနဲ့သက်ဆိုင်တဲ့ ယဉ်ကျေးမှု၊ သံစဉ်၊ အငွေ့အသက်တွေကို နိုင်ငံတကာအလယ်မှာချပြခွင့်ရခဲ့ပါတယ်။ ဒီဇာတ်ကားလေးမှာပါတဲ့ "ဝါဝါထိန်ထိန် ဖိုးလမင်းတို့အိမ်" ဆိုတဲ့ ကဗျာလေးနဲ့သံစဉ်က သူတို့မကြားဖူးတဲ့သံစဉ်နဲ့ စာသားကို သူတို့ကြိုက်ကြတယ်။ ကြိုက်တဲ့အတွက်လည်း သူတို့က ဒီဆုကို ပေးခဲ့တာ ဖြစ်ပါတယ်။ ဒီလိုမြန်မာတွေရဲ့ ဓလေ့ထုံးစံတွေကို ဖော်ပြခွင့်ရတဲ့အတွက်လည်း ဂုဏ်ယူပါတယ်" ဟု ပြောသည်။

"ဒီဇာတ်ကားလေးရိုက်ဖြစ်သွားတာက ဒီဇာတ်ကားရဲ့ဒါရိုက်တာက ကစ်ကို ပထမဦးဆုံး ကမ်းလှမ်းခဲ့တာပါ။ သူနဲ့လည်း လက်တွဲဖူးတော့ လက်ခံပြီးရိုက်ဖြစ်သွားတာပါ။ အမှန်တော့ ဆုရတာဝမ်းသာပါတယ်။ ဒါက မြန်မာနိုင်ငံက ပြိုင်တာ ပထမဆုံးအနေနဲ့ ဆုတွေရတာပေ့ါ။ ဒီဇာတ်ကားကလည်း မြန်မာနိုင်ငံမှာလည်း အောင်မြင်ပါတယ်။ ကိုယ့်နိုင်ငံက ထုတ်လုပ်သူတွေရော၊ အနုပညာရှင်တွေရော နိုင်ငံတကာအဆင့်အတန်းမီအောင် ကြိုးစားကြတယ်။ နိုင်ငံတကာနဲ့ရင်ပေါင်တန်းနိုင်အောင် ရိုက်လာနိုင်တဲ့အတွက် မြန်မာရုပ်ရှင်ကားတွေကို နိုင်ငံတကာက သိစေချင်တယ်။ ထိုးဖောက်ချင်တယ်။ အောင်မြင်စေချင်တယ်။ ဒါကြောင့် ဒီလိုရုပ်ရှင်ကားကောင်းတွေ ရိုက်စေချင်တယ်" ဟု သရုပ်ဆောင် အကယ်ဒမီ ဝတ်မှုန်ရွှေရည်က ပြောသည်။

ကလေးသရုပ်ဆောင် ပြည့်ပြည့်က "ဒီကားမှာသမီးက ဦးနိုင်းနဲ့ မမကစ်ကစ်ရဲ့သမီးနေရာက သရုပ်ဆောင်ရတာပါ။ အခက်အခဲကတော့ သရဲဝင်ပူးတဲ့အခန်းပေ့ါ။ အရမ်းအော်ရတာ၊ အမှတ်တရတွေကတော့ အများကြီးပါပဲ။ မမကစ်ကစ်နဲ့ဆော့ရင်း ရိုက်ခဲ့တာတွေက အမှတ်တရပေ့ါ။ အများကြီးလည်း သင်ပေးပါတယ်။ ခုလိုဆုရရှိတဲ့အတွက် အလွန့်အလွန် ပျော်ပါတယ်။ သမီးရိုက်ခဲ့တဲ့ကားတွေကတော့ ဒီကားအပါအဝင် ၁၀ ကားလောက်ရှိပါတယ်။ ဝမ်းသာပါတယ်။ Asian Academy Creative Awards 2019 အဖွဲ့ကိုလည်း ကျေးဇူးတင်ပါတယ်" ဟု ပြောသည်။

ထိုဇာတ်ကားမှာ ပြည်တွင်း၌ ရုံတင်ပြသခဲ့စဉ် ပရိသတ်ကြိုက်နှစ်သက်သော ဇာတ်ကားကောင်းတစ်ခုဖြစ်ခဲ့ပြီး စတင်ပြသချိန်မှ ကိုးရက်အတွင်း ဝင်ငွေစံချိန်တင်ခဲ့ကြောင်း သိရသည်။

**ကျော်သက်မင်း(FDC)**




# Warner Bros ရုပ်သံလိုင်းမှ ခရီးသွားမြှင့်တင်ရေး သတင်းမှတ်တမ်းရိုက်ကူး

**ရန်ကုန် အောက်တိုဘာ ၁၈**
ဖင်လန်နိုင်ငံ Warner Bros ရုပ်သံလိုင်းမှ Alternative Tourist သတင်းမှတ်တမ်းရိုက်ကူးရေး အဖွဲ့သည် ယနေ့တွင် မန္တလေးမြို့ရှိ ရက်ကန်းရုံများတွင် ချည်ထည်များ သဘာဝဆေးဆိုးနေပုံ၊ စက်ရက်ကန်း၊ လက်ရက်ကန်းပြုလုပ်ပုံ၊ မန္တလေးတောင်နှင့် ပတ်ဝန်းကျင်ရှုခင်းများ၊ ဦးပိန်တံတား၊ ဈေးချိုပတ်ဝန်းကျင်၊ ဧရာဝတီမြစ် ဂေါ်ဝိန်ဆိပ်ကမ်းနှင့် ညနေဆည်းဆာမြင်ကွင်းတို့ကို ရိုက်ကူးသည်။

အဆိုပါအဖွဲ့သည် ယမန်နေ့က ဝမ်းတွင်းမြို့နယ် ဘုရားစုကျေးရွာရှိ ဝါစိုက်ခင်းအတွင်း ဝါဆွတ်ခူးနေပုံနှင့် ဝါစိုက်ပျိုးရေးအကြောင်း ရွာသူရွာသားများအားတွေ့ဆုံမေးမြန်းခြင်း၊ အောင်ကမ္ဘာဝါစက်ရုံ၌ ဝါဂွမ်းများသန့်စင်ပုံ၊ မြသဇင်ချည်ချောအထည်စက်ရုံ၌ ဝါချည်များ ဆေးဆိုး၊ အခြောက်ခံ၊ ပေါင်းတင်ခြင်းတို့ကို ရိုက်ကူးခဲ့ပြီး အောက်တိုဘာ ၂၄ ရက်မှ ၂၆ ရက်ထိ ရန်ကုန်မြို့ ရွှေလင်ပန်းစက်မှုဇုန်ရှိ Unique HTT Garment နှင့် လှိုင်သာယာ Maple Garment တို့တွင်လည်း ဆက်လက်ရိုက်ကူးမည်ဖြစ်သည်။

ထိုသို့ ဝါဂွမ်းမှစတင်၍ အဝတ်အထည်ဖြစ်လာသည်အထိ လုပ်ငန်းစဉ်အဆင့်ဆင့်အပြင် မြန်မာနိုင်ငံ၏ သာယာလှပသောရှုခင်းများ ရိုက်ကူးထားမှု သတင်းမှတ်တမ်းကို ဖင်လန်နိုင်ငံ Warner Bros ရုပ်သံလိုင်း၏ YLE National Channel တွင် ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်းနှင့် နိုင်ငံတကာခရီးသွားကဏ္ဍ ပိုမိုတိုးမြှင့်နိုင်ရန် ရည်ရွယ်ရိုက်ကူးခြင်းဖြစ်ကြောင်း သိရသည်။ **တင်စန်း(FDC)**


ဝါခင်းအား ရိုက်ကူးနေစဉ်။


ဝါချည်များအား ဆေးဆိုး၊ အခြောက်ခံ၊ ပေါင်းတင်နေပုံကို ရိုက်ကူးနေစဉ်။


ဧရာဝတီမြစ်တစ်လျှောက် ရိုက်ကူးရေးဆောင်ရွက်နေစဉ်။

# ဂျပန်နိုင်ငံ NTV ရုပ်သံရိုက်ကူးရေးအဖွဲ့မှ မြန်မာနိုင်ငံအကြောင်း ခရီးသွားမှတ်တမ်းရိုက်ကူး

**ရန်ကုန် အောက်တိုဘာ ၁၈**
ဂျပန်နိုင်ငံ NTV ရုပ်သံလိုင်းမှ ဒါရိုက်တာ Mr. Daichi Kitami ဦးဆောင်သောရိုက်ကူးရေးအဖွဲ့သည် ယနေ့တွင် မတ္တရာမြို့နယ် မြေစွန်းရွာအနီး ဧရာဝတီမြစ်ကြောင်းတစ်လျှောက် သဘာဝအလှရှုခင်းများကို ရိုက်ကူးကြသည်။

အဆိုပါ ရိုက်ကူးရေးအဖွဲ့သည် ယမန်နေ့က မန္တလေးတောင်ခြေ၌ NTV ရုပ်သံလိုင်း၏ Talent တစ်ဦးဖြစ်သူ Mr. Daiko Miyazono အား "မြန်မာပြည်သို့လာပါ" အဓိပ္ပာယ်ရသည့် ဂျပန်သီချင်းသီဆို၍ ကိုယ်တိုင်ဂစ်တာတီးခတ်မှုကို ရိုက်ကူးခဲ့ပြီး မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်ရှိ ရှိန်းမကားရွာ၊ ဆင်ကျွန်းရွာ၊ စိန်ပန်းကုန်းရွာ၊ မြေစွန်းရွာနှင့် အေးကျွန်းရွာများသို့လည်း သွားရောက်ပြီး ဧရာဝတီလင်းပိုင်များ၏အကူအညီဖြင့် ဒေသခံရေလုပ်သားများ ငါးဖမ်းကြပုံကို အောက်တိုဘာ ၂၈ ရက်အထိ ဆက်လက်ရိုက်ကူးမည်ဖြစ်သည်။

အဆိုပါရိုက်ကူးထားမှုကို ဂျပန်နိုင်ငံ NTV ရုပ်သံလိုင်း၏ နိုင်ငံတကာခရီးသွားမှတ်တမ်းများဆိုင်ရာ Itte Q Program မှ ၂၀၁၉ ခုနှစ်ကုန်ပိုင်းအမီ ဂျပန်နိုင်ငံတစ်ဝန်းလုံးသို့ ထုတ်လွှင့်ပြသနိုင်ရန် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ဂျပန်လူမျိုးများ မြန်မာနိုင်ငံအကြောင်းကြည့်ရှုပြီး စိတ်ပါဝင်စားစွာဖြင့် လာရောက်လည်ပတ်နိုင်ရန်နှင့် ခရီးသွားလုပ်ငန်း မြှင့်တင်နိုင်ရန် ရည်ရွယ်ချက်ဖြင့် ရိုက်ကူးခြင်းဖြစ်ကြောင်း သိရသည်။

**ငြိမ်းကို(FDC)**

# အာဆီယံဒေသတွင်းစီးပွားရေးပေါင်းစည်းမှုဆိုင်ရာ ဥရောပသမဂ္ဂ၏ အထောက်အပံ့အစီအစဉ်အရ မြန်မာနိုင်ငံ၏ ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအထောက်အပံ့ ARISE Plus Myanmar စီမံကိန်းမိတ်ဆက်အခမ်းအနား ကျင်းပ

**နေပြည်တော်  အောက်တိုဘာ ၁၈**

ဥရောပသမဂ္ဂ၏ အာဆီယံဒေသတွင်း စီးပွားရေးပေါင်းစည်းမှုဆိုင်ရာ အထောက်အပံ့အစီအစဉ်အောက်မှ မြန်မာနိုင်ငံ၏ ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအထောက်အပံ့ ဖြစ်သော ARISE Plus Myanmar Trade-Related Assistance Project (ARISE Plus Myanmar) စီမံကိန်း မိတ်ဆက်အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ Park Royal Hotel ၌ ကျင်းပသည်။

**တိုးချဲ့တင်ပို့**

အခမ်းအနားတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က အဖွင့်အမှာစကား ပြောကြားရာတွင် ၂၀၁၉ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ စီမံကိန်း (၄) နှစ်တာကာလအတွင်း ကုန်သွယ်မှုအမျိုးအစားများ ကွဲပြားစွာဆောင်ရွက်နိုင်ရေးနှင့် ပေါင်းစည်းဆောင်ရွက်နိုင်ရေး ရည်ရွယ်ကာ အာဆီယံဒေသတွင်းနိုင်ငံများ၊ ဥရောပသမဂ္ဂနှင့် နိုင်ငံတကာဈေးကွက်သို့ ဝင်ရောက်နိုင်စေရေး ထုတ်လုပ်မှုတန်ဖိုးကွင်းဆက်များ၏ ဈေးကွက်တင် လိုအပ်မှုများကို ဖြည့်ဆည်းပေးသွားမည် ဖြစ်ပါကြောင်း၊ အရည်အသွေးပြည့်မီသည့် တန်ဖိုးမြှင့်ပို့ကုန်များကို ပြည်ပဈေးကွက်သို့ တိုးချဲ့တင်ပို့သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂသံအမတ်ကြီး Mr. Kristian Schmidt နှင့် နိုင်ငံတကာကုန်သွယ်မှုဗဟိုဌာန (International Trade Center–ITC) မှ အမှုဆောင်ညွှန်ကြားရေးမှူး Ms. Maria Aranzazu Gonzalez တို့က အမှာစကား ပြောကြားကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတကာကုန်သွယ်မှုဗဟိုဌာနမှ Senior Trade Promotion Officer (Project Officer) ဖြစ်သူ Ms. Sylvie Betemps Cochin က ARISE Plus Myanmar စီမံကိန်းနှင့်စပ်လျဉ်း၍ စီမံကိန်းအကြောင်းအရာ၊ ရည်ရွယ်ချက်၊ စီမံကိန်းအားအကောင်အထည်ဖော် ဆောင်ရွက်မည့် အခြေအနေများနှင့် မျှော်မှန်းရလဒ်များအား မိတ်ဆက်ပြောကြားသည်။

ဆက်လက်၍ ကုန်သွယ်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စုသက်နှင်းက မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (Myanmar Sustainable Development Plan) အားအကောင်အထည်ဖော်ဆောင်နိုင်ရေး ARISE Plus Myanmar စီမံကိန်းမှ ပံ့ပိုးသွားမည့် လုပ်ငန်းစဉ်များနှင့် MSDP နှင့် ARISE Plus Myanmar စီမံကိန်းတို့၏ ချိတ်ဆက်နေမှုများကို ရှင်းလင်းဆွေးနွေးပြီး ကုန်သွယ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကိုကိုလေးက နိဂုံးချုပ်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ဥရောပသမဂ္ဂမှ ကိုယ်စားလှယ်များ၊ အခြားဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ၊ စီမံကိန်းအတွက် ခန့်အပ်ထားသည့် ပုဂ္ဂလိကအဖွဲ့အစည်းများ၊ ဆက်စပ်အသင်းအဖွဲ့အစည်းများနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများတက်ရောက်သည်။

**ဖြည့်ဆည်းပေးမည်**

ARISE Plus Myanmar စီမံကိန်းကို ၂၀၁၉ ခုနှစ် ဇူလိုင်လမှ ၂၀၂၃ ခုနှစ် ဇွန်လအထိ လေးနှစ်ကြာ ဆောင်ရွက်သွားမည်ဖြစ်ပြီး စီမံကိန်းအတွက် ယူရို ၈ သန်းကို ဥရောပသမဂ္ဂက ထောက်ပံ့ခြင်းဖြစ်သည်။ စီမံကိန်းကို နိုင်ငံတကာကုန်သွယ်မှုဗဟိုဌာန (International Trade Centre – ITC) က အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး အစိုးရမိတ်ဖက်အဖွဲ့အစည်းအဖြစ် ကုန်သွယ်ရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည်။ အဆိုပါ လေးနှစ်စီမံကိန်းသည် ကုန်သွယ်မှု အမျိုးအစားများ ကွဲပြားစွာဆောင်ရွက်နိုင်ရေးနှင့် ပေါင်းစည်းဆောင်ရွက်နိုင်ရေးတို့ကို ပံ့ပိုးပေး၍ ဒေသတွင်းနှင့် နိုင်ငံတကာဈေးကွက်သို့ ဝင်ရောက်နိုင်စေရေးအတွက် အငယ်စား၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ ထုတ်လုပ်မှုတန်ဖိုး ကွင်းဆက်များ၏ ဈေးကွက်ဝင်လိုအပ်မှုများကိုလည်း ဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် Component သုံးခုထဲမှ ရွေးချယ်ထုတ်လုပ်မှုတန်ဖိုးကွင်းဆက်များအဖြစ် Value-Chain Component အောက်တွင် ဆီနှင့် ဆီထွက်သီးနှံများ၊ ပဲအမျိုးမျိုး၊ ပျားရည်၊ ဥယျာဉ်ခြံထွက်သီးနှံများဖြစ်သည့် ထောပတ်သီး၊ ကျွဲကောသီး၊ နာနတ်နှင့် ကြက်သွန်ဖြူတို့ကို လည်းကောင်း၊ SPS Component အောက်တွင် ပျားရည်၊ ဥယျာဉ်ခြံထွက်သီးနှံ၊ ကော်ဖီ၊ လက်ဖက်တို့ကိုလည်းကောင်း ရွေးချယ်ထားပြီး အငယ်စား၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများက အာဆီယံဘုံစီးပွားရေး၊ ဥရောပသမဂ္ဂနှင့် ကမ္ဘာ့ဈေးကွက်များထံမှ အကျိုးအမြတ်အခွင့်အလမ်းများ ရရှိခံစားနိုင်စေရန်အတွက် စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း၊ ရွေးချယ်ထုတ်လုပ်မှုတန်ဖိုး ကွင်းဆက်များအတွက် အာဆီယံနှင့် နိုင်ငံတကာ ကတိကဝတ်များနှင့်အညီ ပိုးမွှားကင်းစင်ရေးစည်းမျဉ်းများ၊ ထိန်းချုပ်မှုစနစ်များနှင့် အရည်အသွေးများတိုးတက်ရေးကို ထောက်ပံ့ပေးခြင်း၊ ဒေသတွင်းနှင့် နိုင်ငံတကာ ကတိကဝတ်များကို လိုက်ပါဆောင်ရွက်နိုင်ရေးနှင့် ထုတ်လုပ်မှုတန်ဖိုးကွင်းဆက်များတစ်လျှောက်ရှိ အကောက်ခွန်မဟုတ်သည့် အတားအဆီးများကို ဖြေရှင်းနိုင်ရေးအတွက် ကုန်သွယ်မှုမူဝါဒချမှတ်ခြင်းနှင့် အကောင်အထည်ဖော်ခြင်းတို့ကို ဆောင်ရွက်ရာတွင် ပိုမိုအားကောင်းလာစေခြင်းတို့ကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ယခုစီမံကိန်းသည် အမျိုးသမီးများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုများပြားလာစေရေးကိုလည်း အားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။



**ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး**

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်အား မြန်မာနိုင်ငံဆိုင်ရာဥရောပသမဂ္ဂသံအမတ်ကြီး Mr. Kristian Schmidt၊ နိုင်ငံတကာကုန်သွယ်မှုဗဟိုဌာန (International Trade Center – ITC) မှ အမှုဆောင်ညွှန်ကြားရေးမှူး Ms.Arancha Gonzalez ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့မှ Park Royal Hotel ရှိ ဧည့်ခန်းမဆောင်၌ လာရောက်တွေ့ဆုံပြီး မြန်မာနိုင်ငံ၏ ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းအောက်မှ ဆောင်ရွက်သွားမည့်ကိစ္စရပ်များနှင့် မြန်မာနိုင်ငံ၏ အငယ်စား၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများက နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်နိုင်ရေး နိုင်ငံတကာကုန်သွယ်မှုဗဟိုဌာနက ကူညီဆောင်ရွက်ပေးနိုင်မည့်ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်းသိရသည်။ **သတင်းစဉ်**

# ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (ယာယီ) မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှု အမေရိကန်ဒေါ်လာ ၃၄၉၈၀ သန်း ဆောင်ရွက်နိုင်ပြီး လျာထားချက်အပေါ် ၁၁၂ ရာခိုင်နှုန်းဆောင်ရွက်နိုင်ခဲ့

**နေပြည်တော်  အောက်တိုဘာ ၁၈**

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (ယာယီ) မြန်မာနိုင်ငံ၏ ပြည်ပပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၆၉၂၀ သန်းနှင့် ပြည်ပသွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၈၀၆၀ သန်းရှိသဖြင့် ပြည်ပကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၃၄၉၈၀ သန်းဆောင်ရွက်နိုင်ခဲ့သည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွက် ကုန်သွယ်မှုလျာထားချက်မှာ ပို့ကုန် အမေရိကန် ဒေါ်လာ ၁၅၃၀၀ သန်း၊ သွင်းကုန် အမေရိကန် ဒေါ်လာ ၁၅၈၀၀ သန်းနှင့် ကုန်သွယ်မှုပမာဏအမေရိကန် ဒေါ်လာ ၃၁၁၀၀ သန်းဖြစ်သဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ဆောင်ရွက်နိုင်မှုမှာပို့ကုန် ၁၁၁ ရာခိုင်နှုန်း၊ သွင်းကုန် ၁၁၄ ရာခိုင်နှုန်းနှင့် ကုန်သွယ်မှုပမာဏ ၁၁၂ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့သည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွက် ပင်လယ်ရေကြောင်းနှင့် နယ်စပ် ပို့ကုန်၊ သွင်းကုန် ကုန်သွယ်မှုပမာဏလျာထားချက်အပေါ် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ဆောင်ရွက်နိုင်မှုရာခိုင်နှုန်းမှာ အောက်ပါအတိုင်းဖြစ်သည်-

| စဉ် | အကြောင်းအရာ | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် လျာထားချက် | | | ၂၀၁၈-၂၀၁၉ (ယာယီ) | | | ဆောင်ရွက်နိုင်မှု ရာခိုင်နှုန်း | | |
|---|---|---|---|---|---|---|---|---|---|---|
| | | ပို့ကုန် | သွင်းကုန် | ကုန်သွယ်မှု ပမာဏ | ပို့ကုန် | သွင်းကုန် | ကုန်သွယ်မှု ပမာဏ | ပို့ ကုန် | သွင်း ကုန် | ကုန်သွယ်မှု ပမာဏ |
| (က) | ပင်လယ်ရေကြောင်း | ၈၁၅၀.၀၀၀ | ၁၃၄၃၀.၀၀၀ | ၂၁၅၈၀.၀၀၀ | ၉၇၆၂.၇၇၀ | ၁၅၀၀၁.၀၇၇ | ၂၄၇၆၃.၈၄၇ | ၁၂၀ | ၁၁၂ | ၁၁၅ |
| (ခ) | နယ်စပ် | ၇၁၅၀.၀၀၀ | ၂၃၇၀.၀၀၀ | ၉၅၂၀.၀၀၀ | ၇၁၅၇.၁၅၅ | ၃၀၅၈.၈၆၁ | ၁၀၂၁၆.၀၁၆ | ၁၀၀ | ၁၂၉ | ၁၀၇ |
| (ဂ) | စုစုပေါင်း | ၁၅၃၀၀.၀၀၀ | ၁၅၈၀၀.၀၀၀ | ၃၁၁၀၀.၀၀၀ | ၁၆၉၁၉.၉၂၅ | ၁၈၀၅၉.၉၃၈ | ၃၄၉၇၉.၈၆၃ | ၁၁၁ | ၁၁၄ | ၁၁၂ |

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ပို့ကုန်အုပ်စုအလိုက် တင်ပို့မှုအနေဖြင့် လယ်ယာထွက်အုပ်စုတွင် ဒေါ်လာ ၃၂၆၁ သန်း၊ တိရစ္ဆာန်ထွက်အုပ်စုတွင် ဒေါ်လာ ၃၆၆ သန်း၊ ရေထွက်ကုန်ပစ္စည်းအုပ်စုတွင် ဒေါ်လာ ၇၃၂ သန်း၊ သတ္တုတွင်းထွက်ပစ္စည်းအုပ်စုတွင် ဒေါ်လာ ၁၄၆၅ သန်း၊ သစ်တောထွက်ပစ္စည်းအုပ်စုတွင် ဒေါ်လာ ၁၇၅ သန်း၊ စက်မှုကုန်ချောအုပ်စုတွင် ဒေါ်လာ ၁၀၁၅၄ သန်းနှင့် အခြားပစ္စည်းအုပ်စုတွင် ဒေါ်လာ ၇၆၆ သန်း အသီးသီးတင်ပို့နိုင်ခဲ့ပြီး အဓိကပို့ကုန်ပစ္စည်းများဖြစ်သည့် ပဲမျိုးစုံများ၊ ရေထွက်၊ တိရစ္ဆာန်ထွက်အုပ်စုများအပြင် CMP အထည်ချုပ်ပစ္စည်းများအား ယခင်နှစ် ကာလတူထက် ပိုမိုတင်ပို့နိုင်ခဲ့သော်လည်း ဆန်နှင့်ဆန်ကွဲတင်ပို့မှုသည် ယခင်နှစ် ကာလတူထက် လျော့နည်းခဲ့သည်။

သွင်းကုန်အုပ်စုလိုက် တင်သွင်းမှုအနေဖြင့် ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းအုပ်စုတွင် ဒေါ်လာ ၅၇၄၀ သန်း၊ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းအုပ်စုတွင် ဒေါ်လာ ၆၆၅၃ သန်း၊ လူသုံးကုန်ပစ္စည်းအုပ်စုတွင် ၃၂၉၄ သန်းနှင့် CMP ပစ္စည်းများ ၂၃၇၁ သန်း အသီးသီးတင်သွင်းနိုင်ခဲ့ပြီး CMP ပစ္စည်းတင်သွင်းမှုသည် ယခင်နှစ် ကာလတူထက် ပိုမိုခဲ့သော်လည်း အခြားသွင်းကုန်အုပ်စုများတင်သွင်းမှုသည် ယခင်နှစ် ကာလတူထက်လျော့နည်းခဲ့သည်။ **သတင်းစဉ်**

❖ **ကျောဖုံးမှ**

မန္တလေး၊ အုပ်စု (ခ) တွင် ရှမ်း(အရှေ့)၊ မွန်၊ နေပြည်တော်၊ ကရင်၊ အုပ်စု (ဂ) တွင် ပဲခူး၊ ရခိုင်၊ ရှမ်း(မြောက်)၊ ချင်း၊ အုပ်စု (ဃ) တွင် ကချင်၊ ဧရာဝတီ၊ စစ်ကိုင်းနှင့် ရန်ကုန်အသင်းတို့ ပါဝင်နေသည်။ ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၉ ရက် နံနက် ၈ နာရီတွင် သုဝဏ္ဏမြက်ခင်းတုကွင်း၌ ကျင်းပမည်ဖြစ်ပြီး အုပ်စုပထမနေ့အဖြစ် နံနက် ၈ နာရီခွဲတွင် ရှမ်း(တောင်) အသင်းနှင့် မန္တလေးအသင်း၊ တနင်္သာရီအသင်းနှင့် ကယားအသင်း၊ ညနေ ၄ နာရီတွင် ပဲခူးအသင်းနှင့် ချင်းအသင်း၊ ရခိုင်အသင်းနှင့် ရှမ်း(မြောက်)အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

အုပ်စုပွဲစဉ်များကို အောက်တိုဘာ ၁၉ ရက်မှ ၂၅ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ကွာတားဖိုင်နယ်ပွဲစဉ်များကို အောက်တိုဘာ ၂၇ ရက်၊ဆီမီးဖိုင်နယ်ပွဲစဉ်များကို အောက်တိုဘာ ၂၉ ရက်၊ ဗိုလ်လုပွဲကို အောက်တိုဘာ ၃၁ ရက်တွင် ကျင်းပမည်ဖြစ်သည်။

**ရှိုင်းထက်ဇော်**

❂ **နန့်မြစ်ခမှ**

"မချမ်းဘော- ဖရူခ- ရပ်ဘော့- နောင်မွန်လမ်းပေါ်က ထာခတံတားအသစ်ကို မဖွင့်လှစ်ရသေးပေမယ့် ပြည်သူတွေ အသုံးပြုနေပြီဖြစ်ပါတယ်။ ထီခတံတားကလည်း အချောသပ်လုပ်ငန်းတွေ၊ ချဉ်းကပ်လမ်းလုပ်ငန်းတွေလည်း လုပ်နေပါတယ်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ပြည်ထောင်စု ငွေလုံးငွေရင်းရန်ပုံငွေနဲ့ ဆောင်ရွက်တဲ့ မြစ်ကြီးနား- ဆွမ်ပရာဘွမ်-ပူတာအိုလမ်းပေါ်က ၂၀၄ ပေ ဆီနင်ကတံတား၊ ပေ ၂၄၀ ဖုန်ချန်တံတား၊ ပေ ၂၂၀ ဆွမ်ပီယာန်တံတားတွေကိုလည်း သတ်မှတ်ချိန် အပြီး ဆောင်ရွက်ဖို့ စီမံချက်ရေးဆွဲထားပါတယ်"ဟု ဒုတိယညွှန်ကြားရေးမှူး ဦးစောဇာနည်လှက ပြောသည်။

**သတင်း- ကေကေ**

**ဓာတ်ပုံ- ထိန်နန်နော်**

# တာမွေမြို့နယ်၌ ရှုပ်ထွေးလျှပ်စစ်ဝိုင်ယာဆားဗစ်ကြိုးများ ရှင်းလင်း

**ရန်ကုန်  အောက်တိုဘာ ၁၈**

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင်လျှပ်စစ်မန်နေဂျာ(စီမံ)ဦးယဉ်မိုး၊ ခရိုင်မန်နေဂျာ(အင်/ယာ) ဦးသန်းထွေးအေးနှင့် တာမွေမြို့နယ် လျှပ်စစ်မန်နေဂျာဦးစိုးမိုးတို့ဦးဆောင်ကာ အောက်တိုဘာ ၁၈ ရက် နံနက်ပိုင်းက တာမွေမြို့နယ် ဖျူင်းရေအိုးစင်(ရွာမ)နှင့် ဖျူင်းရေအိုးစင်(ကွက်သစ်) ရပ်ကွက်တို့ကို ဖြတ်သန်းသည့် ဖျူင်းရေအိုးစင်လမ်းမကြီးတစ်လျှောက်ရှိ လျှပ်စစ်ဝိုင်ယာရှုပ်ထွေးနေသည်များကိုရှင်းလင်းပေးခဲ့ကြသည်။



ထိုသို့ဆောင်ရွက်ရာတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတိုးဝင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းမြင့်နှင့် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ဥက္ကဋ္ဌဦးမောင်မောင်လတ်၊ ဒါရိုက်တာအဖွဲ့ဝင်(၁) ဦးထွန်းထွန်းဆွေနှင့် တာဝန်ရှိသူတို့က လာရောက်ကြည့်ရှုကြသည်။ **ရွှေတိုင်လွင်**



## နယူးယောက်မြို့နှင့် ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့အကြား အရှည်လျားဆုံး တိုက်ရိုက်လေကြောင်းပျံသန်းမှု စမ်းသပ်မည်

**နယူးယောက် အောက်တိုဘာ ၁၈**

အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့မှ ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့အကြား မရပ်မနားတိုက်ရိုက်ပျံသန်းသည့် ပထမဆုံးခရီးတာအရှည်လျားဆုံး ကုန်သွယ်လေကြောင်း စမ်းသပ်ပျံသန်းမှုကို ဩစတြေးလျနိုင်ငံမှ ကွမ်တပ်စ်လေကြောင်းကုမ္ပဏီက အောက်တိုဘာ ၁၈ ရက်တွင် စတင်ပျံသန်းမည်ဖြစ်သည်။

ယင်းမရပ်မနားခရီးတာ အရှည်လျားဆုံး လေယာဉ်ပျံသန်းမှုတွင် လိုက်ပါမည့် ခရီးသည်များ၏ စိတ်ပိုင်းနှင့် ရုပ်ပိုင်းဆိုင်ရာ ကန့်သတ်ချက်များကို ပညာရှင်များက စမ်းသပ်စစ်ဆေးသွားမည်ဖြစ်သည်။

**စတင်ပျံသန်းမည်**

ယခုနှစ်အတွင်း၌ ယင်းအရှည်လျားဆုံး ခရီးတာအား လေကြောင်းပျံသန်း စမ်းသပ်မှု သုံးကြိမ်ပြုလုပ်ရန် ကွမ်တပ်စ်လေကြောင်းကုမ္ပဏီမှ စီစဉ်ထားပြီး ပထမဆုံး စမ်းသပ်ပျံသန်းမှုကို အောက်တိုဘာ ၁၈ ရက်တွင် စတင်မည်ဖြစ်သည်။ ယင်း ၁၉ နာရီကြာပျံသန်းရမည့် လေယာဉ်ခရီးစဉ်တွင် သုတေသီများက လိုက်ပါကာ ယင်းလေယာဉ်ခရီးစဉ်မှ ခရီးသည်များအပေါ် သက်ရောက်မှုများကို စောင့်ကြည့်လေ့လာမည်ဖြစ်သည်။

ယင်းခရီးစဉ်၌ ဘိုးရင်း ၇၈၇-၉ အမျိုးအစား ခရီးသည်တင် လေယာဉ်အား အသုံးပြုမည်ဖြစ်ပြီး လေယာဉ်အမှုထမ်းများနှင့် ခရီးသည် ၄၀ အထက်ပါဝင်မည်ဖြစ်ကာ ၎င်းတို့ထဲမှ အများစုမှာ ကွမ်တပ်စ်လေကြောင်းကုမ္ပဏီမှ ဝန်ထမ်းများဖြစ်ကြသည်။ အဆိုပါလေယာဉ်သည် နယူးယောက်မြို့မှ အောက်တိုဘာ ၁၈ ရက် တွင် စတင်ပျံသန်းပြီး အောက်တိုဘာ ၂၀ ရက် နံနက်အစောပိုင်းတွင် ဆစ်ဒနီသို့ရောက်ရှိရန် စီစဉ်ထားသည်။

**ပစ္စည်းအလေးချိန်ကန့်သတ်**

ခရီးသည်များအနေဖြင့် သယ်ဆောင်ပစ္စည်းအလေးချိန် နည်းနိုင်သမျှ နည်းရန် ကန့်သတ်ထားပြီး ယင်းလေယာဉ်၏ သယ်ဆောင်နိုင်သည့် လောင်စာဆီပမာဏဖြင့် အကွာအဝေးဆုံးခရီးကို သွားရောက်နိုင်သည့် ပမာဏမှာ ခန့်မှန်းခြေ ကီလိုမီတာ ၁၆၀၀၀ (မိုင် ၉၅၀၀) အထိဖြစ်ပြီး ယင်းခရီးစဉ်အား လောင်စာဆီ ထပ်မံ ဖြည့်ဆည်းရန် မလိုဘဲ ပျံသန်းနိုင်သည်။ အဆိုပါခရီးစဉ်အား ပစိဖိတ်သမုဒ္ဒရာမှ အနောက်ပိုင်းကို ဖြတ်ကျော် ပျံသန်းရန်ဖြစ်သည်။

ယင်းခရီးစဉ်တွင် ဩစတြေးလျတက္ကသိုလ်နှစ်ခုမှ သိပ္ပံပညာရှင်များလည်း လိုက်ပါကာ ခရီးသည်များ၏ လေယာဉ်ခရီးစဉ်အတွင်း အိပ်စက်မှုပုံစံနှင့် အိပ်စက်နေစဉ် ထွက်ပေါ်သည့် မယ်လာတိုနင် ဟိုမုန်းထွက်ပေါ်မှု အဆင့်နှင့် အစားအစာ စားသုံးမှုပမာဏတို့ကို လေ့လာစောင့်ကြည့်သွားမည်ဖြစ်သည်။

**ကိုးကား-အေအက်ဖ်ပီ၊ ဘာသာပြန်-ဇော်ဝင်း**

## ဥရောပသမဂ္ဂ၏ ထုတ်ကုန်တန်ဖိုး ၇ ဒသမ ၅ ဘီလီယံအပေါ် အမေရိကန်ပြည်ထောင်စုက အခွန်တိုးမြှင့်စည်းကြပ်မည်

**ဝါရှင်တန် အောက်တိုဘာ ၁၈**

ဥရောပသမဂ္ဂမှ တင်သွင်းမည့် ထုတ်ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၇ ဒသမ ၅ ဘီလီယံအပေါ်တွင် အမေရိကန်ပြည်ထောင်စုက အကောက်ခွန်နှုန်းထားများ စံချိန်တင်စည်းကြပ်ခဲ့ကြောင်း၊ ၎င်းအခွန်စည်းကြပ်သည့် ကုန်ပစ္စည်းများ၌ လက်တုံ့ပြန်မည်ဟု ခြိမ်းခြောက်မှုများရှိနေကြောင်း သိရသည်။ အဲဘတ်စ် လေကြောင်း ထုတ်လုပ်ပစ္စည်းများ၊ ပြင်သစ်နိုင်ငံမှ ဝိုင်နှင့်စကော့ဝီစကီတို့မှာ အခွန်စည်းကြပ်ခြင်းခံရသည့် ကုန်ပစ္စည်းများထဲ၌ ထင်ရှားသည့် ကုန်ပစ္စည်းများဖြစ်သည်။ ယင်းအခွန်စည်းကြပ်မှုသည် အောက်တိုဘာ ၁၈ ရက်တွင် စတင်မည်ဖြစ်သည်။

ယင်းအခွန်စည်းကြပ်မှု သက်ရောက်မည့်အချိန်မှာ ဝါရှင်တန်မြို့၏ အောက်တိုဘာ ၁၈ ရက် သန်းခေါင်ကျော်တွင် စတင်မည်ဖြစ်သည်။

ဥရောပသမဂ္ဂမှ ကုန်သွယ်ရေးဆိုင်ရာ တာဝန်ရှိသူများနှင့် အမေရိကန်ကုန်သွယ်ရေးဆိုင်ရာ ကိုယ်စားလှယ်တို့အကြား တွေ့ဆုံဆွေးနွေးမှု မအောင်မမြင်ဖြစ်ခဲ့သည့် နောက်ဆုံးမိနစ်တွင် ဆွေးနွေးမှုကို ရွှေ့ဆိုင်းခဲ့ပြီးနောက် အမေရိကန်ပြည်ထောင်စုက အခွန်တိုးမြှင့်စည်းကြပ်မှုကို လုပ်ဆောင်ခဲ့ခြင်း ဖြစ်သည်။

ဗြိတိန်၊ ပြင်သစ်၊ ဂျာမနီနှင့် စပိန်လေးနိုင်ငံတို့ ပူးပေါင်း၍ အရပ်ဘက်သုံးလေယာဉ်များ ထုတ်လုပ်သည့် အဲဘတ်စ်လေယာဉ်ကုမ္ပဏီသည် အမေရိကန်ပြည်ထောင်စုမှ အခွန်တိုးမြှင့်စည်းကြပ်မှုခံရမည့် စာရင်းထဲတွင် ပါဝင်ပြီး ယင်းကုမ္ပဏီမှ ထုတ်ကုန်ပစ္စည်းများအား အမေရိကန်ပြည်ထောင်စုသို့ တင်သွင်းပါက အခွန် ၁၀ ရာခိုင်နှုန်းပါ ပိုပေးဆောင်ရမည်ဖြစ်သည်။




အမေရိကန်ပြည်ထောင်စုမှ အခွန်တိုးမြှင့်ကောက်ယူမည့် ကုန်ပစ္စည်းများတွင် စားသုံးသူဆိုင်ရာ ကုန်ပစ္စည်းများဖြစ်သည့် ပြင်သစ်နိုင်ငံမှ ဝိုင်များလည်းပါဝင်ပြီး အမေရိကန် သမ္မတဒေါ်နယ်ထရန့်က မကြာသေးမီလများအတွင်းကပင် ယင်းကုန်ပစ္စည်းများကို တိုက်ခိုက်မည်ဟု ထုတ်ဖော်ပြောကြားခဲ့သည်။ ပြင်သစ်၊ ဂျာမနီနှင့် စပိန်နိုင်ငံထုတ် ဝိုင်များအား အမေရိကန်ပြည်ထောင်စုသို့ တင်ပို့ပါက အခွန် ၂၅ ရာခိုင်နှုန်း စည်းကြပ်ခံရမည်ဖြစ်သည်။

**ကိုးကား-အေအက်ဖ်ပီ၊ ဘာသာပြန်-ဇော်ဝင်း**

## မက္ကဆီကိုတွင် လုံခြုံရေးတပ်ဖွဲ့များနှင့် မူးယစ်ဂိုဏ်းသားများအကြား တိုက်ပွဲပြင်းထန်စွာဖြစ်ပွား

**ကော်လီကန် အောက်တိုဘာ ၁၈**

မက္ကဆီကိုနိုင်ငံ ဆီနာလိုအာပြည်နယ်တွင် လုံခြုံရေးတပ်ဖွဲ့များနှင့် လက်နက်အပြည့်အစုံတပ်ဆင်ထားသော မူးယစ်ဂိုဏ်းသားများအကြား ပြင်းထန်စွာ တိုက်ပွဲဖြစ်ပွားပြီး လုံခြုံရေးတပ်ဖွဲ့များက ဖမ်းဆီးထိန်းသိမ်းထားသော မူးယစ်ရာဇာ ဂျက်ကွင်းအယ်လ်ချာပို ဂတ်စ်မန်း၏သားဖြစ်သူ အိုဗီတီယို ဂတ်စ်မန်းအား ပြန်လွှတ်ပေးခဲ့ရကြောင်း ယနေ့သတင်းများအရ သိရသည်။

လုံခြုံရေးဝန်ကြီး အယ်လ်ဖွန်ဆိုဒူရာဇို၏ ပြောကြားချက်အရ ကော်လီကန်မြို့တွင် လှည့်ကင်းတာဝန်ထမ်းဆောင်နေသော စစ်သားများအား နေအိမ်တစ်ခုအတွင်းမှ သေနတ်ဖြင့် ပစ်ခတ်သဖြင့် အဆိုပါနေအိမ်အား စစ်သားများက ဝင်ရောက်စီးနင်းသိမ်းပိုက်ပြီး အိမ်အတွင်းရှိ မူးယစ်ရာဇာ အယ်လ်ချာပို၏သား အိုဗီတီယိုအပါအဝင် လူလေးဦးကို ဖမ်းဆီးခဲ့သည်။

မူးယစ်ဂိုဏ်းသားများက ၎င်းနေအိမ်အား ပြန်လည်ဝိုင်းရံတိုက်ခိုက်ခဲ့သဖြင့် ကော်လီကန်မြို့တွင် နာရီအတန်ကြာ နစ်ဖက်တိုက်ပွဲများ ပြင်းထန်စွာဖြစ်ပွားပြီး ကားများ မီးရှို့ဖျက်ဆီးခြင်း ခံခဲ့ရသည်။ မြို့ခံလူထုမှာ အဆိုပါတိုက်ပွဲကြောင့် ပြေးလွှားပုန်းခိုခဲ့ရပြီး နောက်ဆုံးတွင် အခြေအနေကို ထိန်းသိမ်းနိုင်ရန် ပြည်နယ်အစိုးရ လုံခြုံရေးဆိုင်ရာ ကက်ဘိနက် အစည်းအဝေးက တိုက်ခိုက်မှုများရပ်တန့်ရန် ဆုံးဖြတ်ပြီး အိုဗီတီယိုအား ပြန်လွှတ်ပေးရန် ဆောင်ရွက်ခဲ့ရကြောင်း ဆိုသည်။

မက္ကဆီကိုသမ္မတ အန်းဒရက်စ်မယ်နူရယ်လိုပက် အိုဘရာဒါ၏ ရုံးနှင့် လုံခြုံရေးဝန်ကြီး ဒူရာဆိုတို့ထံမှ ယခုဖြစ်ရပ်နှင့်ပတ်သက်ပြီး အသေးစိတ် ထုတ်ပြန်ခြင်းမရှိသေးကြောင်း သိရသည်။ မက္ကဆီကို ရုပ်မြင်သံကြားမှ ထုတ်လွှင့်ချက်အရ စစ်သားများနှင့် ရဲတပ်ဖွဲ့ဝင်များမှာ လက်နက်အပြည့်အစုံ တပ်ဆင်ထားသော လူများ၏ တိုက်ခိုက်မှုကိုခံခဲ့ရကြောင်း တွေ့မြင်ရသည်။

အဆိုပါတိုက်ခိုက်မှုတွင် မော်တော်ယာဉ်မောင်းနှင်သူများက ၎င်းတို့၏ ကားများကို လမ်းလယ်တွင် စွန့်ပစ်ထားခဲ့ပြီး ဘေးလွတ်ရာသို့ ထွက်ပြေးခဲ့ရကြောင်း၊ မြို့နေလူထုမှာလည်း တိုက်ပွဲအလယ်တွင် ပိတ်မိခဲ့ကြောင်း အေအက်ဖ်ပီသတင်းဌာနမှ သတင်းထောက်က ပြောကြားသည်။



ယခု တိုက်ခိုက်မှုအတွင်း အေဂူရူတို အကျဉ်းထောင်မှ အကျဉ်းသားအချို့ လွတ်မြောက်ပြီး ရဲတပ်ဖွဲ့ဝင်များလည်း ဒဏ်ရာရခဲ့ကြောင်းသိရသည်။ ဆီနာလိုအာပြည်နယ်အစိုးရက ကော်လီကန်မြို့နေလူထုအား အေးဆေးငြိမ်သက်စွာ နေရန်နှင့် ညွှန်ကြားချက်များကို လိုက်နာရန် ညွှန်ကြားခဲ့သည်။ အယ်ချာပိုအား အမေရိကန်ပြည်ထောင်စုအတွင်းသို့ ကိုကင်းအပါအဝင် မူးယစ်ဆေးဝါးများ တင်ပို့မှုဖြင့် ထောင်ဒဏ်တစ်သက် တစ်ကျွန်းချမှတ်ခဲ့သည်။

**ကိုးကား-အေအက်ဖ်ပီ**
**ဘာသာပြန်-စိုးသူရ**

## ဟောင်ကောင်ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ကြိုးပမ်းလျက်ရှိ

**ဟောင်ကောင် အောက်တိုဘာ ၁၈**

ဟောင်ကောင်ဒီမိုကရေစီအရေး တက်ကြွလှုပ်ရှားသူများက လာမည့်လတွင် ရွေးကောက်ပွဲတစ်ရပ် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကြိုးပမ်းလျက်ရှိကြောင်း ယနေ့သတင်းများအရ သိရသည်။



အဆိုပါရွေးကောက်ပွဲသည် ဟောင်ကောင်တွင် လေးလကြာဖြစ်ပွားခဲ့သည့် အဓိကရုဏ်းပြီးနောက် ပထမဆုံးကျင်းပသည့် ရွေးကောက်ပွဲတစ်ရပ်ဖြစ်မည်ဖြစ်သည်။ ပြည်သူများက ရွေးကောက်ပွဲတွင် မဲပေးနိုင်ခွင့်ရရှိရေးအတွက် မျှော်လင့်လျက်ရှိကြသည်။ ရွေးကောက်ပွဲတွင် ဒီမိုကရေစီအရေးလှုပ်ရှားသူ အများအပြားဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ သို့သော် ဒီမိုကရေစီအရေးတက်ကြွ လှုပ်ရှားသူအားလုံးကို ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် ခွင့်ပြုမပြုကိုမူ ရှင်းလင်းစွာမသိရသေးပေ။

အမတ်လောင်း ၁၁၀၀ ခန့် ရွေးကောက်ပွဲတွင် ယှဉ်ပြိုင်ရန် စာရင်းသွင်းပြီးဖြစ်သည်။ အဆိုပါအရေအတွက်သည် လွန်ခဲ့သော လေးနှစ်က ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် လွှတ်တော်အမတ်လောင်း အရေအတွက်ထက် ၁၀၀ ခန့် ပိုမိုများပြားကြောင်း တွေ့ရှိရသည်။ ယခုရွေးကောက်ပွဲတွင် အမတ်လောင်းများက လွှတ်တော်အမတ်နေရာ ၄၀၀ ကျော်အတွက် ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

အုပ်ချုပ်ရေးအကြီးအကဲရာထူး အပါအဝင် အခြားနိုင်ငံရေးခေါင်းဆောင်များကို ပြည်သူများက တိုက်ရိုက်ရွေးချယ်ရမည်မဟုတ်ပေ။ ရွေးကောက်ပွဲကော်မတီက အုပ်ချုပ်ရေးအကြီးအကဲရာထူးနှင့် အခြားနေရာများကို ရွေးချယ်မည်ဖြစ်သည်။

ဒေသဆိုင်ရာကောင်စီရွေးကောက်ပွဲများသည် ဟောင်ကောင်တွင် ဒီမိုကရေစီနည်းလမ်းအကျဆုံးဖြစ်သည်ဟု ရှုမြင်သုံးသပ်ကြသည်။ အဆိုပါဒေသဆိုင်ရာကောင်စီများတွင် ရွေးကောက်ပွဲကော်မတီအဖွဲ့ဝင် ၁၀ ရာခိုင်နှုန်း ပါဝင်မည်ဖြစ်သည်။ ရွေးကောက်ပွဲတွင် မဲပေးခွင့်ရှိသူအရေအတွက်သည် ၄ ဒသမ ၁ သန်း ဝန်းကျင်ရှိသည်။

ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ဒီမိုကရေစီတက်ကြွလှုပ်ရှားသူများအနက် တစ်ဦးသည် ဂျင်မီရှမ်ဖြစ်သည်။ သူသည် အောက်တိုဘာ ၁၆ ရက်တွင် ဖြစ်ပွားခဲ့သည့် ဆန္ဒထုတ်ဖော်သူများနှင့် ရဲတပ်ဖွဲ့အကြား အဓိကရုဏ်းတွင် ပြင်းထန်စွာ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ဟောင်ကောင်အတွင်း ဒီမိုကရေစီအရေး ဆန္ဒထုတ်ဖော်မှုများ ပေါ်ပေါက်လာစေရန် လှုံ့ဆော်ပေးခဲ့သည့် ဒီမိုကရေစီခေါင်းဆောင်တစ်ဦး လည်းဖြစ်သည်။

အလားတူ ငါးနှစ်အကြာက Umbrella လှုပ်ရှားမှု တွင် တက်ကြွစွာပါဝင်လှုပ်ရှားခဲ့သူ ဂျိုရှူးဝါး ဝေါင်းသည်လည်း ယခုကျင်းပမည့် ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အောင်ကျော်ကျော်**

# ဆီးရီးယားထိုးစစ်ဆင်မှု ငါးရက်ကြာရပ်ဆိုင်းရန် တူရကီနှင့် အမေရိကန် သဘောတူညီ



**အန်ကာရာ အောက်တိုဘာ ၁၈**

ကာ့ဒ်ဦးဆောင်သော တပ်ဖွဲ့များက နယ်စပ်တစ်လျှောက်ရှိ အပစ်အခတ်ရပ်စဲရေးဇုန်တစ်ခုမှ ဆုတ်ခွာမည်ဆိုလျှင် ဆီးရီးယား၌ ထိုးစစ်ဆင်တိုက်ခိုက်မှုကို ငါးရက်ကြာရပ်ဆိုင်းရန် တူရကီနိုင်ငံက သဘောတူညီခဲ့ကြောင်း အမေရိကန် ဒုတိယ သမ္မတ မိုက်ပန့်စ်နှင့် တူရကီ တာဝန်ရှိသူများက ဆွေးနွေးမှုများပြုလုပ်ပြီးနောက် ကြေညာလိုက်သည်။

နာရီပေါင်း ၁၂၀ ကြာ ဆွေးနွေးမှုများအတွင်း ရရှိခဲ့သော အဆိုပါသဘောတူညီချက်မှာ အမေရိကန်နှင့်တူရကီနိုင်ငံတို့ကြား အရှိန်မြင့်လာသော အကျပ်အတည်းကို ဖြေလျှော့စေမည်ဟုဆိုသော်လည်း ဝေဖန်သူများက အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည် ကာ့ဒ်မဟာမိတ်များကို နောက်ထပ်တစ်ကြိမ် စွန့်ခွာလိုက်ပြီဟုစွပ်စွဲခဲ့သည်။ တူရကီနိုင်ငံ အန်ကာရာမြို့တော်သို့ အမေရိကန် ဒုတိယသမ္မတ မိုက်ပန့်စ်သွားရောက်ပြီးနောက် ရရှိခဲ့သည့် ယင်းသဘောတူညီချက်အရ ကာ့ဒ်တပ်ဖွဲ့များက ၃၂ ကီလိုမီတာ (မိုင် ၂၀) ရှိသည့် ဧရိယာတစ်ခုမှ ဆုတ်ခွာရမည်ဖြစ်ရာ ၎င်းတို့ကို "အကြမ်းဖက်သမားများအဖြစ်" သတ်မှတ်ထားသည့် တူရကီနိုင်ငံက ကြိုးပမ်းခဲ့သော "အပစ်အခတ်ရပ်စဲရေးဇုန်" တစ်ခု ဖြစ်လာခဲ့သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က အမေရိကန်တပ်ဖွဲ့များ ရုပ်သိမ်း၍ တူရကီတို့၏ တိုက်ခိုက်မှုအတွက် လမ်းဖွင့်ပေးခဲ့သော်လည်း နောက်ပိုင်းပြည်တွင်း၌ ဝေဖန်မှုများကြုံတွေ့လာရချိန်တွင် နေတိုးအဖွဲ့၏ မဟာမိတ် တူရကီနိုင်ငံအပေါ် အရေးယူမှုများ ပြုလုပ်ကာ စီးပွားရေးကို ဖျက်ဆီးပစ်မည်ဟု ခြိမ်းခြောက်ခဲ့သည်။ ဆီးရီးယား ဒီမိုကရက်တစ်တပ်ဖွဲ့ (SDF) ဆုတ်ခွာမှုပြီးဆုံးလျှင် တူရကီ၏ စစ်ဆင်ရေးကို အပြည့်အဝ ရပ်တန့်မည်ဖြစ်ကာ အမေရိကန်ကလည်း အရေးယူမှုများ ရုပ်သိမ်းမည်ဖြစ်ကြောင်း မျှော်လင့်ထားသည်ထက် ပို၍ကြာမြင့်သည့် တူရကီသမ္မတ ရီဆက်တေယက်အာဒိုဂန်နှင့် ဆွေးနွေးမှုများ ပြုလုပ်ပြီးနောက် မိုက်ပန့်စ်က သတင်းထောက်များသို့ ပြောကြားခဲ့သည်။ လာမည့် နာရီ ၁၂၀ အတွင်း တပ်ဖွဲ့များ ဆုတ်ခွာမှု အဆင်ပြေချောမွေ့စေရန် အမေရိကန်နိုင်ငံက ဆီးရီးယား ဒီမိုကရက်တစ်တပ်ဖွဲ့ (SDF)ကို လွှမ်းမိုးထားသော ကာ့ဒ်တိုက်ခိုက်ရေးသမားများနှင့် လက်တွဲဆောင်ရွက်မည်ဟု မိုက်ပန့်စ်က ပြောသည်။

ရက်စ်အယ်လ်အိန်းမှ တော်လ်အဒ်ယဒ်နယ်မြေအထိ အကျုံးဝင်သော အပစ်အခတ်ရပ်စဲရေးကို လိုက်နာစောင့်ထိန်းရန် မိမိတို့တပ်ဖွဲ့များ အဆင်သင့်ရှိနေပါကြောင်း ဆီးရီးယား ဒီမိုကရက်တစ်တပ်ဖွဲ့ (SDF) အကြီးအကဲ မတ်ဇ်လမ်အဘ်ဒီက ပြောကြားသည်။ သဘောတူညီချက် အသက်ဝင်လာစေရန် အရေးယူမည့် ခြိမ်းခြောက်မှုများနှင့်အတူ "ဆုပေးဒဏ်ပေးစနစ်"ကို အမေရိကန်နိုင်ငံက ကျင့်သုံးနေမှုကြောင့် ကာ့ဒ်တိုက်ခိုက်ရေးသမားများ မပျော်မရွှင်ဖြစ်နေသည်ဟု ဆီးရီးယားဆိုင်ရာ အမေရိကန်တပ်ဖွဲ့ အကြီးအကဲ ဂျိမ်းစ်ဂျက်ဖရေက ပြောကြားသည်။ "ဆုတ်ခွာရမယ့် နယ်မြေတွေမှာ သူတို့ဆက်နေချင်တာ သံသယမရှိပါဘူး" ဟု အမေရိကန် နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီယိုနှင့်အတူ အန်ကာရာမှ သွားရောက်ခဲ့သည့် ၎င်းက သတင်းထောက်များသို့ ပြောကြားခဲ့သည်။

တူရကီ၏ ထိုးစစ်ဆင်တိုက်ခိုက်မှု စတင်ချိန်နောက်ပိုင်း အရပ်သား ၃၀၀၀၀၀ ကျော် နေရပ်စွန့်ခွာခဲ့ရခြင်းကြောင့် ၂၀၁၁ ခုနှစ်တွင် စတင်ခဲ့သည့် ဆီးရီးယားပြည်တွင်းစစ်အတွင်း အကြီးမားဆုံးသော ကသောင်းကနင်းဖြစ်ရပ်တစ်ခုဟု လူ့အခွင့်အရေးဆိုင်ရာ ဆီးရီးယား စောင့်ကြည့်လေ့လာရေးအဖွဲ့က ပြောကြားသည်။ အရပ်သားများအပါအဝင် လူပေါင်း ၅၀၀ နီးပါး သေဆုံးခဲ့ပြီး အများစုမှာ ကာ့ဒ်တပ်ဖွဲ့ဘက်မှဖြစ်ကြောင်း ယင်းအဖွဲ့က ဆိုသည်။

**ကိုးကား – အေအက်ဖ်ပီ၊ ဘာသာပြန် – ကျော်ထိုက်စိုး**





အာကာသယာဉ်မှူး ခရစ်စတီးနားကော့ခ်

အာကာသယာဉ်မှူး ဂျက်ဆီကာမိုင်းလ်

# အာကာသထဲသို့ သွားရောက်မည့် ပထမဆုံးအမျိုးသမီး အာကာသယာဉ်မှူးအဖွဲ့ နာဆာရွေးချယ်

**ဝါရှင်တန် အောက်တိုဘာ ၁၈**

အာကာသထဲတွင် လမ်းလျှောက်မည့် ပထမဆုံးအမျိုးသမီးအာကာသယာဉ်မှူးအဖွဲ့အတွက် အမေရိကန်အာကာသယာဉ်မှူး ခရစ်စတီးနားကော့ခ်နှင့် ဂျက်ဆီကာမိုင်းလ်တို့ကို နာဆာက ရွေးချယ်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

၎င်းတို့အနေဖြင့် အာကာသထဲတွင် ပြင်ဆင်ရေးလုပ်ငန်းများ စတင်မဆောင်ရွက်မီ အာကာသအထူးဝတ်စုံများနှင့် ခါးထိန်းကြိုးများအား လုံခြုံမှုရှိစေရန် စစ်ဆေးမှုများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

**သမိုင်းတွင်ကျန်ရစ်မည်**

"ကျွန်တော်တို့အနေနဲ့ အသေအချာပြောချင်တာကတော့ အာကာသဆိုတာ လူတိုင်းအတွက် သင့်တော်တယ်ဆိုတဲ့အချက်ဖြစ်ပြီး ယခုစီမံကိန်းဟာ သမိုင်းမှတ်တိုင်တစ်ခု တွင်ကျန်ရစ်မှာဖြစ်ပါတယ်"ဟု နာဆာအုပ်ချုပ်ရေးမှူး ဂျင်ဘရီဒင်စတိုင်းက သတင်းထောက်များအား ပြောကြားသည်။

အာကာသထဲတွင် လမ်းလျှောက်မည့် စီမံကိန်းကို မတ်လအတွင်းက စီစဉ်ခဲ့သော်လည်း ဝတ်စုံအခက်အခဲကြောင့် ဖျက်သိမ်းခဲ့ရသည်။

ယခုအစီအစဉ်တွင် ပါဝင်ဆောင်ရွက်မည့်ကော့ခ်မှာ လျှပ်စစ်အင်ဂျင်နီယာတစ်ဦးဖြစ်ပြီး မိုင်းလ်သည် အဏ္ဏဝါဇီဝပညာရှင်တစ်ဦးဖြစ်သည်။

**ဘက်ထရီအစားထိုးလဲလှယ်မည်**

အဆိုပါ အာကာသယာဉ်မှူးနှစ်ဦးသွားရောက်မည့် အာကာသစခန်းအား ဆိုလာစနစ်ဖြင့် လည်ပတ်ပြီး ဘက်ထရီများ လိုအပ်လျက်ရှိသည်။ ၎င်းတို့၏တာဝန်မှာ ဟောင်းနွမ်းနေသော နီကယ်ဟိုက်ဒရိုဂျင်ဘက်ထရီများနေရာတွင် စွမ်းအားမြင့်လီသီယမ်ဘက်ထရီများဖြင့် အစားထိုးလဲလှယ်ရန်ဖြစ်သည်။ အမေရိကန်ပြည်ထောင်စုအနေဖြင့် ၁၉၈၃ ခုနှစ်တွင် ဆယ်လီရိုက်အား အမျိုးသမီးအာကာသယာဉ်မှူးအဖြစ် အာကာသထဲသို့ စေလွှတ်ခဲ့သည်။ ၁၉၆၃ ခုနှစ်တွင် ရုရှားအာကာသယာဉ်မှူး ဗလင်တီနာထရက်ကိုဘာသည် အာကာသထဲသို့ ရောက်ရှိခဲ့သော ပထမဆုံးအမျိုးသမီး အာကာသယာဉ်မှူးဖြစ်လာသည်။ ယခုခရစ်စတီးနားကော့ခ်နှင့် ဂျက်ဆီကာမိုင်းလ်တို့ ဆောင်ရွက်မည့်အစီအစဉ်သည် ၂၀၂၄ ခုနှစ်တွင် လကမ္ဘာသို့သွားရောက်မည့် နာဆာ၏အစီအစဉ်အရ ဆောင်ရွက်ခြင်းဖြစ်သည်။

**ကိုးကား–အေအက်ဖ်ပီ**

**ဘာသာပြန်–စိုးသူရ**

# အယ်လ်ကလက်စီကိုပွဲစဉ် မြို့ပြမငြိမ်သက်မှုများအပေါ် စိုးရိမ်သဖြင့် ကစားမည့်ရက် ရွှေ့ဆိုင်း

အခုလထဲမှာကစားရမယ့် ဘာစီလိုနာအသင်းနဲ့ ရီးယဲလ်မက်ဒရစ်အသင်းတို့ရဲ့ အယ်လ်ကလက်စီကိုပွဲစဉ်ကို မြို့ပြမငြိမ်သက်မှုများအပေါ် စိုးရိမ်ရသဖြင့် ကစားမယ့်ရက်ကို ရွှေ့ဆိုင်းလိုက်ရတယ်လို့ ဆိုပါတယ်။

အဆိုပါအယ်လ်ကလက်စီကို ပွဲစဉ်ကို အောက်တိုဘာ ၂၆ ရက်မှာ ကျင်းပဖို့ရည်ရွယ်ထားတာဖြစ်ပြီး ကတ်တလန်ခွဲထွက်ရေးခေါင်းဆောင်ကိုးဦးကို ထောင်ချခဲ့ပြီးနောက် ဘာစီလိုနာမှာ ဆန့်ကျင်ဆန္ဒပြမှုတွေဖြစ်ပေါ်ခဲ့တာကြောင့် အဲဒီပွဲစဉ်ကစားမယ့်ရက်ကို ရွှေ့လိုက်တာဖြစ်တယ်လို့ သိရပါတယ်။

ဘာစီလိုနာအသင်းနဲ့ ရီးယဲလ်မက်ဒရစ်အသင်းတို့ဟာ ဘာစီလိုနာမှာ ကစားမယ့်အယ်လ်ကလက်စီကိုပွဲစဉ်ကို မက်ဒရစ်မြို့မှာ ပြောင်းရွှေ့ကျင်းပဖို့ တောင်းဆိုမှုတွေကိုလည်း သဘောတူညီခဲ့တာမရှိခဲ့ပါဘူး။ အဲဒါကြောင့် ကွင်းပြောင်းလဲကစားမယ့် အစီအစဉ်မဖြစ်တော့ဘဲ ရက်ပြောင်းပြီးတော့ ကစားမယ့်အစီအစဉ်ကိုတော့ ဘာစီလိုနာအသင်းရော ရီးယဲလ်မက်ဒရစ်အသင်းပါ သဘောတူညီရမှာဖြစ်ပါတယ်။

ဘာစီလိုနာအသင်းဟာ အောက်တိုဘာ ၂၃ ရက်မှာ ချန်ပီယံလိဂ်ပွဲစဉ်အဖြစ် ဆလာဗီယာပရက်အသင်းရဲ့ အိမ်ကွင်းကိုသွားရောက်ကစားရမှာဖြစ်လို့ အယ်လ်ကလက်စီကိုပွဲစဉ်ကို မက်ဒရစ်မြို့မှာ ပြောင်းရွှေ့ကစားမယ့်အစီအစဉ်ကို ဘာစီလိုနာအသင်းက သဘောမတူခဲ့တာလို့လည်း ဘာစီလိုနာ အသင်းနည်းပြ ဗယ်လ်ဗာဒီက ပြောကြားခဲ့ပါတယ်။ စပိန်နိုင်ငံ ကတ်တလန်ဒေသမှာ ဆန္ဒပြမှုတွေကို ငါးရက်ကြာပြုလုပ်လျက်ရှိပြီး ထောင်ပေါင်းများစွာသော ပြည်သူတွေကလည်း လွတ်လပ်ရေးလိုလားသော အလံများ ဝှေ့ယမ်းကာ အောက်တိုဘာ ၁၈ ရက်မှာ ကတ်တလန်ဒေသတစ်ခုလုံးမှာ တက်ကြွလှုပ်ရှားမှုတွေပြုလုပ်ခဲ့တာ ဖြစ်ပါတယ်။



# ၂၀၂၀ မှာ လယ်လာနာကို ရောင်းချရန် လီဗာပူးအသင်း စီစဉ်

လီဗာပူးအသင်းဟာ လာမယ့်နှစ်မှာ ကွင်းလယ်ကစားသမား လယ်လာနာကို ရောင်းချဖို့ စီစဉ်နေတယ်လို့ ဆိုပါတယ်။ အသက် ၃၁ နှစ်အရွယ်ရှိ လယ်လာနာဟာ ယခုနှစ်ဘောလုံးရာသီမှာ တစ်ပွဲသာ ပွဲထွက်ကစားခွင့်ရရှိခဲ့ပြီး အဲဒီပွဲစဉ်ဟာလည်း အမ်ကေဒွန်းအသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ပွဲစဉ်ဖြစ်ပါတယ်။

လယ်လာနာရဲ့ လီဗာပူးအသင်းနဲ့ ချုပ်ဆိုထားတဲ့ လက်ရှိစာချုပ်သက်တမ်းဟာ လာမယ့်နွေရာသီအပြောင်းအရွှေ့ ကာလအတွင်းမှာ ကုန်ဆုံးမှာဖြစ်ပြီး လီဗာပူးအသင်းအနေနဲ့ စာချုပ်သက်တမ်းကုန်ရင် နောက်ထပ် ၁၂ လထပ်တိုးစာချုပ်ချုပ်ခွင့်ရရှိထားပေမယ့် စာချုပ်သစ်ချုပ်ဆိုမှာမဟုတ်ဘဲ ရောင်းချသွားမယ်လို့ ဆိုပါတယ်။

လီဗာပူးအသင်းရဲ့ ကွင်းလယ်ပိုင်းမှာ ဖာဘင်ဟို၊ ဂျော်ဒန်ဟန်ဒါဆန်၊ ဝစ်ဂျ်နယ်လ်ဒန်၊ ဂျိမ်းမီနာ၊ နာဘီကီတာနဲ့ ချန်ဘာလိန်တို့ ရှိနေခဲ့တာကြောင့် လယ်လာနာဟာ ပုံမှန်ပွဲထွက်ကစားခွင့် ပျောက်ဆုံးခဲ့ရတာ ဖြစ်ပါတယ်။

လယ်လာနာဟာ ၂၀၁၄ ခုနှစ်က ဆောက်သမ်တန်အသင်းကနေ ပြောင်းရွှေ့လာခဲ့ပြီးနောက်ပိုင်း လီဗာပူးအသင်းနဲ့အတူ ပွဲပေါင်း ၁၆၁ ပွဲ ပါဝင်ကစားပေးခဲ့ပြီး သွင်းဂိုး ၂၁ ဂိုးသွင်းယူပေးထားကာ ဂိုးဖန်တီးပေးနိုင်မှု အကြိမ် ၂၀ ပြုလုပ်ထားနိုင်ခဲ့တာဖြစ်ပါတယ်။

ဝေကြယ်–ရေးသားသည်

# မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၁၈**
စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၁၇ ရက် ညနေ ၄ နာရီက မုံရွာမြို့နယ် ပုရစ်ကုန်းကျေးရွာအုပ်စု ပုရစ်ကုန်း(တောင်)ကျေးရွာနေ နိုင်လင်း၏နေအိမ်ကိုရှာဖွေရာ စိတ်ကြွဆေးပြား ၂၂၉၅ ပြား၊ စိတ်ကြွဆေးပြားအကြေမှုန့်ခြောက်ဂရမ် သိမ်းဆည်းရမိခဲ့သည်။

အလားတူ အောက်တိုဘာ ၁၆ ရက် နံနက်ပိုင်းတွင် ကျွန်းစုမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျွန်းစုမြို့နယ်၊ မဲတောကျေးရွာအုပ်စု အုပ်ဖိုမော် ကျေးရွာနေ ဇော်ဦး၏နေအိမ်ကို ရှာဖွေရာ ၎င်းအား နေအိမ်တွင်မတွေ့ရှိဘဲ ၎င်း၏ဇနီးဖြစ်သူ မငြိမ်းငြိမ်းဦးအားတွေ့ရှိရပြီး စိတ်ကြွဆေးပြား ၇၆၀၀ ကိုလည်းကောင်း၊ အလားတူ ယင်းနေ့ ညပိုင်းက နောင်မွန်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လားရှိုးမြို့နယ် နောင်မွန်ကျေးရွာအုပ်စု နောင်ယာမကျေးရွာရှိ သချိုင်းအနီး၊ လားရှိုး-မန္တလေးကားလမ်းပေါ်တွင် တွေ့ရှိသူ စိန်ဝေ(ခ) လောက်စန်းအား ရှာဖွေရာ ဘိန်းဖြူ ၂၂ ဂရမ်၊ စိတ်ကြွဆေးပြား ၁၁၇၀ တို့ကိုလည်းကောင်း၊ အလားတူ အောက်တိုဘာ ၁၇ ရက် ညနေပိုင်းတွင် မူးယစ်တပ်ဖွဲ့စု ၂၄ လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လားရှိုးမြို့နယ် ခါးသျှိကျေးရွာအုပ်စု မူဆယ်-မန္တလေးပြည်ထောင်စုကားလမ်းတွင် ကျော်သူစိုး(ခ)တောင်ကျော်မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွဆေးပြား ၃၆၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ လားရှိုးမြို့ အမှတ်(၁)ရပ်ကွက် ပါရမီလမ်းနေ အောင်မင်း(ခ)မင်းမင်း၏နေအိမ်ကို ရှာဖွေရာ ၎င်းအား လက်ကိုင်ဖုန်းနှစ်လုံးနှင့် အတူဖမ်းဆီးရမိပြီး ၎င်း၏ထွက်ဆိုချက်အရ လားရှိုးမြို့နယ် မူဆယ်-မန္တလေးကားလမ်း မိုင်တိုင်အမှတ် (၁၆၆)အနီး ချုံပုတ်အတွင်းရှိ မော်တော်ယာဉ် တာယာအတွင်းမှ ၎င်းသိုဝှက်ထားသော စိတ်ကြွဆေးပြား ၁၀၈၀၀၀ တို့ကို ထပ်မံ သိမ်းဆည်းရမိခဲ့သည်။


စိန်ဝေ(ခ)လောက်စန်း၊ ကျော်သူစိုး(ခ)တောင်ကျော်၊ အောင်မင်း(ခ)မင်းမင်း တို့အားဖမ်းဆီးရမိ မူးယစ်ဆေးဝါးများနှင့်အတူတွေ့ရစဉ်။

ထို့အတူ အောက်တိုဘာ ၁၇ ရက် နံနက်ပိုင်းက တပ်မတော်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် မဘိမ်းမြို့နယ် ကုန်းခါးရပ်ကွက် မဘိမ်း-မိုးမိတ်သွား ကားလမ်းတွင် ကျော်သန်းနိုင်(ခ)သားငယ် မောင်းနှင်ပြီး မတင်တင်နွဲ့ လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွဆေးပြား ၁၀၀၀၊ လက်ကိုင်ဖုန်း နှစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

## ပင်လည်ဘူးမြို့နယ်တွင် တရားမဝင်သစ်များ ဖမ်းမိ

**ပင်လည်ဘူး အောက်တိုဘာ ၁၈**
ပင်လည်ဘူးမြို့နယ် ကောလင်း-ပင်လည်ဘူးသွား ကားလမ်းမကြီးပေါ်မှ တရားမဝင်သစ်ခွဲသားများတင်ဆောင်လာသော ယာဉ်တစ်စီး ဖမ်းမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၁၇ ရက် မွန်းလွဲ ၂ နာရီခွဲခန့်တွင် ပင်လည်ဘူးမြို့နယ်သစ်တောဦးစီးဌာနမှ တောအုပ်ကြီးမြင့်ကျော် ဦးစီးသောအဖွဲ့သည် နယ်မြေခံရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်း၍ ကောလင်း-ပင်လည်ဘူး သွားကားလမ်းတွင် သတင်းအရ စောင့်ဆိုင်းနေစဉ် ရှမ်းပြည်နယ် တောင်ကြီးမြို့ အေးသာယာရပ်ကွက်နေ ပြည့်ဖြိုးအောင်မောင်းနှင်လာသော ယာဉ်အား ရပ်တန့်စစ်ဆေးရာ အဆိုပါ ယာဉ်အတွင်းမှ တရားမဝင် ကျွန်းပွတ်လုံး၊ ကျွန်း၊ တမလန်းခွဲသားဆိုဒ်စုံ ၁၄၅ ချောင်း အားရှာဖွေ တွေ့ရှိရသဖြင့် ပြည့်ဖြိုးအောင်အား ပင်လည်ဘူးမြို့မရဲစခန်းကအရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

**လူအောင်(ကသာ)**

# ကျောက်တံခါးမြို့နယ်၌ လူသတ်မှုကျူးလွန်သူအားဖမ်းဆီးစဉ် ပြန်လည်ရန်ပြုသဖြင့် သတိပေးပစ်ခတ်ဖမ်းဆီး

**နေပြည်တော် အောက်တိုဘာ ၁၈**
ကျောက်တံခါးမြို့နယ်၌ လူသတ်မှုကျူးလွန်သူအား ဖမ်းဆီးစဉ် ပြန်လည်ရန်ပြု၍ ရဲတပ်ဖွဲ့ဝင်တစ်ဦး လည်ပင်းတွင်ဒဏ်ရာရရှိသဖြင့် သတိပေးပစ်ခတ်ဖမ်းဆီးရာ ပြစ်မှုကျူးလွန်သူတစ်ဦး အခင်းဖြစ်နေရာ၌ သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကျောက်တံခါးမြို့နယ် အိုင်တုံသစ်တောကြိုးဝိုင်းမှ နေ့စားအလုပ်သမားများဖြစ်သည့် ကညွတ်ကွင်းမြို့ ရွာကန့်လန့် ကျေးရွာနေ ထွန်းနိုင်ဦး၊ ဆိမ့်ကြီး ကျေးရွာနေ ရင်ကြည်၊ ကျော်ဟိန်းနှင့် ညောင်ပင်သာကျေးရွာနေ တိုင်းကျော်တို့သည် ယမန်နေ့ မွန်းလွဲ ၃ နာရီတွင် အိုင်တုံသစ်တောကြိုးဝိုင်း ပျိုးဥယျာဉ်အနီးတဲ၌ အရက်သောက်စားစဉ် စကားများရန်ဖြစ်ပြီး ထွန်းနိုင်ဦးက ကိုင်းခုတ်ဓားဖြင့်ခုတ်၍ တိုင်းကျော်တွင် ကုပ်ပိုးပြတ်ရှဒဏ်ရာ ရရှိကာ အခင်းဖြစ်နေရာတွင် သေဆုံးသွားသောကြောင့် ထွန်းနိုင်ဦး၊ ရင်ကြည်နှင့် ကျော်ဟိန်းတို့အား တောကျွဲအင်းနယ်မြေရဲစခန်းက အမှုဖွင့်ဆောင်ရွက်ခဲ့သည်။

အမှုမှ ပြစ်မှုကျူးလွန်သူထွန်းနိုင်ဦးသည် ယင်းနေ့ ညနေ ၆ နာရီခွဲတွင် ၎င်း၏ နေအိမ်သို့ရောက်ရှိနေကြောင်း သတင်းအရ ကျောက်တံခါးမြို့နယ် ရဲတပ်ဖွဲ့မှူး ဦးစီးသည့်အဖွဲ့က သွားရောက်ဖမ်းဆီးစဉ် စကေဘာဖြင့် ထိုးသောကြောင့် ရဲတပ်ဖွဲ့ဝင် တစ်ဦး လည်ပင်းဒဏ်ရာရရှိခဲ့သဖြင့် သတိပေးပစ်ခတ်ဖမ်းဆီးခဲ့ရာ ၎င်း၏ ဦးခေါင်းဝဲဘက်ကျည်ထိမှန် ဒဏ်ရာရရှိပြီး အခင်းဖြစ်နေရာ၌ သေဆုံးသွားသည်။

သို့ပါ၍ ကညွတ်ကွင်းနယ်မြေရဲစခန်းက အမှုဖွင့် စစ်ဆေးလျက်ရှိပြီး ညနေ ၆ နာရီ ၄၅ မိနစ်တွင် ရင်ကြည်အား ဆိမ့်ကြီးကျေးရွာလမ်းပေါ်၌ ဖမ်းဆီးရမိခဲ့ကာ ထွက်ပြေးတိမ်းရှောင်လျက်ရှိသော ကျော်ဟိန်းအား လိုက်လံဖမ်းဆီးလျက်ရှိကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ သတင်းရရှိသည်။ **သတင်းစဉ်**

## စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့အတွင်း တရားမဝင်သစ်များ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၁၈**
သစ်တောဦးစီးဌာနမှ သစ်တောဝန်ထမ်းများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒု-မြို့နယ် အုပ်ချုပ်ရေးမှူးပါ ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့်ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၁၄ ရက်မှ ၁၆ ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် မကျည်းအင်းကျေးရွာ၏ မြောက်ဘက် တစ်ဖာလုံခန့်အကွာနေရာမှ မော်တော်ယာဉ် တရားမဝင် တမလန်းခါးရွေ ( ဒသမ ၄၃၈၄)တန်၊ ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ်၊ ရေကျော်ကျေးရွာ အရှေ့တောင်ဘက်၊ လယ်ကွင်းအစပ်နေရာ၌ တရားမဝင် ကျွန်းခွဲသား (၂ ဒသမ ၉၀၅၈) တန်၊ ကချင်ပြည်နယ် မြစ်ကြီးနားခရိုင်၊ မိုးညှင်းမြို့နယ် လွိုင်မော်ကြိုးဝိုင်းအကွက် အမှတ်(၂၂)အတွင်းမှ တရားမဝင်ကြေးလံ၊ ခလောင်၊ ဘိုင်၊ မအူ၊ လောင်ယားသစ် (၂၁ ဒသမ ၆၅၂) တန်နှင့် လက်ကိုင်လွှစက်တစ်လုံးတို့ကို ပိုင်ရှင်မဲ့ ဖမ်းဆီးရမိခဲ့ပြီး ဆက်စပ်ပတ်သက်သူများအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေးစီစဉ် ဆောင်ရွက်လျက်ရှိကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။ **မောင်လူမော်**



# ပေါင်းတည်မြို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**ပေါင်းတည် အောက်တိုဘာ ၁၈**
ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များနှင့်ပူးပေါင်းအဖွဲ့သည် မူးယစ်ဆေးဝါးသတင်းအရ ယမန်နေ့ မွန်းလွဲ ၂ နာရီခန့်က ပျဉ်းပင်ကန်ရပ်ကွက် အတွင်းလမ်းနေ ဦးအောင်ချိုအေး (ခ) လရှစ် နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ နေအိမ်တွင်အောင်ချိုအေး(ခ)လရှစ်ကို တွေ့ရှိပြီး ရှာဖွေရာ စိတ်ကြွဆေးပြား ၉၆ ပြားကို တွေ့ရှိပြီး ဆက်လက်ရှာဖွေရာ ၎င်း၏နေအိမ် အနောက်ဘက် အိမ်သာရှေ့ ခြံစည်းရိုးအစပ်တွင် ကျင်းတူး၍ မြှုပ်ထားသည့် ပုလင်းအတွင်းမှ စိတ်ကြွဆေးပြား ၂၀၀ စီပါ နှစ်ထုပ်နှင့် ၁၈၉ ပြားပါ တစ်ထုပ်တို့ကို ထပ်မံတွေ့ရှိခဲ့ရာ စုစုပေါင်း စိတ်ကြွဆေးပြား ၆၈၅ ပြားတို့ကို သိမ်းဆည်းရမိခဲ့ကြောင်း၊ ဖြစ်စဉ်နှင့်ပတ်သက်၍ ပေါင်းတည်မြို့မရဲစခန်းက အောင်မျိုးအေး(ခ)လရှစ်အား အမှုဖွင့် အရေး ယူဆောင်ရွက်ထားရှိကြောင်း သိရှိရသည်။

**တင်ဝင်းဇော်(မင်းသားကြီး)**

## နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်များမှ တရားမဝင်သစ်များ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၁၈**
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၇ ရက်မှ ၁၃ ရက်အထိ နေပြည်တော်ကောင်စီနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်၊ သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင် ကျွန်း ၅၄ ဒသမ ၅၀၀၀တန်၊ သစ်မာ၄၅ ဒသမ ၃၃၂၆ တန်၊ အခြား ၁၄၂ ဒသမ ၅၂၇၉ တန်၊ စုစုပေါင်း ၂၄၂ ဒသမ ၁၆၀၅တန် ပြစ်မှုကျူးလွန်သူ၃၃ ဦး၊ ယာဉ်/ယန္တရား ၂၉စီး ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**မောင်လူမော်**



# ရှေ့နေနှင့် ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး

**à ဦးဟန်ညွန့် ( ဥပဒေ )**

**နိဒါန်း**

"ဆရာ"

"ဗျာ"

"ဒီတစ်ပတ်ဆောင်းပါးခေါင်းစဉ်က ဘာလဲဆရာ "

" ရှေ့နေနှင့် ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေးပါ"

"ဘယ်လိုအဓိပ္ပာယ်နဲ့ ရေးတာလဲဆရာ"

"အဂတိလိုက်စားမှုတိုက်ဖျက်ရေးမှာ ပါဝင်ဆောင်ရွက်ရင်း ဖြောင့်မတ်တည်ကြည်မှု မြှင့်တင်ရေးကအဓိကကျတယ်ဆိုတဲ့ အတွေ့အကြုံ တင်ပြချက်ပါ"

"နည်းနည်းရှင်းပြ၊ ရေးပြပါဆရာ"

"လေ့လာဖတ်ရှုကြည့်ကြပါစို့ ..."

ပုံ (၁)




**ဖြောင့်မတ်တည်ကြည်မှု ( Integrity )**

ဖြောင့်မတ်တည်ကြည်မှု၏ အဓိပ္ပာယ်မှာ များစွာကျယ်ဝန်းလှပါသည်။

ဖြောင့်မတ်တည်ကြည်မှုဆိုတာ ဘာလဲ။ ရိုးသားစွာပြုမူဆောင်ရွက်ခြင်းပါပဲ။

(Acting with Honesty )

မည်သူမျှ ကြည့်မနေလျှင်တောင်မှ မှန်ကန်သည့်အရာကို ပြုလုပ်ခြင်းဖြစ်ပါတယ်။

( DOING THE RIGHT THING, EVEN NOBODY IS WATCHING)

(ပုံ - ၁ ကိုရည်ညွှန်းပါသည်)

ကျောင်းပညာရေးတွင် ဖြောင့်မတ်တည်ကြည်မှုအကြောင်းတင်ပြဖို့ လိုအပ်လှပါသည်။ ရိုးသားမှု၊ မှန်ကန်မှု၊ တရားမျှတမှုနှင့် လေးစားလိုက်နာမှုရှိစွာ ပြုမူဆောင်ရွက်ခြင်း၊ ကိုယ့်အားကိုယ်ကိုး၊ ကိုယ့်အလုပ်ကိုယ်တိုင်လုပ်ခြင်း (Doing your Own Work)၊ အခြားလူများ၏ လုပ်ကိုင်ဆောင်ရွက်ထားချက်ကို အမြဲတမ်းရည်ညွှန်းကိုးကား ဖော်ပြပေးခြင်း (Always Referencing the work of others ) တို့အကြောင်း လူငယ်တို့အား သင်ပြရေး အကျိုးဝင်ပါသည်။ ထို့ကြောင့် ဖြောင့်မတ်တည်ကြည်မှု မြှင့်တင်ရေး ပညာပေးအစီအစဉ်ကို ဖော်ထုတ်တင်ပြခဲ့ခြင်းဖြစ်ပါသည်။

**အဂတိလိုက်စားခြင်း**

အဂတိလိုက်စားခြင်းသည် ကိုယ်ကျင့်တရား ပျက်ယွင်းခြင်းဖြစ်ပါသည်။ ကိုယ့်ကျင့်တရား ပျက်ယွင်းခြင်းကို ဆန့်ကျင်တိုက်ဖျက်ခြင်းသည် Anti-Corruption ဖြစ်ပါသည်။ တစ်နည်းအားဖြင့် ကိုယ်ကျင့်တရား ကောင်းမွန်အောင်ပြုပြင်ပေးခြင်းလည်း ဖြစ်ပါသည်။ ကိုယ်ကျင့်တရားကောင်းဖို့ ဖြောင့်မတ်တည်ကြည်မှုကို မြှင့်တင်ပေးရမည်ဖြစ်ပါသည်။ အဂတိလိုက်စားမှုကြောင့် ဖြစ်ပေါ်နိုင်သော ကိုယ်ကျင့်တရားပျက်ယွင်းခြင်း၏ အကြောင်းရင်းများနှင့် အန္တရာယ်များကို သိရှိနားလည်ဖို့ လိုအပ်မည်ဖြစ်ပေသည်။

**ပညာရေးဝန်ကြီးဌာန၏အခန်းကဏ္ဍ**

ကျောင်းနေစဉ်ကပင် ဖြောင့်မတ်တည်ကြည်မှု မြှင့်တင်ရေးက သင်ကြားလေ့ကျင့်ပေးဖို့၊ ကျောင်းသားလူငယ်များ၏ စိတ်ထဲတွင်စွဲမြဲလာပြီး ဘဝတစ်လျှောက်လုံး မည်သည့်ကိစ္စမဆို ဖြောင့်မတ်တည်ကြည်မှုဖြင့် ဆောင်ရွက်သွားနိုင်သော အလေ့အကျင့် ရရှိသွားမည်ဟု ယုံကြည်ကြသည်။ သို့ဖြစ်၍ ပညာရေးဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။ ပညာပေး အစီအစဉ်ဆရာကိုင်စာအုပ်ထုတ်ဝေခဲ့ကြသည်။

၂၀၁၉ ဇူလိုင် ၂၉ ရက်နေ့ နံနက်ပိုင်းက နေပြည်တော် ပညာရေးဝန်ကြီးဌာန အစည်းအဝေး ခန်းမ၌ ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေးအစီအစဉ်( အခြေခံပညာအလယ်တန်း ) ဆရာကိုင်စာအုပ်များ ပေးအပ်ပွဲအခမ်းအနား ကျင်းပခဲ့သည်။ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**စာအုပ်များပေးအပ်**

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက တိုင်းဒေသကြီး၊ ပြည်နယ် ပညာရေးမှူးများအား ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေးအစီအစဉ်(အခြေခံပညာအလယ်တန်း)ဆရာကိုင် စာအုပ်များ ပေးအပ်ခဲ့သည်။ အမှတ်တရအမှာစကား ပြောကြားခဲ့သည်။

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်ကလည်း "ဖြောင့်မတ်တည်ကြည်မှုရှိသော ယဉ်ကျေးမှုသည် လူငယ်တို့၏ ပညာရေး စာသင်ကျောင်းများမှသာ စတင်ရမည် ဖြစ်ကြောင်း ပြည်သူ့ဝန်ထမ်းများနှင့် အုပ်ချုပ်ရေးယန္တရား၊ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ၊ အရပ်ဘက် အဖွဲ့အစည်းများ၊ မီဒီယာများပါမကျန် တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့အစည်းလိုက်ဖြစ်စေ၊ ဤယဉ်ကျေးမှုတွင် ပါဝင်လာစေရန် အားထုတ်ရမည်ဖြစ်ပါကြောင်း" စသည်ဖြင့် ဆွေးနွေးတင်ပြခဲ့ပါသည်။

**ပါဝင်သောကဏ္ဍများ**

အခြေခံပညာအလယ်တန်း ဆရာကိုင်စာအုပ်တွင် ဆဋ္ဌမတန်း(G-6)၊ သတ္တမတန်း(G-7)၊ အဋ္ဌမတန်း(G-8)၊ နဝမတန်း(G-9)များအတွက် ပြုစုထားပြီး ပြုစုသောရည်ရွယ်ချက်မှာ အလယ်တန်း ကျောင်းသူ ကျောင်းသားများအတွက် ရည်ရွယ်ရေးသားထားခြင်းဖြစ်ပါသည်။

အဆိုပါစာအုပ်တွင် -

ကိုယ်ကျိုးနှင့် အများအကျိုးကြား ခွဲခြားတွေးတောခြင်း ( ပုံ -၂ ကိုရည်ညွှန်းပါသည်)၊ ကျောင်းပညာရေးတွင် ဖြောင့်မတ်တည်ကြည်မှု၊ ကျောင်းတွင်း တာဝန်ထမ်းဆောင်ခြင်း၊ လူမှုတန်ဖိုးများကို တည်ဆောက်ခြင်းနှင့် အသုံးချခြင်း၊ မိမိကိုယ်တိုင်နှင့် အခြားသူလူ့အဖွဲ့အစည်းအား တာဝန်ယူမှုရှိခြင်း၊ နိုင်ငံသားဖြစ်ခြင်းနှင့် နိုင်ငံသားကောင်းတို့၏ တာဝန်ဝတ္တရားများ၊ စည်းမျဉ်းစည်းကမ်း၊ သဘောတူညီချက်၊ ဥပဒေ၊ အသိဉာဏ်နိုးကြားခြင်း၊ အဂတိလိုက်စားခြင်း၊ ကိုယ်ကျိုးအတွက် အသုံးချခြင်း၊ သင်ခန်းစာများအပြင် ဖြောင့်မတ်တည်ကြည်မှုသည် တစ်ခုတည်းသောလမ်း ဖြစ်သည်(သီချင်း) ကိုလည်း ထည့်သွင်းဖော်ပြထားပါသည်။

**အပြည်ပြည်ဆိုင်ရာ**
**အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့**

နှစ်စဉ် ဒီဇင်ဘာလ ၉ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့ဟု သတ်မှတ်ထားသည်။ ထိုနေ့ကို အများစိတ်ဝင်စားပြီး ရည်ရွယ်ချက်ရှိရှိ ကျင်းပနိုင်ရန် လူငယ်ကျောင်းသားများအား အစဉ်သတိမူရေး အသိပညာပေးထားသည်။

အဂတိလိုက်စားမှုမြောက်သည့် အပြုအမူများတွင် "လာဘ်ပေးလာဘ်ယူခြင်း၊ ခြိမ်းခြောက် ငွေညှစ်ခြင်း၊ လိမ်လည်ခြင်း၊ အလွဲသုံးစားလုပ်ခြင်း၊ ဆွေမျိုးမိတ်ဆွေကောင်းစားရေး ဆောင်ရွက်ခြင်း၊ အများပြည်သူပိုင် ပစ္စည်းကို ကိုယ်ပိုင်အဖြစ် သုံးစွဲခြင်းနှင့် ဩဇာသုံး အကြံအဖန်လုပ်ခြင်း" စသည့် အပြုအမူများ အကျုံးဝင်ကြောင်းကိုလည်း ဤစာအုပ်တွင် ဖော်ပြထားပါသည်။ ကျောင်းသားလူငယ်များအတွက် သင့်တော်သော အခြေခံသင်ကြားမှု ပညာပေးအစီအစဉ် ဖြစ်ပါသည်။

**နိဂုံး**

ဖြောင့်မတ်တည်ကြည်မှုသည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးတွင် အဓိကကျပါသည်။ နိုင်ငံတကာ အတွေ့အကြုံများမှတစ်ဆင့် လေ့လာမှီငြမ်းကိုးကား၍ အသိ၊ ရသ၊ အတွေးအမြင်စုံပါဝင်သော ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေးစာအုပ်ထုတ်ဝေမှုကို ကြိုဆိုဂုဏ်ပြုအပ်ပါကြောင်း။ ။

**ဖြောင့်မတ်တည်ကြည်မှုရှိသော ယဉ်ကျေးမှုသည် လူငယ်တို့၏ ပညာရေး စာသင်ကျောင်းများမှသာ စတင်ရမည် ဖြစ်ကြောင်း ပြည်သူ့ဝန်ထမ်းများနှင့် အုပ်ချုပ်ရေးယန္တရား၊ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ၊ အရပ်ဘက် အဖွဲ့အစည်းများ၊ မီဒီယာများပါမကျန် တစ်ဦးချင်းဖြစ်စေ . . .**

## နေ့စဉ် အောက်ဆီဂျင်အလုံးရေ ၅၀ ခန့် အခမဲ့ ငှားရမ်းပေး

**ညောင်ဦး အောက်တိုဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့ မြတ်ဒါန အောက်ဆီဂျင် အခမဲ့နှင့် လူမှုကူညီရေးအသင်းမှ ညောင်ဦးမြို့ ခုတင်၂၀၀ဆံ့ ပြည်သူ့ဆေးရုံရှိ လူနာများအတွက် တစ်ရက်လျှင် အောက်ဆီဂျင် အလုံးရေ ၅၀ ခန့် နေ့စဉ် ငှားရမ်းပေးနေရကြောင်း သိရသည်။

"လူနာအတွက်အရေးပေါ် အောက်ဆီဂျင် လိုအပ်ရင် ငှားရမ်းရလွယ်ကူစေဖို့ ဆေးရုံဝင်းအတွင်းမှာ အသင်းရုံးခွဲဖွင့်လှစ်ထားရှိပြီး နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိ ငှားရမ်းပေးတဲ့အပြင် ညောင်ဦးမြို့ ပန်းဘဲကုန်းရပ်ကွက် ဆုတောင်းပြည့်ဘုရားအနီးက ပင်မအသင်းရုံးမှာ ၂၄ နာရီ ငှားရမ်းပေးပါတယ်" ဟု ညောင်ဦးမြို့ မြတ်ဒါန အောက်ဆီဂျင် အခမဲ့နှင့် လူမှုကူညီရေး အသင်းဥက္ကဋ္ဌ ဦးခိုင်လင်းမောင်က ပြောကြားသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

## မယ်စဲ့မြို့နယ်၌ ယာဉ်မောင်းလိုင်စင်အသစ် ပြုလုပ်ပေးမည်

**မယ်စဲ့ အောက်တိုဘာ ၁၈**

ကယားပြည်နယ် မယ်စဲ့မြို့နယ်အတွင်းရှိ ဒေသခံတိုင်းရင်းသားပြည်သူများ၏ ယာဉ်နှင့်ယာဉ်မောင်းလိုင်စင် သက်တမ်းတိုးခြင်းနှင့် ဆိုင်ကယ်မောင်းလိုင်စင် အသစ်ထုတ်ပေးခြင်း လုပ်ငန်းများကို ကယားပြည်နယ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(လွိုင်ကော်)မှ ဝန်ထမ်းများက အောက်တိုဘာ ၂၁ ရက်တွင် ကွင်းဆင်းပြုလုပ်ပေးမည်ဖြစ်ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

**ဝတ်ရည်**
**(ပြန်/ဆက်)**

# သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရန် ပြည်သူလူထုအားလုံး ဝိုင်းဝန်းကြိုးပမ်း

**ပဲခူး အောက်တိုဘာ ၁၈**

၂၀၁၉ခုနှစ် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ပဲခူးမြို့ မြို့တော်ခန်းမ၌ အောက်တိုဘာ ၁၈ ရက် နံနက် ၉ နာရီက ကျင်းပသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက ပြည်သူများအနေဖြင့် မိမိတို့၏ အသက်အိုးအိမ် စည်းစိမ်ဥစ္စာများကို သဘာဝဘေးအန္တရာယ်မှ ကြိုတင် ကာကွယ်နိုင်ရန်အတွက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာ၊ နည်းပညာ၊ ဗဟုသုတများ လူတိုင်း သိရှိနားလည်ထားဖို့လိုကြောင်း၊ သဘာဝဘေး လျော့ပါးရေးလုပ်ငန်းသည် တစ်ဦးကောင်း၊ တစ်ယောက်ကောင်း ဆောင်ရွက်၍ မရနိုင်ကြောင်း၊ တိုင်းဒေသကြီးအတွင်း မြို့နယ်များမှ ရပ်ကွက်၊ ကျေးရွာပြည်သူများ အဆင့်အထိ အစိုးရနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်အတူ ပြည်သူအားလုံး လက်တွဲဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တက်ရောက်လာသူများက အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်နိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ်ပြသထားသောမှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

သဘာဝဘေးဖြစ်ပွားချိန်တွင်ပြည်သူများယာယီခိုလှုံရန်အတွက်ညောင်လေးပင်၊ သနပ်ပင်၊ ပန်းတောင်း၊ ရွှေတောင်နှင့် မိုးညိုမြို့နယ်များတွင် Community Shelterငါးလုံးအား အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေဖြင့် တည်ဆောက်ပေးခြင်း၊ ရာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဘေးဖြစ်များသည့် မြို့နယ်များရှိ ကော်မတီအသီးသီးသို့စက်လှေ ၂၆ စင်း၊ အသက်ကယ်အင်္ကျီအထည်၃၀၀ထောက်ပံ့ပေးအပ်ထားရှိပြီး အရေးပေါ်ထောက်ပံ့နိုင်ရန်အတွက်ကယ်ဆယ်ရေးထောက်ပံ့ပစ္စည်းများ၊ အထောက်အကူပြုပစ္စည်းများ၊ ရန်ပုံငွေများ၊ ပြန်လည် ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် အိမ်အမိုးသွပ်များ၊ ဆိုလာမီးအိမ်၊ မိုးကာတဲများကို အရန်သင့်သိုလှောင်ထားကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**





# သဘာဝဘေးအန္တရာယ်ထိခိုက်နိုင်ခြေရှိ မြေမျက်နှာသွင်ပြင်ကြောင့် ကြိုတင်ပြင်ဆင်ထားရမည်

**ဟားခါး အောက်တိုဘာ ၁၈**

အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အခမ်းအနားကို အောက်တိုဘာ ၁၈ ရက် နံနက် ၉ နာရီက ဟားခါးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ဗိုလ်တိုက်ချွန်းခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ ချင်းပြည်နယ်ဝန်ကြီးချုပ် ဆလိုင်းလျန်လွယ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲ၊ ပြည်နယ်စာရင်းစစ်ချုပ် ဦးလားလ်တင်မန်း၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးတိုးဝင်းနှင့် ဌာနဆိုင်ရာများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ ဖိတ်ကြားထားသော ပုဂ္ဂိုလ်များနှင့် ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြသည်။

ပြည်နယ်ဝန်ကြီးချုပ် ဆလိုင်းလျန်လွယ်က ချင်းပြည်နယ်သည် သဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေရှိသော မြေမျက်နှာသွင်ပြင် အနေအထားများကြောင့် သဘာဝဘေးကြိုတင်ကာကွယ်မှုများ၊ ဘေးအန္တရာယ်အတွက် ထိခိုက်ဆုံးရှုံးနိုင်ခြေများကို ကြိုတင်ပြင်ဆင်ထားကြရမည်ဖြစ်ကြောင်း၊ သဘာဝဘေးနှင့် ပတ်သက်သည့် အသိပညာပေးမှတ်တမ်းဓာတ်ပုံများ၊ လက်ကမ်းစာစောင်များဖြင့် ကြိုတင်ပြင်ဆင်ရမည့်အချက်အလက်များဖြင့် ထိခိုက်ဆုံးရှုံးနိုင်ခြေကိုလျှော့ချနိုင်အောင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ၂၀၁၉ ခုနှစ် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့အထိမ်းအမှတ် အထက်တန်းနှင့် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲများတွင် ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူလေးများအား ချင်းပြည်နယ်ဝန်ကြီးချုပ် ဆလိုင်းလျန်လွယ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲ၊ ပြည်နယ် လူမှုရေးဝန်ကြီး ဦးပေါင်လွန်းမင့်ထန်တို့က ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်တက်ရောက်လာကြသူများက ချင်းပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနက ပြသထားသည့် အသိပညာပေးမှတ်တမ်းဓာတ်ပုံများ ၊ ပိုစတာများ၊ သဘာဝဘေးစီမံခန့်ခွဲမှု လုပ်ငန်းသုံးပစ္စည်းများ၊ ဆုရစာစီစာကုံးများကို ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**မြင့်နိုင်စိုး(ပြန်/ဆက်)**

# ကမ္ဘာကြီးပူနွေးလာမှုနှင့် သဘာဝဘေးအန္တရာယ်များကို ရင်ဆိုင်ကျော်လွှားနိုင်ရန် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်

**တောင်ကြီး အောက်တိုဘာ ၁၈**

တောင်ကြီးမြို့ အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့အထိမ်းအမှတ် အခမ်းအနားကို မြို့တော်ခန်းမ၌ အောက်တိုဘာ ၁၈ ရက် နံနက် ၉ နာရီက ကျင်းပသည်။

ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က ယနေ့အချိန်ကာလသည် ကမ္ဘာကြီးပူနွေးလာမှုနှင့်အတူ ဆက်စပ်ဖြစ်ပေါ်လာသော ရာသီဥတုဖောက်ပြန်မှု၊ သက်ရှိသက်မဲ့ဂေဟစနစ်များ ဖောက်ပြန်ပျက်စီးလာမှု၊ သစ်တောများပြုန်းတီးမှု၊ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့များ အလွန်အကျွံတိုးပွားလာမှု၊ စနစ်တကျမရှိသော မြို့ပြလူနေမှုစနစ်များ တိုးပွားလာမှု၊ ဖြစ်ရိုးဖြစ်စဉ် အနေအထားမှ ဖောက်ပြန်ပြောင်းလဲဖြစ်ပေါ်နေသော မိုးလေဝသဖြစ်စဉ်များ၏ အကျိုးဆက်အဖြစ် ပြင်းထန်ဆိုးရွားသော သဘာဝဘေးအန္တရာယ်များ၏ ခြိမ်းခြောက်မှုကို ကမ္ဘာနှင့်တစ်ဝန်းရင်ဆိုင်ကြုံတွေ့နေရသော အချိန်ကာလဖြစ်ကြောင်း၊ ဘေးအန္တရာယ်များကို ရင်ဆိုင်ကျော်လွှားနိုင်ရန် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ ပြည်တွင်း ပြည်ပအဖွဲ့အစည်းများ၊ ရပ်ရွာအခြေပြုအဖွဲ့အစည်းများအားလုံးနှင့် တိုင်းရင်းသား ပြည်သူလူထုတစ်ရပ်လုံး ဝိုင်းဝန်းပူးပေါင်း ပါဝင်ဆောင်ရွက်ပေးကြရန် ပြောကြားသည်။

အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ် ပန်းချီ၊ စာစီစာကုံးနှင့် ကာတွန်းပြိုင်ပွဲများတွင် ဆုရရှိသော အထက်တန်းဆင့်၊ အလယ်တန်းဆင့်၊ မူလတန်းဆင့် ကျောင်းသား ကျောင်းသူ ၂၇ ဦးတို့အား ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဥပဒေချုပ်၊ အစိုးရအဖွဲ့အတွင်းရေးမှူး၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ဆုချီးမြှင့်ပေးကြပြီး အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ် ဗီဒီယိုပြသကာ ခန်းမအတွင်း ခင်းကျင်းပြသထားသည့် ဆုရကျောင်းသား ကျောင်းသူများ၏ စာစီစာကုံးများကို လှည့်လည်ကြည့်ရှုအားပေးကြကြောင်း သိရသည်။

**မောင်မောင်သန်း (တောင်ကြီး)**

**သဘာဝဘေးဒဏ်မှ ကာကွယ်ဖို့ သစ်တောများကို ထိန်းသိမ်းစို့**

# ကချင်ပြည်နယ်အတွင်း သဘာဝဘေးဖြစ်ပွားမှု ၁၄၈ ကြိမ်ရှိခဲ့ပြီး ငွေကျပ် ၃၅၁ သန်းကျော် ထောက်ပံ့နိုင်ခဲ့

**မြစ်ကြီးနား အောက်တိုဘာ ၁၈**

အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ City Park Royal ခန်းမ၌ အောက်တိုဘာ ၁၈ ရက် နံနက် ၉ နာရီခွဲက ကျင်းပသည်။

ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က ကချင်ပြည်နယ်အတွင်း ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း သဘာဝဘေးဖြစ်ပွားမှု ၁၄၈ ကြိမ် ဖြစ်ပွားခဲ့ပြီး အိမ်ထောင်စု ပေါင်း ၈၇၆၈ စု ဘေးဒဏ်ခံရသဖြင့် ထောက်ပံ့ငွေ ၃၅၁ သန်းကျော် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင်လည်း သဘာဝဘေးဖြစ်ပွားမှု ၁၁၆ ကြိမ်ရှိခဲ့ပြီး အိမ်ထောင်စု ပေါင်း ၁၁၇၀ ဘေးဒဏ်ခံရသဖြင့် ထောက်ပံ့ငွေကျပ် ၁၇၅ သန်းနီးပါး ထောက်ပံ့ခဲ့ကြောင်း၊ တစ်နှစ်ထက်တစ်နှစ် သဘာဝဘေးအန္တရာယ်ဖြစ်ပွားမှု ပိုများလာသည်ကို မီးမောင်းထိုးပြနေခြင်းဖြစ်ကြောင်း ပြောကြားသည်။



ပြည်နယ်အတွင်း သဘာဝဘေးအန္တရာယ်များကို ကြံ့ကြံ့ခံ ရင်ဆိုင်တုံ့ပြန်နိုင်ရန် ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ လမ်းညွှန်မှုဖြင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနအနေဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်းလူငယ်သင်တန်းများ၊ အသိပညာပေးဟောပြောပွဲများ၊ ဇာတ်တိုက်လေ့ကျင့်ခန်းများကို ပြုလုပ်ပြီး စုစုပေါင်း (၁၀၅) ကြိမ်ခန့်တွင် သင်တန်းသားဦးရေ ၂၀၄၉၁ ဦးတို့ကို ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

## ရန်ကုန်တွင် ဟိုတယ်နှင့်ခရီးသွားကဏ္ဍမြှင့်တင်ရေးပွဲတော်ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၈**

မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော် ရန်ကုန်ရှိဟိုတယ်များနှင့် ခရီးသွားလုပ်ငန်းများ အခွင့်အလမ်း ပိုမိုတိုးတက်လာစေရန် ဟိုတယ်နှင့် ခရီးသွားကဏ္ဍမြှင့်တင်ရေးပွဲတော်ဖြစ်သည့် Yangon Hotel Expo 2019 – Yangon Then & Now ပြပွဲကို အောက်တိုဘာ ၁၈ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် Myanmar Expo Hall ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။

"ကျွန်တော်တို့အနေနဲ့က မြန်မာနိုင်ငံရဲ့ ခရီးသွားလုပ်ငန်းဆိုင်ရာပုံရိပ်များနဲ့ လုပ်ငန်းများကို လုပ်ငန်းရှင်တွေနဲ့ အတူ မြှင့်တင်ပံ့ပိုးပေးလျက်ရှိပါတယ်။ ဒီပြပွဲကြီးက နေပြီး ရေရှည်တည်တံ့တဲ့ ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ပေါင်းကူးပေးနိုင်မယ်လို့ယုံကြည်တယ်" ဟု ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်က ပြောကြားသည်။

ပြပွဲကြီးတွင် မြန်မာနိုင်ငံတစ်ဝန်းမှ ဟိုတယ်များနှင့် အပန်းဖြေစခန်းများ၊ Travels&Tour ပြည်တွင်း၊ ပြည်ပ ခရီးသွားလုပ်ငန်းများ၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများနှင့် ဆက်စပ်ထုတ်ကုန်ရောင်းချသူများ၊ ခရီးသွားနှင့်သက်ဆိုင်သည့် ဝန်ဆောင်မှုများ၊ ပြည်တွင်း၊ ပြည်ပမှ ဘဏ်များ၊ ခရီးသွားအာမခံကုမ္ပဏီကြီးများ၊ အစားအသောက်ဝန်ဆောင်မှုများအပါအဝင် ပြည်တွင်း၊ ပြည်ပကုမ္ပဏီ ပေါင်း ၂၅ဝ ကျော် မှ ပြခန်းပေါင်း ၂၀၀ ကျော်ပါဝင်ပြသထားပြီး အောက်တိုဘာ ၁၈ ရက်မှ ၂၀ ရက်အထိ ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ **မြင့်မောင်**



## မကွေး၌ သဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ ကျင်းပ



**မကွေး အောက်တိုဘာ ၁၈**

၂၀၁၉ ခုနှစ် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို အောက်တိုဘာ ၁၈ ရက် နံနက် ၉ နာရီက မကွေးမြို့တော်ခန်းမ၌ ကျင်းပသည်။

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက သဘာဝဘေးအန္တရာယ်များမှာ နိုင်ငံတစ်နိုင်ငံ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအား အဟန့်အတားဖြစ်စေသည့် အဓိကစိန်ခေါ်မှုတစ်ရပ်ဖြစ်သည့်အတွက် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာလုပ်ငန်းစဉ်များ၊ စီမံကိန်းများရေးဆွဲရာတွင် သဘာဝဘေးအန္တရာယ် လျော့ပါးရေးလုပ်ငန်းစဉ်များကို ပေါင်းစပ်ထည့်သွင်း ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း၊ သဘာဝဘေးသင့်ပြည်သူအရေးအတွက် လျှော့ချရေး ဆောင်ရွက်ရာတွင် ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများနှင့် ပြည်သူအားလုံး ပူးပေါင်းပါဝင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သော ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ သဝဏ်လွှာကို တိုင်းဒေသကြီးလူမှုရေးဝန်ကြီး ဒေါက်တာ ခင်မောင်အေး က ဖတ်ကြားပြီး စာစီစာကုံးပြိုင်ပွဲတွင် ဆုရကျောင်းသား ကျောင်းသူများအား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် မကွေးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတာတို့က ဆုများချီးမြှင့်သည်။

ယင်းနောက် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ်အခမ်းအနား လှုပ်ရှားဆောင်ရွက်မှု ဗီဒီယိုကိုပြသပြီး တက်ရောက်လာသူများက ပြခန်းအတွင်း လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။ **ဝေဖြိုးလေး (ပြန်/ဆက်)**

## ပုသိမ်တွင် သဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ကျင်းပ

**ပုသိမ် အောက်တိုဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့အထိမ်းအမှတ်အခမ်းအနားကို အောက်တိုဘာ ၁၈ ရက် နံနက်ပိုင်းက အ.ထ.က (၁) ရတနာတန်ဆောင်ခန်းမ၌ ကျင်းပသည်။

တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့်လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဒေါက်တာစိုးဝင်းက မြန်မာနိုင်ငံတွင် ဆယ်စုနှစ်အတွင်း ရာသီဥတုပြောင်းလဲမှုကြောင့် နေရာဒေသအသီးသီးတွင် မတူညီသည့်ဘေးအန္တရာယ်များကို တွေ့ကြုံခံစားနေကြရပြီဖြစ်ကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ၏ ဦးဆောင်မှုဖြင့် ဘေးအန္တရာယ်များကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေများကို လျှော့ချနိုင်ရန်အတွက် ဘေးဒဏ်ခံနိုင်သည့် Shelter များ တည်ဆောက်ပေးခြင်း၊ ကြံ့ခိုင်မှုအားနည်းသည့် နေအိမ်များပြုပြင်ပေးခြင်း၊ တုံ့ပြန်မှုကိုအလျင်အမြန်ဆောင်ရွက်နိုင်ရန် ဖိုက်ဘာစက်လှေ၊ အသက်ကယ်အင်္ကျီများ စုဆောင်းထားရှိခြင်း၊ ဒီရေတောများပြုစုပျိုးထောင်ခြင်း၊ စိုက်ပျိုးခြင်းနှင့် သဘာဝသယံဇာတများ၊ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်ခြင်း၊ လမ်းတံတား၊ ဆက်သွယ်ရေး၊ လျှပ်စစ်၊ တည်ဆောက်ရေးလုပ်ငန်းများအပါအဝင် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း ပြောကြားသည်။

အခမ်းအနားအပြီးတွင် တိုင်းဒေသကြီးဝန်ကြီးနှင့် တာဝန်ရှိသူများက ပြသထားသော အထိမ်းအမှတ်ပြခန်းကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**မောင်မောင်မြင့်(ပြန်/ဆက်)**

## အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်း(အေရိုးဗစ်)ပြိုင်ပွဲကျင်းပ

**ဘားအံ အောက်တိုဘာ ၁၈**

ကရင်ပြည်နယ်ဝန်ကြီးချုပ်ဖလား အမျိုးသမီး ကိုယ်ကာယကြံ့ခိုင်မှု လေ့ကျင့်ခန်း(အေရိုးဗစ်)ပြိုင်ပွဲကို အောက်တိုဘာ ၁၇ ရက် နံနက် ၁၀ နာရီက ဘားအံမြို့ မိုးလုံလေလုံအားကစားရုံ၌ ကျင်းပသည်။

ကရင်ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဒေါ်နန်းသူဇာဝင်းက အဖွင့်အမှာစကားပြောကြား၍ ပြိုင်ပွဲအားဖွင့်လှစ်ပေးခဲ့ပြီး ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဦးမင်းကိုခိုင်တို့က ကျောင်းပြိုင်ပွဲဝင် အသင်းများအတွက် အသင်းငယ်တစ်သင်းလျှင် နှစ်သိန်း၊ မြို့နယ်များမှ အသင်းငယ်တစ်သင်းလျှင် လေးသိန်းနှုန်းဖြင့် စုစုပေါင်းငွေကျပ် ၁၀၅ သိန်းကို ထောက်ပံ့ပေးအပ်ခဲ့သည်။

ပြိုင်ပွဲသို့ ကရင်ပြည်နယ်အတွင်းရှိ မြို့နယ်များမှ အငယ်တန်းသုံးသင်း၊ အကြီးတန်း ငါးသင်း၊ ဘားအံမြို့ပေါ် ကျောင်းများမှ အငယ်တန်း ၁၅ သင်း၊ အကြီးတန်း ၁၆ သင်း၊ Myanmar Fitness Dance အသင်း ၁၁ သင်း ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိပြီး တစ်ဦးချင်းပြိုင်ပွဲ၊ သုံးယောက်တွဲပြိုင်ပွဲ၊ ကိုးယောက်တွဲပြိုင်ပွဲနှင့် Myanmar Fitness Dance ပြိုင်ပွဲဟူ၍ ပြိုင်ပွဲအမျိုးအစားများခွဲ၍ ယှဉ်ပြိုင်သွားကြမည်ဖြစ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ကလေးမြို့မှ ရန်ကုန်နှင့် မန္တလေးမြို့သို့ လေယာဉ်ခရီးစဉ်တိုးချဲ့ကာ တိုက်ရိုက်ပျံသန်းပြေးဆွဲ

**ကလေး အောက်တိုဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့မှ ရန်ကုန်နှင့် မန္တလေးမြို့တို့သို့ နေ့စဉ်လေယာဉ်တိုက်ရိုက်ပြေးဆွဲလျက်ရှိရာ ယခုရက်ပိုင်းလေယာဉ်စီးခရီးသည်များပြားမှုအပေါ်မူတည်၍ ခရီးစဉ်တိုးချဲ့ပြေးဆွဲလျက်ရှိကြောင်း ကလေးမြို့ မြန်မာအမျိုးသားလေကြောင်းလိုင်းမှ သိရသည်၊

ကလေးမြို့မှ ရန်ကုန်ခရီးစဉ်နှင့် မန္တလေးခရီးစဉ်ကို မြန်မာအမျိုးသားလေကြောင်းလိုင်းက ရက်သတ္တတစ်ပတ်လျှင် လေးရက်၊ ကမ္ဘောဇလေကြောင်းလိုင်းက ရက်သတ္တတစ်ပတ်လျှင် သုံးရက် ပြေးဆွဲပေးလျက်ရှိရာမှ ခရီးသည်များပြားလာမှုကြောင့် သီတင်းကျွတ်မီးထွန်းပွဲတော်အပြီး အောက်တိုဘာ၁၅ ရက်မှစတင်၍ မြန်မာအမျိုးသားလေကြောင်းလိုင်းက ခရီးစဉ်များတိုးချဲ့၍နေ့စဉ်ပြေးဆွဲပေးနေကြောင်း ကလေးမြို့ မြန်မာအမျိုးသားလေကြောင်းလိုင်းမှ တာဝန်ခံမန်နေဂျာ ဦးအောင်ကျော်မိုးက ပြောသည်။

“သီတင်းကျွတ် ရုံးပိတ်ရက်ကာလနဲ့ အခုရက်ပိုင်းက ခရီးသည်များပြားလာတာကြောင့် ကလေး- မန္တလေး- ရန်ကုန်ခရီးစဉ်တွေကို တိုက်ရိုက် ပျံသန်းပေးနေပါတယ်။ အောက်တိုဘာ ၁၅ ရက်ကစပြီး ခရီးသွားပြည်သူများအတွက် လေယာဉ်ခရီးစဉ်တိုးပြီး နေ့စဉ်ပျံသန်းပေးနေတာပါ။ ရက်တိုးပြီး ပြေးဆွဲပေးတဲ့နေ့နဲ့ KBZ လေကြောင်းလိုင်း ပြေးဆွဲတဲ့နေ့နဲ့ တိုက်သွားရင် တစ်နေ့ကို ကလေး-ရန်ကုန်ခရီးစဉ်နှစ်ခေါက်၊ ကလေး-မန္တလေး ခရီးစဉ်နှစ်ခေါက်ဖြစ်သွားပါမယ်။ လေယာဉ်စီးနင်းခနှုန်း အပြောင်းအလဲမရှိ မူလအတိုင်းပဲ သတ်မှတ်ထားပါတယ်။ နောက်ပိုင်းမှာလည်း ခရီးသည်တွေသွားလာမှု အဆင်ပြေလွယ်ကူလျင်မြန်စေအောင် ခရီးသွားလာမှုကို အခြေခံပြီးတော့ လေယာဉ်နေ့တိုင်းပြေးဆွဲသွားဖို့ အစီအစဉ်တွေရှိပါတယ်။ ခရီးသည်ရရှိမှုအပေါ်မူတည်ပြီး ရက်ပြည့်တိုးမယ်လို့သိရပါတယ် ” ဟု ၎င်းက ဆက်လက်ပြောပြသည်။

ကလေး- မန္တလေး- ရန်ကုန်လေယာဉ်ခရီးစဉ်များကို ပြေးဆွဲမှုရှိနေသည့် လေကြောင်းလိုင်းများအနက် မြန်မာအမျိုးသားလေကြောင်းလိုင်းသည် ကလေး- ရန်ကုန်ခရီးစဉ်ကို ခရီးသည်ရရှိမှုအပေါ်မူတည်၍ တစ်ဦးလျှင် စီးနင်းခငွေကျပ် ၁၀၈၀၀၀၊ ကျပ်၁၀၅၀၀၀၊ ကျပ်၁၀၃၀၀၀ နှုန်း၊ ကလေး-မန္တလေးခရီးစဉ်ကို တစ်ဦးလျှင် စီးနင်းခငွေကျပ် ၆၄၀၀၀၊ ကျပ် ၅၉၀၀၀၊ ကျပ် ၅၄၀၀၀ နှုန်းဖြင့်ပြေးဆွဲပြီး ကမ္ဘောဇလေကြောင်းလိုင်းသည် အပတ်စဉ် အင်္ဂါ၊ ကြာသပတေး၊ သောကြာနေ့တို့တွင် ကလေး-ရန်ကုန်ခရီးစဉ်ကို တစ်ဦးလျှင် စီးနင်းခငွေကျပ် ၁၂၀၀၀၀ မှအထက်၊ ကလေး-မန္တလေးခရီးစဉ်ကို တစ်ဦးလျှင် စီးနင်းခငွေကျပ် ၆၀၀၀၀ မှအထက်ဟူ၍ ဒေါ်လာဈေးအတက်အကျနှင့် ခရီးသည်ရရှိမှုအပေါ်မူတည်ကာ ဈေးနှုန်းအပြောင်းအလဲရှိကြောင်း သက်ဆိုင်ရာလေကြောင်းရုံးများထံမှ သိရသည်။ **ချင်းတွင်းသား**



## ဘုရားဖြူ- ပလဖစခန်း- ဘီလူးချောင်းလမ်းဆုံထိ ဆက်သွယ်ထားသော ကျောက်ချောလမ်းဖွင့်ပွဲ ကယားပြည်နယ်ဝန်ကြီးချုပ်တက်ရောက်

**ဒီးမော့ဆို အောက်တိုဘာ ၁၈**
ဒီးမော့ဆိုမြို့နယ် ဘုရားဖြူ- ပလဖစခန်း- ဘီလူးချောင်းလမ်းဆုံထိ ဆက်သွယ်ထားသော ကျောက်ချောလမ်းဖွင့်ပွဲကို အောက်တိုဘာ ၁၇ ရက် နံနက် ၁၀ နာရီခွဲက ဘုရားဖြူကျေးရွာ၌ ကျင်းပသည်။

ကယားပြည်နယ် ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက ယခုဖွင့်လှစ်သောလမ်းသည် ယခင်က လှည်း၊ ထွန်စက်များသာ သွားလာနိုင်သော တာပေါင်လမ်းသာရှိရာက ယခုရာသီမရွေးသွားလာနိုင်သော ကျောက်ချောလမ်းမကြီး ဖြစ်လာသည့်အတွက် လယ်ယာထွက်ကုန်များ အလွယ်တကူ သယ်ယူနိုင်သည့်အပြင် လွိုင်ကော်မြို့အထိ အချိန်တိုအတွင်း သွားလာနိုင်မည်ဖြစ်ကြောင်း၊ ထို့အပြင် ဒေသခံပြည်သူများ၏ပူးပေါင်းဆောင်ရွက်မှုကြောင့် လမ်းသစ်အား အောင်အောင်မြင်မြင်ဖြင့် ဖွင့်လှစ်နိုင်ခြင်းသည် ဒေသခံပြည်သူများ၏ အောင်မြင်မှုတစ်ရပ်လည်းဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် လမ်းသစ်အား ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဘော့စ်ကို၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပေါလ်ဆိုင်း၊အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဘော်ရယ်စိုးဝေနှင့်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝဏ္ဏဇော်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး ပြည်နယ်ဝန်ကြီးချုပ်က ရိုးရာယဉ်ကျေးမှုအဖွဲ့များအား ဂုဏ်ပြုဆုငွေများ ပေးအပ်သည်။

အဆိုပါ ဘုရားဖြူ-ပလဖစခန်း- ဘီလူးချောင်းလမ်းသည် ပြည်နယ်ဖွံ့ဖြိုးရေးရန်ပုံငွေကျပ် ၇၉၂ ဒသမ ၈၁၅ သန်းဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး လမ်းအရှည် ၄ မိုင် ၂ ဒသမ ၂၅ ဖာလုံ ရှိကာ ဘုရားဖြူ၊ ဖောင်းတော၊ နန်းစံခမ်း၊ ဆင်တောင်၊ ကပွါယ်ချူ၊ လီဝိုး၊ ဝီးသဲကူးတောင်နှင့် ဝီးသဲကူးမြောက် ကျေးရွာများရှိ တောင်သူများ လယ်ယာထွက်ကုန်များကို လွယ်ကူစွာ သယ်ဆောင်နိုင်သည့်အပြင် နန်းမယ်ခုံမြို့နှင့် ဒီးမော့ဆို မိုးဗြဲလမ်းမကြီးတစ်လျှောက်ရှိကျေးရွာပြည်သူများအနေဖြင့်ယခင်က ဒီးမော့ဆိုမြို့မှတစ်ဆင့် လွိုင်ကော်မြို့သို့ မိုင် ၂၀ ခန့် သွားလာရာမှ ယခုခုနစ်မိုင်ခန့်ဖြင့် လွယ်ကူလျင်မြန်စွာ သွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ရီရယ်(ဒီးမော့ဆို)**



## နိုင်ငံခြားသားခရီးသွားဧည့်သည်များ တာချီလိတ်နယ်စပ်မှ အောက်တိုဘာ ၄ ရက်မှ ၁၇ ရက်အထိ ၅၄၇၀၀ ကျော် ဝင်ရောက်လည်ပတ်

**တာချီလိတ် အောက်တိုဘာ ၁၈**
တာချီလိတ်နယ်စပ်ဝင်ပေါက်မှတစ်ဆင့် နိုင်ငံခြားသားခရီးသွားဧည့်သည်များ နေ့စဉ်ဝင်ရောက်လည်ပတ်လျက်ရှိရာ အောက်တိုဘာ ၄ ရက်မှ ၁၇ ရက်အထိ ထိုင်းနိုင်ငံသားအများစု ပါဝင်သည့် နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသွားဧည့်သည် နေ့ချင်းပြန်နှင့် ညအိပ်ခရီးစဉ်အဖြစ် စုစုပေါင်း ၅၄၇၂၉ ဦး ဝင်ရောက်လည်ပတ်ခဲ့ပြီး ယခုနှစ် ဇန်နဝါရီလမှ အောက်တိုဘာလအတွင်း ၉၉၈၆၇၃ ဦးရှိကြောင်း ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန တာချီလိတ်ရုံးခွဲမှ သိရသည်။



နိုင်ငံခြားသား ခရီးသွားဧည့်သည်များသည် မြန်မာနိုင်ငံအတွင်း ဘုရားဖူးခြင်း၊ ရေမြေတောတောင် သဘာဝအလှရှုခင်းများနှင့် အထင်ကရနေရာများ၊ တိုင်းရင်းသားများ၏ မတူကွဲပြားသည့် ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများ၊ လူနေမှုဘဝပုံစံများကို ဗဟုသုတအဖြစ် ကြည့်ရှုလေ့လာသိမြင် ခံစားနိုင်စေရန် ဝင်ရောက်လျက်ရှိရာ နှစ်ပတ်အတွင်း တာချီလိတ်နေ့ချင်းပြန်အဖြစ် ထိုင်းနိုင်ငံသား ၅၀၉၂၇ ဦး၊ တတိယ နိုင်ငံသား(နိုင်ငံခြားသား) ၁၁၀၆ဦး၊ တာလေ-လန့်တောင်းဘုရားသို့ ထိုင်းနိုင်ငံသား ၁၀ ဦးနှင့် တတိယနိုင်ငံသား(နိုင်ငံခြားသား) လေးဦး၊ ညအိပ်ခရီးစဉ်အဖြစ် မိုင်းဖြတ်နှင့်ကျိုင်းတုံမြို့သို့ ထိုင်းနိုင်ငံသား အများစု ပါဝင်သည့် တတိယနိုင်ငံသား ကမ္ဘာလှည့်ခရီးသည် ၇၂၂ ဦး၊ ပြည်တွင်းခရီးစဉ်သို့ နိုင်ငံခြားသားခရီးသွား ဧည့်သည် ၁၉၆၀ ဝင်ရောက်လည်ပတ်ခဲ့သည်။

တာချီလိတ်နယ်စပ်ဝင်ပေါက်မှ ၂၀၁၉ခုနှစ် ဇန်နဝါရီ ၁ ရက်မှ အောက်တိုဘာ ၁၇ ရက်အထိ နေ့ချင်းပြန်နှင့် ညအိပ်ခရီးသည် ထိုင်းနိုင်ငံသား ၉၂၆၇၁၈ ဦး၊ တတိယနိုင်ငံသား (နိုင်ငံခြားသား) ၁၃၀၆၄ ဦး၊ လန့်တောင်းဘုရားသို့ နေ့ချင်းပြန် ထိုင်းနိုင်ငံသားနှင့် တတိယနိုင်ငံသား(နိုင်ငံခြားသား) ၃၂၀၊ မိုင်းဖုန်းနေ့ချင်းပြန်ခရီးစဉ်အဖြစ် ထိုင်းနိုင်ငံသား ၁၁၃ဦး၊ မိုင်းဖြတ်နှင့် ကျိုင်းတုံခရီးစဉ်တွင် ၈၇၈၆ဦး၊ ဗီဇာ(ဗီဇာကင်းလွတ်ခွင့်) ဖြင့် ပြည်တွင်း ခရီးစဉ်သို့ ၄၉၆၇၂ ဦး စုစုပေါင်း နိုင်ငံခြားသားခရီးသွားဧည့်သည်၉၉၈၆၇၃ဦးဝင်ရောက်လည်ပတ်ခဲ့ကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

## လွိုင်ကော်မြို့၌ ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့ ကျင်းပ

**လွိုင်ကော် အောက်တိုဘာ ၁၈**
ကမ္ဘာ့မျက်မမြင်များပပျောက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို အောက်တိုဘာ ၁၈ ရက် နံနက် ၉ နာရီက ကယားပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပြည်နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဌေးလွင်က အဓိက မျက်စိမမြင်ခြင်းကိုဖြစ်စေသည့် ရောဂါများမှာ အတွင်းတိမ်ရောဂါ၊ မျက်မှန်လိုအပ်ခြင်း၊ ထိခိုက်ဒဏ်ရာရခြင်း၊ ရေတိမ်ရောဂါနှင့် ဆီးချို သွေးတိုးရောဂါကြောင့်ဖြစ်ပွားပြီး အတွင်းတိမ်ရောဂါက မျက်စိကွယ်ခြင်းအားလုံး၏ ၇၀ ရာခိုင်နှုန်းခန့် တွေ့ရှိရကြောင်း၊ ထို့ကြောင့် မျက်စိအတွင်းတိမ်ရောဂါကို ထိထိရောက်ရောက်ကုသမှုပေးနိုင်လျှင် မျက်မမြင်လျော့နည်းရေးကို ဦးတည်ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ လွိုင်ကော်ပြည်သူ့ဆေးရုံကြီးမှ မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာဖြူဖြူသင်းက ကမ္ဘာ့မျက်မမြင်များပပျောက်ရေးနေ့နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာအေးမွန်သက်မြင့်က မျက်ခမ်းစပ်ရောဂါအကြောင်း ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**လွိုင်ကော်သား**

## တနင်္သာရီမြို့၏ ရိုးရာနဂါးလှေတော်များ ဇောခေါ်ခြင်းနှင့် မင်္ဂလာရေခင်းသဘင်အခမ်းအနား ထိုင်းနိုင်ငံတက္ကသိုလ်မှပညာရှင်များ လေ့လာ



**တနင်္သာရီ အောက်တိုဘာ ၁၈**
တနင်္သာရီတိုင်းဒေသကြီးတွင် ထူးခြားသည့်ပွဲတော်တစ်ခုဖြစ်သည့် နှစ်ပေါင်း (၈၆၆) နှစ်သက်တမ်းရှိသော တနင်္သာရီမြို့၏ရှေးဟောင်းသမိုင်းဝင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်ဖြစ်သော နဂါးလှေတော်များ "ဇော" ခေါ်ခြင်းနှင့် မင်္ဂလာရေခင်းသဘင်ပွဲ အခမ်းအနားကို အောက်တိုဘာ ၁၇ ရက် နံနက် ၆ နာရီခွဲက တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နှင့် ချောင်းကြီး၊ ချောင်းငယ် မြစ်နှစ်သွယ်အတွင်း၌ ကျင်းပခဲ့ရာ ထိုင်းနိုင်ငံ မဟိန္ဒာတက္ကသိုလ်မှ ပညာရှင်များ လာရောက်လေ့လာခဲ့ကြသည်။

တနင်္သာရီမြို့မှ ငွေနန်းသာရီအမည်ရှိ နဂါးလှေတော်တစ်စင်းနှင့် လယ်သစ်ကျေးရွာမှ ရန်ကြီးအောင်၊ မြကြီးအောင်၊ ပတ္တမြားသွယ်၊ စိန်ပန်းသွယ်အမည်ရှိ နဂါးလှေတော်လေးစင်း စုစုပေါင်း နဂါးလှေတော်ငါးစင်းဖြင့် လှေလှော်သား ၂၁၂ ဦးတို့သည် အောက်တိုဘာ ၁၇ ရက် နံနက်၆ နာရီခွဲတွင် မြို့အဝင်ရွှေလိပ်ပြာ စုရပ်နှင့် ဘန်ဂလိုလှေဆိပ်စုရပ်တို့မှစတင်ကာ တနင်္သာရီမြစ်ကြောင်းအတိုင်း တက်ညီလက်ညီ လှော်ခတ်ထွက်ခွာလာပြီး တနင်္သာရီမြို့ရှိ တန်ခိုးကြီးဘုရားများဖြစ်သော နဝထပ်(နဂါးကပ်တောင်)စေတီ၊ မြဝတ်ဆင်၊ ဝင်္ကဘာ၊ လေသာနန်းဦးစေတီတော်များကို မြစ်အတွင်းမှ လက်ယာရစ် ဦးခိုက်ပူဇော်လှော်ခတ်ခဲ့ကြပြီး မြို့ကို လက်ယာရစ်လှည့်ပတ်ကာ တနင်္သာရီမြစ်အတွင်း လှော်ခတ်ခဲ့ကြသည်။

အနယ်နယ်အရပ်ရပ်မှ လာရောက်ကြည့်ရှုသူများ၊ ခရီးသွားလုပ်ငန်းအဖွဲ့များ၊ ထိုင်းနိုင်ငံ မဟိန္ဒာတက္ကသိုလ်မှပညာရှင်များက စိတ်ဝင်တစားဖြင့် လာရောက်လေ့လာကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**မြင့်ဦး (မြိတ်)**

# ငါးသယံဇာတထိန်းသိမ်းရန် ရည်ရွယ်ချက်ဖြင့် ကမ်းဝေးငါးဖမ်းခွင့်ပိတ်

**တွေ့ဆုံမေးမြန်း–သီသီမင်း၊ မင်းသစ်(MNA)**
**ဓာတ်ပုံ–နေလင်း**

နိုင်ငံတော်က ငါးသယံဇာတဖွံ့ဖြိုးတိုးတက်ရေးအတွက် ငါးမဖမ်းရကာလနှင့် ငါးမဖမ်းရဧရိယာများကို နှစ်အလိုက် ရာခိုင်နှုန်းသတ်မှတ်ဆောင်ရွက်လျက်ရှိရာ ၂၀၁၉ ခုနှစ် ဇွန်လ ၁ ရက်နေ့မှ ဩဂုတ်လ ၃၁ ရက်နေ့အထိ မြန်မာ့ပင်လယ်ပြင်တွင် ပင်လယ်ကမ်းဝေးငါးဖမ်းခွင့်အား ရာနှုန်းပြည့် ပိတ်ပင်တားမြစ်ခဲ့သည်။

ထိုကဲ့သို့ ပင်လယ်ကမ်းဝေးငါးဖမ်းခြင်းကို သုံးလတိုင်ပိတ်ပင်တားမြစ်ခဲ့ရာမှ စက်တင်ဘာလ ၁ ရက်နေ့မှစ၍ တစ်နိုင်ငံလုံးရှိ ကမ်းဝေးငါးဖမ်းလုပ်ငန်းများကို ပြန်လည်လုပ်ကိုင်ခွင့် ပြုလိုက်ပြီဖြစ်ရာ ငါးလုပ်ငန်းအတွင်း ဖြစ်ပေါ်လာနိုင်သည့် အကျိုးဆက်များ၊ ပြည်တွင်း ပြည်ပငါးဈေးကွက်အခြေအနေနှင့် ကမ်းဝေးငါးဖမ်းလုပ်ငန်းရှင်တို့အပေါ် သက်ရောက်မှုအခြေအနေတို့ကို တွေ့ဆုံမေးမြန်းခဲ့သည်။

**ဒုတိယညွှန်ကြားရေးမှူး ဦးသန်းစိန်**
**ရန်ကုန်တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာန**

မေး ။ ။ငါးလုပ်ငန်းဦးစီးဌာနက ငါးမဖမ်းရကာလနဲ့ ငါးမဖမ်းရဧရိယာ ဘယ်လိုပုံစံနဲ့သတ်မှတ်ပါသလဲ။

ဖြေ ။ ။ ကမ်းဝေးငါးဖမ်းလုပ်ငန်းတွေကို လွန်ခဲ့တဲ့ သုံးနှစ်လောက်ကစပြီး ငါးသယံဇာတတိုးပွားရေး၊ ငါးအထိအမိကောင်းရေးအတွက် ငါးမဖမ်းရရာသီ၊ ငါးမဖမ်းရဧရိယာဆိုပြီး သတ်မှတ်ခဲ့ပါတယ်။ ဒီလိုသတ်မှတ်တဲ့နေရာမှာညွှန်ကြားချက်တွေ ထုတ်ပြန်တဲ့အခါမှာ သက်ဆိုင်ရာငါးဖမ်းလုပ်ငန်းလုပ်ကိုင်နေတဲ့သူတွေနဲ့ ငါးလုပ်ငန်းဦးစီးဌာနကတာဝန်ရှိသူတွေ အရင်ဆုံးတွေ့ဆုံဆွေးနွေးပါတယ်။ ဆွေးနွေးပြီးတော့မှ၊ ညှိနှိုင်းဆုံးဖြတ်ပြီးတော့မှ၊ အစည်းအဝေးကရလာတဲ့ရလဒ်အပေါ်မူတည်ပြီးမှ၊ ဘယ်ရာသီမှာ ငါးဖမ်းခွင့်ပိတ်မယ်၊ ဘယ်လောက်ပိတ်မယ်ဆိုတာ သတ်မှတ်ပါတယ်။ ဒီနှစ်မှာတော့ ၁၀၀ ရာခိုင်နှုန်းသုံးလ ကမ်းဝေးငါးဖမ်းခွင့်ပိတ်မယ်ဆိုပြီး သက်ဆိုင်ရာငါးဖမ်းတဲ့လုပ်ငန်းရှင်တွေနဲ့ ငါးလုပ်ငန်းဦးစီးဌာနက တာဝန်ရှိသူတွေ ညှိနှိုင်းဆွေးနွေးပြီးပိတ်ခဲ့ပါတယ်။

မေး ။ ။ ကမ်းဝေးငါးဖမ်းခွင့်ပိတ်ရတဲ့ အဓိက ရည်ရွယ်ချက်ကိုသိပါရစေ။

ဖြေ ။ ။ ကျွန်တော်တို့ ပင်လယ်ပြင်မှာငါးသယံဇာတ ပေါကြွယ်ဝဖို့ အဓိကဖြစ်ပါတယ်။ ပင်လယ်ပြင်မှာငါးသယံဇာတအနေအထားက အထိအမိလျော့ကျလာတယ်။ အဲဒါကြောင့် ငါးအထိအမိကောင်းလာဖို့ရယ်၊ ငါးသယံဇာတတိုးပွားလာဖို့ရယ်အတွက်ပါ။ ပင်လယ်ပြင်မှာငါးဖမ်းတာ ဆက်တိုက်ကြီးဖမ်းလာတဲ့အတွက် ငါးသယံဇာတလျော့နည်းလာတာ တွေ့ရတယ်။ ငါးသယံဇာတထိန်းသိမ်းဖို့ အဓိကရည်ရွယ်ချက်နဲ့ ကမ်းဝေးငါးဖမ်းခွင့်ပိတ်ရတာ ဖြစ်ပါတယ်။

မေး ။ ။ ကမ်းဝေးငါးဖမ်းခွင့် ပိတ်လိုက်တဲ့အပေါ်မှာ လိုက်နာမှုတွေ ရှိပါသလား။ လိုက်နာအောင် အသိပညာပေးဆောင်ရွက်ရတာရှိပါသလား။

ဖြေ ။ ။ နှစ်အလိုက် ကမ်းဝေးငါးဖမ်းခွင့် ၅၀ ရာခိုင်နှုန်း၊ ၃၀ ရာခိုင်နှုန်း၊ ၂၀ ရာခိုင်နှုန်းပိတ်လိုက်တဲ့အပေါ်မှာ တော်တော်များများကတော့ လိုက်နာမှုရှိပါတယ်။ စစ်ဆေးမှုအပိုင်းမှာ ငါးဦးစီးက အဝင်၊ အထွက်ကို သေချာစစ်ဆေးပါတယ်၊ မြန်မာ့ပင်လယ်ပြင်မှာလည်း တပ်မတော်ရေက သေသေချာချာစစ်ဆေးပါတယ်။ လိုက်နာမှု မရှိရင်တော့ ဥပဒေအရ အရေးယူဆောင်ရွက်ပါတယ်။

မေး ။ ။ ငါးမဖမ်းရသုံးလက ဘယ်လိုလတွေမှာ သတ်မှတ်တာလဲ။

ဖြေ ။ ။ငါးမဖမ်းရသုံးလကို ဘယ်လိုလမျိုးတွေပိတ်သလဲဆိုတော့ ငါးတွေကအဓိကအထိအမိ နည်းလာတဲ့အတွက် အဓိကပိတ်တာက ဇွန်၊ ဇူလိုင်၊ ဩဂုတ် သုံးလပိတ်ပါတယ်။ ဧပြီ၊ မေလလောက်ကစပြီး ငါးလျော့ကျလာတယ်။ လျော့ကျလာတဲ့အတွက် ငါးတွေရဲ့ ပေါက်ပွားမှုရာသီပေါ်မူတည်ပြီး ဇွန်၊ ဇူလိုင်၊ ဩဂုတ်လတွေကို ပိတ်လိုက်တာဖြစ်ပါတယ်။

မေး ။ ။ ကမ်းဝေးငါးဖမ်းခွင့် အခုလိုပိတ်ပြီးတော့ ပြန်ဖွင့်ပေးလိုက်တဲ့အတွက် အကျိုးသက်ရောက်မှုဘာတွေရှိလာနိုင်ပါသလဲ။

ဖြေ ။ ။ဒီနှစ်အတိုင်းအတာအရဆိုရင် စက်တင်ဘာလမှာ ပြန်ဖွင့်ပေးတယ်။ စက်တင်ဘာလမတိုင်ခင် သုံးလပိတ်လိုက်တယ်။ စက်တင်ဘာလဖွင့်လိုက်တဲ့အခါကျတော့ ငါးဖမ်းထွက်ကြတယ်။ ပြန်ဝင်လာတဲ့လှေတွေကို ဌာနကဝန်ထမ်းတွေနဲ့ သွားရောက်စစ်ဆေးတဲ့အခါမှာ ငါးတွေက ပိုပြီးအကောင်ကြီးထွားနှုန်းမြင့်လာတယ်။ ငါးဖမ်းဆီးရမှု ပိုရလာတယ်။ ပိုများလာတယ်။ အရင်တုန်းက ငါးဖမ်းလှေတစ်စင်းက ရက် ၃၀ လောက်ဖမ်းမှ ရမယ်ဆိုရင် အခုဆိုရင် ၁၅ ရက်လောက်နဲ့ ငါးအထိအမိပိုရလာတယ်။ ကုန်ထွက်ပြည့်လာတဲ့အနေအထားမျိုး ရှိလာတယ်။ ပြည်တွင်းငါးဈေးနှုန်းကျလာမယ်။ ပြည်ပပို့တဲ့အခါမှာလည်း ငါးအကောင်ကြီးလာတဲ့အတွက် ဈေးကွက်မှာမျက်နှာပန်းလှတယ်။

မေး ။ ။ မြန်မာ့ပင်လယ်ပြင်ကထွက်ရှိတဲ့ငါးသယံဇာတက အရင်တုန်းကနဲ့ အခုအခြေအနေ ဘယ်လိုကွာခြားမှုတွေ ရှိလာသလဲ။

ဖြေ ။ ။မြန်မာ့ပင်လယ်ပြင်မှာတင်မဟုတ်ဘူး။ တစ်ကမ္ဘာလုံးအနေအထားအရဆိုရင် ငါးသယံဇာတတွေက ဖမ်းဆီးမှုတစ်ခုတည်းကြောင့် မဟုတ်ဘူး။ ရာသီဥတုပြောင်းလဲမှုဒဏ်ကြောင့် ရှိတယ်။ ငါးသယံဇာတတွေက မြန်မာနိုင်ငံသာမဟုတ်ဘူး။ တစ်ကမ္ဘာလုံးမှာ လျော့နည်းလာတာတွေ့ရတယ်။ လျော့နည်းလာတဲ့အတွက် ငါးသယံဇာတ ထိန်းသိမ်းရေးကို ဌာနအနေနဲ့ မဖြစ်မနေလုပ်ကိုလုပ်ရမယ်။ ဒါကြောင့်မို့လည်း ကမ်းဝေးငါးဖမ်းခွင့်ပိတ်တဲ့ကာလ သတ်မှတ်တာ ဖြစ်ပါတယ်။

မေး ။ ။ပြည်တွင်းစားသုံးမှုဖူလုံစေဖို့သာမက ပြည်ပတင်ပို့နိုင်ဖို့အတွက် ပင်လယ်ပြင်ကထွက်တဲ့ငါးသယံဇာတအပြင် မွေးမြူရေးဆောင်ရွက်နေမှုအခြေအနေကို သိပါရစေ။

ဖြေ ။ ။ဌာနအနေအထားအရ ငါးသယံဇာတတိုးပွားဖို့အတွက် သုံးလပိတ်တဲ့ လုပ်ငန်းဆောင်ရွက်သလို တစ်ဖက်ကမွေးမြူရေးပိုင်းမှာလည်း ဌာနမှာဖမ်းဆီးရေးနဲ့ မွေးမြူရေးဆိုတာရှိပါတယ်။ မွေးမြူရေးကဏ္ဍ တိုးတက်ဖို့အတွက်ဆိုရင်လည်း ငါးကန်ဧကတွေကို အရင်ကထက် တိုးချဲ့မွေးမြူလာတာရှိပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ ငါးမွေးမြူရေးကဏ္ဍ ဆိုရင်လည်း ပို့ကုန်ကဏ္ဍမှာ ငါးမြစ်ချင်းငါးဆိုရင် ထိပ်ဆုံးက နိုင်ငံခြားဝင်ငွေရရှိအောင် ပို့နိုင်တဲ့အနေအထားရှိပါတယ်။ လွန်ခဲ့တဲ့နှစ်နဲ့ နှိုင်းယှဉ်ရင်လည်း ငါးမွေးကန်ဧကတွေ တိုးလာသလို ငါးမွေးမြူရေးကဏ္ဍက ထုတ်လုပ်မှုတွေလည်း အများကြီး တိုးတက်လာတာရှိပါတယ်။

မေး ။ ။ ဖြည့်စွက်ပြောလိုတာရှိရင်လည်း ပြောပေးပါဦး။

ဖြေ ။ ။ ကမ်းဝေးငါးဖမ်းခွင့်ပိတ်လိုက်တဲ့အတွက် အခက်အခဲလေးတွေတော့ရှိတာပေါ့။ ကျွန်တော်တို့နိုင်ငံအနေအထားအရ ငါးလုပ်ငန်းနဲ့ပတ်သက်လို့ ငါးမဖမ်းရရာသီသုံးလပိတ်တာနဲ့ ပတ်သက်လို့ ကျွန်တော်ပြောချင်တာကတော့ မူလကတဖြည်းဖြည်းနဲ့ ၅၀ ရာခိုင်နှုန်း၊ ၃၀ ရာခိုင်နှုန်း၊ ၂၀ ရာခိုင်နှုန်းပိတ်တယ်။ ဒီလိုပိတ်တာကနေ ၁၀၀ ရာခိုင်နှုန်းအပြည့်ပိတ်တယ်။ ဒီလိုပိတ်တဲ့အခါကျတော့ ဌာနအနေအထားနဲ့ လုပ်ငန်းရှင်အနေအထားက လုပ်ငန်းရှင်



ဒုတိယညွှန်ကြားရေးမှူး ဦးသန်းစိန်

က စိုးရိမ်မှုလေးတွေတော့ ရှိတာပေါ့။ မပိတ်ခင်ကစိုးရိမ်မှုလေးတွေရှိကြတယ်။ ဘာစိုးရိမ်ကြသလဲဆိုတော့ လုပ်ငန်းရှင်အပိုင်းက ဒီလိုပိတ်လိုက်တဲ့အတွက် လုပ်ငန်းတွေရပ်နားထားရမယ်။ လုပ်ငန်းရပ်နားထားရင် အလုပ်သမားတွေရဲ့ စားဝတ်နေရေး အခက်အခဲတွေ ဘယ်လိုဖြေရှင်းရမလဲဆိုတဲ့ စိုးရိမ်မှုတွေ ရှိကြတယ်။

လုပ်ငန်းရှင်အပိုင်းကစိုးရိမ်သလို ကျွန်တော်တို့ဌာနဘက်ကလည်း စိုးရိမ်တယ်။ သက်ဆိုင်ရာအစိုးရအဖွဲ့တွေကလည်း စိုးရိမ်ကြတယ်။ အဲဒီလို စိုးရိမ်တဲ့အတွက် သက်ဆိုင်ရာလုပ်ငန်းရှင်ရယ်၊ ဌာနရယ် ရန်ကုန်တိုင်းဒေသကြီးမှာ ဆွေးနွေးမှုတွေလုပ်ပါတယ်။ လုပ်ငန်းရှင်တွေက အလုပ်သမားတွေရဲ့ အခက်အခဲတွေကို ဖြေရှင်းပေးတယ်။ ဒီလိုဝိုင်းဖြေရှင်းပေးတဲ့အတွက်လည်း ပြဿနာအခက်အခဲလေးတွေ ပြေလည်သွားပါတယ်။ ဒီလိုပိတ်လိုက်တဲ့အတွက်လည်း နောက်ပိုင်းမှာငါးအထိအမိတွေ ကောင်းလာတယ်။ ကုန်ထွက်တွေ ကောင်းလာတယ်။ လုပ်ငန်းရှင်တွေဘက်ကလည်း ဒီပိတ်လိုက်တဲ့အတွက် ကောင်းလာတာတွေ ရှိလာတဲ့အတွက် သဘောကျတာတွေရှိလာတယ်။

**မန်နေဂျင်းဒါရိုက်တာဒေါ်နှင်းဆီ**
**မြန်မာရွှေဇာမဏီစက်မှုကုမ္ပဏီလီမိတက်**

မေး ။ ။ငါးလုပ်ငန်းဦးစီးဌာနက ပင်လယ်ပြင်ကမ်းဝေးငါးဖမ်းခွင့် ပြန်ဖွင့်ပေးလိုက်တဲ့အပေါ်မှာ လုပ်ငန်းတိုးတက်လာမှု အခြေအနေကိုသိပါရစေ။

ဖြေ ။ ။သုံးလပိတ်လိုက်တဲ့အခါကျတော့ အရင်တုန်းကတော့ ၂၀ ရာခိုင်နှုန်းထွက်တယ်။ ငါးသေးသေးလေးတွေလည်းပါလာတယ်။ အခုကတော့ ရာခိုင်နှုန်းအပြည့်ငါးဖမ်းခွင့်ပိတ်လိုက်တော့ ငါးအရွယ်အစားကြီးလာတယ်။ ပြီးခဲ့တဲ့နှစ်ကထက်စာရင် ငါးအထွက်နှုန်းလည်းကောင်းလာတယ်။ အဲဒီအပေါ်မှာတော့ကောင်းကျိုးလည်းရှိပါတယ်။ သုံးလလောက် နားလိုက်တဲ့အပေါ်မှာ ဝန်ထမ်းလစာကို အပြည့်အဝပေးထားခဲ့ရတယ်။ အခက်အခဲကတော့ ရှိတာပေါ့။

မေး ။ ။ ငါးဖမ်းခွင့်သုံးလပိတ်လိုက်တဲ့အတွက် တစ်ဖက်မှာ ရေလုပ်သားတွေနဲ့ လုပ်ငန်းရှင်တွေမှာ ထိခိုက်မှု ရှိသလားဆိုတာ သိချင်ပါတယ်။

ဖြေ ။ ။ငါးဖမ်းခွင့် သုံးလပိတ်လိုက်တဲ့အတွက် အခက်အခဲ တော့ရှိတာပေါ့။ အဓိကအလုပ်သမားတွေရဲ့ လစာကို အပြည့်အဝပေးထားရတယ်။ သူတို့မှာလည်း မိသားစုနဲ့ဆိုတော့ ပေးထားရတာပေါ့။ အခက်အခဲတော့ကြုံ ရတာပေါ့။ တစ်ဖက်မှာလည်း ကောင်းတာတွေရှိပါတယ်။ ရေတိုအခက်အခဲရှိတာကို ကြည့်လို့မရဘူး။ ရေရှည်မှာရှိလာမယ့် အကျိုးဆက်အတွက်တော့ ကမ်းဝေးငါးဖမ်းခွင့်ပိတ်လိုက်တဲ့ပေါ် လုပ်ငန်းရှင်တစ်ယောက်အနေနဲ့ ကျွန်မ တော့ကြိုက်တယ်။ ပင်လယ်ကနေ အရည်အသွေးမီတဲ့ငါးတွေ ဖမ်းဆီးရမိလာတယ်။ ငါးသယံဇာတလည်း မထိခိုက်ဘူး။

မေး ။ ။ ကမ်းဝေးငါးဖမ်းခွင့် ပိတ်လိုက်တဲ့အချိန်မှာ ငါးဈေးကွက်အခြေအနေကရော ဘယ်လိုရှိပါသလဲ။ ငါးဈေးနှုန်း မြင့်တက်တာတွေရှိပါသလား။

ဖြေ ။ ။မြန်မာနိုင်ငံမှာက ၈၀ ရာခိုင်နှုန်းလောက်က ငါး၊ ပုစွန် စားသုံးကြတယ်။ ကမ်းဝေးငါးဖမ်းခွင့် ပိတ်လိုက်တဲ့အခါကျတော့ ငါးဈေးနှုန်း နည်းနည်းတက်သွားတယ်။ အခုပြန်ဖွင့်ပေးလိုက်တော့ ဈေးတော့ပြန်ကျသွားပါပြီ။

မေး ။ ။ ပင်လယ်ပြင်ငါးဖမ်းရာသီက ဘယ်အချိန်ကစ



ဒုတိယညွှန်ကြားရေးမှူး ဦးသက်နိုင်

ကောင်းလာပါသလဲ။

ဖြေ ။ ။ပင်လယ်ပြင်ငါးဖမ်းတာကတော့ ၉ လပိုင်းလောက်က စပါတယ်။ ၂ လပိုင်းလောက်အထိက ငါးဖမ်းရတာ ကောင်းတယ်။

မေး ။ ။ပြည်ပငါးတင်ပို့တဲ့ အခြေအနေကိုလည်း ပြောပြပေးပါ။

ဖြေ ။ ။ ကျွန်မတို့စက်ရုံက ကြို့ကုန်းမှာတစ်ရုံ၊ သာကေတမှာ တစ်ရုံ စုစုပေါင်းစက်ရုံ နှစ်ရုံနဲ့လည်ပတ်နေပါတယ်။ ကြို့ကုန်းမှာက ငါးဖမ်းစက်လှေအစင်း၂၀ ကျော်ရှိတယ်။ သာကေတမှာတော့ ငါးဖမ်းစက်လှေ ၁၂ စင်းလောက်ရှိတယ်။ ကိုယ်ပိုင်ငါးဖမ်းစက်လှေတွေက ဖမ်းဆီးလို့ရတဲ့ငါးတွေအပြင် ဂျက်တီမှာလည်း ငါးတွေဝယ်တယ်။ အဓိကငါးတင်ပို့တာကတော့ တရုတ်နိုင်ငံကို အဓိကတင်ပို့ပါတယ်။ လက်ရှိကတော့ တရုတ်နဲ့ မလေးရှားနိုင်ငံတို့ကိုပို့ပါတယ်။ အဓိက တရုတ်ကို တင်ပို့တာများပါတယ်။ ကျွန်မတို့ စက်ရုံကတော့ ပင်လယ်ပြင်က ဖမ်းဆီးရမိတဲ့ငါးကိုပဲတင်ပို့တယ်။ ရေချိုငါး တင်ပို့မှုကို မလုပ်သေးဘူး။ စက်ရုံနှစ်ခုပေါင်းပြီးတစ်လ တစ်လကို ကွန်တိန်နာသေတ္တာ အလုံး၂၀၊ ၃၀ လောက်ပို့နေရတယ်။ ငါးရတဲ့အပေါ်မှာမူတည်ပြီး ပို့နေရပါတယ်။

**ဒုတိယညွှန်ကြားရေးမှူး ဦးသက်နိုင်**
**ငါးလုပ်ငန်းဦးစီးဌာန၊ အရည်အသွေးထိန်းသိမ်းရေးနှင့် သုတေသနဌာနခွဲ**

မေး ။ ။ မြန်မာနိုင်ငံကရေထွက်ကုန်တွေ ဘယ်နိုင်ငံတွေကိုပို့တယ်၊ ဘယ်လိုပုံစံနဲ့ပို့တယ်ဆိုတာ သိချင်ပါတယ်။

ဖြေ ။ ။ကျွန်တော်တို့ဌာနက အဓိကတာဝန်ယူရတဲ့အပိုင်းကတော့မြန်မာနိုင်ငံကရေထွက်ပစ္စည်းတွေ ပြည်ပပို့တဲ့အပိုင်းနဲ့ပတ်သက်ပြီး ရေထွက်ပို့ကုန်တွေလုံခြုံစိတ်ချရတဲ့ အာမခံနိုင်မှုအပိုင်းကို အဓိကအလေးထားတယ်။ မြန်မာနိုင်ငံမှာ လက်ရှိအအေးခန်းစက်ရုံပေါင်း ၁၂၄ ရုံရှိပါတယ်။ ၁၂၄ ရုံမှာ ရန်ကုန်မှာက အဓိက ၇၆ ရုံလောက်ရှိတယ်။ ရန်ကုန်မှာများတယ်။ စက်ရုံပေါင်း ၁၂၄ ရုံရှိတဲ့အထဲမှာမှ ပြည်ပပို့တဲ့နိုင်ငံတွေရဲ့ လိုအပ်ချက်အတိုင်းလုပ်ရတာရှိတယ်။ စက်ရုံ ၁၂၄ ရုံမှာမှ လက်ရှိ EU တင်ပို့ခွင့်ရတဲ့စက်ရုံ ၂၅ ရုံရှိတယ်။ **စာမျက်နှာ ၂၀ သို့❖**



ရန်ကုန်မြို့ သာကေတစက်မှုဇုန်ရှိ မြန်မာရွှေဇာမဏီစက်မှုကုမ္ပဏီလီမိတက်တွင် ပင်လယ်ပြင်မှ ဖမ်းဆီးရမိသော ငါးများအား ပြည်ပတင်ပို့ရန် ထုပ်ပိုးနေစဉ်။

❖ စာမျက်နှာ ၁၉ မှ
အဲဒါကလည်း ဒီအတိုင်းတင်ပို့ခွင့်ရတာမဟုတ်ဘူး။ EU ကအဖွဲ့တွေလာစစ်ပြီးတော့မှ သဘာဝငါးဖမ်းသင်္ဘောကရတဲ့ငါးတွေဆို ငါးဖမ်းသင်္ဘောကအစ စစ်တာ။ ငါးတင်သင်္ဘော၊ ငါးလေလံဈေး၊ ငါးအတင်အချဆိပ်ကမ်း၊ နောက်ပြီးတော့မှ ငါး၊ ပုစွန်အအေးခန်းစက်ရုံစတဲ့အရာအားလုံး EU အဖွဲ့တွေလာစစ်ပြီးတော့မှ လက်ခံဖို့လုပ်တာ။ ပြီးမှတင်ပို့ ခွင့်ရတာ။ အဲဒါ စက်ရုံပေါင်း ၂၅ ရုံရှိတယ်။ အအေးခန်းစက်ရုံတွေဆို ၁၂၄ ရုံထဲက တရုတ်တင်ပို့တဲ့စက်ရုံ ၉၀၊ သိုလှောင်ရုံ ၁၆ ရုံ အားလုံးပေါင်း ၁၀၆ ရုံက တရုတ်ကိုတင်ပို့ခွင့်ရတယ်။ တရုတ်ကို အဲဒီလို တရားဝင်မှတ်ပုံတင်ထားမှ ရေထွက်ကုန်တွေက တရုတ်ကိုပို့လို့ရတာ။ ကျန်တဲ့စက်ရုံတွေ ပို့လို့မရဘူး။ EU ကလည်း Approve လုပ်တဲ့စက်ရုံမှပဲ EU ပို့လို့ရတာ။

အရင်တုန်းက၂၀၀၉ –၂၀၁၀တုန်းကစပြီးတော့ EU စစ်ဆေးရေးအဖွဲ့တွေလာစစ်ပြီးတော့မှ ရေထွက်ကုန်တွေပို့တဲ့အခါကျတော့ သဘာဝကရတဲ့ ရေထွက်ကုန်ပဲပို့လို့ရတယ်။ အခုနောက်ပိုင်းတော့ EU ရဲ့လိုအပ်ချက်ဖြစ်တဲ့ အမျိုးသားဓာတ်ကြွင်း စောင့်ကြည့်မှုအစီအစဉ်ကို အကောင်အထည်ဖော်လာတဲ့အခါကျတော့ ၂၀၁၉ ခုနှစ် မေလကစပြီးတော့ ကျွန်တော်တို့ရဲ့ မွေးမြူရေးရေထွက်ကုန် ၁၀ မျိုးကို ပို့လို့ရသွားပြီ။ သဘာဝကရတာလည်း ပို့လို့ရတယ်။ မွေးမြူရေးလည်း ပို့လို့ရတယ်။


ရန်ကုန်မြို့ သာကေတစက်မှုဇုန်ရှိ မြန်မာရွှေဇာမဏီစက်မှုကုမ္ပဏီလီမိတက်က ပင်လယ်ပြင်မှဖမ်းဆီးရမိသောငါးသယံဇာတများအား ပြည်ပတင်ပို့ရန် ထုပ်ပိုးပြင်ဆင်နေစဉ်။

ဗီယက်နမ်လည်းဒီလိုပဲ။ လက်ရှိမှတ်ပုံတင်ထားတဲ့စက်ရုံပေါင်း ၃၃ ရုံရှိတယ်။ မှတ်ပုံတင်ထားတဲ့စက်ရုံပဲ ပို့လို့ရတယ်။ ကျန်တဲ့စက်ရုံမရဘူး။ ကျန်တဲ့စက်ရုံ ၁၀၀ ကျော်နေနိုင်ငံပေါင်း ၄၀ ကျော်ကို ပို့နေပါတယ်။ ပို့တဲ့နိုင်ငံထဲမှာ အထူးသဖြင့် နှစ်နှစ်၊ သုံးနှစ်အတွင်းမှာ ထိုင်းကတော့အဝယ်အများဆုံး ၁၀ နိုင်ငံစာရင်းထဲမှာ အများဆုံးဝယ်တယ်။ အရင်တုန်းက တရုတ်ကပထမ၊ နောက်ပိုင်း ထိုင်းက အများဆုံး၊ ဒုတိယက တရုတ်ဖြစ်သွားပြီ။ ထိုင်းက၂၀၁၈–၂၀၁၉ပြီးခဲ့တဲ့ဘတ်ဂျက်မှာ ပြည်ပပို့ကုန်တန်ဖိုး ၇၂၈ သန်းကျော်ပါတယ်။

**မေး ။ ။ငါးမဖမ်းရကာလမှာ လုပ်ငန်းရှင်တွေ ရေထွက်ကုန်ပစ္စည်းပြည်ပတင်ပို့နိုင်အောင် ဆောင်ရွက်ပေးခဲ့တဲ့အခြေအနေကိုလည်း သိချင်ပါတယ်။**

ဖြေ။ ။ငါးမဖမ်းရကာလသတ်မှတ်တဲ့အခါမှာ ကုန်ကြမ်းရရှိမှုအခက်အခဲ ရှိပါတယ်။ ဒါပေမယ့်လည်း တစ်ဖက်ကပြောရင် မွေးမြူရေးငါးတွေ ခွင့်ပြုထားတာဖြစ်တဲ့အတွက် မွေးမြူရေးငါးတွေ ပို့လို့ရတယ်။ ကမ်းနီးဖမ်းလို့


မန်နေဂျင်း ဒါရိုက်တာဒေါ်နှင်းဆီ

ရတဲ့ငါးတွေ စက်ရုံတွေကဝယ်ယူပြီး ပို့လို့ရတယ်။ ကမ်းဝေးနဲ့ ပတ်သက်ရင် ဘာစီမံပေးသလဲဆိုတော့ တချို့စက်ရုံတွေက MIC ခွင့် ပြုချက်ယူပြီးတော့ လက်ခစားလုပ်ပြီး သွင်းကုန်သွင်းမယ်။ ပြီးရင်လက်ခစားယူမယ်။ ပြီးရင် ပြည်တွင်းမှာဖြန့်မယ်။ အဲဒီလိုတွေ လုပ်တယ်။

ကျွန်တော်တို့က အဲဒီလိုကာလမှာ ကုန်သွယ်ရေးဦးစီးဌာနနဲ့ ညှိနှိုင်းပေးတယ်။ ပင်လယ်ပြင်မှာ ငါးဖမ်းခွင့်သုံးလပိတ်ထားလို့ စက်ရုံတွေကုန်ကြမ်းရရှိဖို့အတွက် မြန်မာနိုင်ငံမှာ ဒီကုန်တွေရှိသော်လည်း တင်သွင်းခွင့်ပြုဖို့ ကျွန်တော်တို့ဌာနက ကုန်သွယ်ရေးဦးစီးဌာနနဲ့ညှိနှိုင်းပြီး ဆောင်ရွက်ပေးတာတွေရှိပါတယ်။

# မန္တလေးတွင်ကျင်းပမည့် ကျောက်မျက်ရတနာပြပွဲနှင့် ရောင်းချပွဲတွင် WeChat ဖြင့် ရောင်းချမှုပိတ်ပင်ထား

**မန္တလေး အောက်တိုဘာ ၁၈**

မန္တလေးမြို့တွင် ပထမဆုံးအကြိမ်ကျင်းပမည့် ကျောက်စိမ်းအရိုင်းထည်၊ အချောထည်နှင့် ကျောက်မျက်ရတနာရောင်းချပွဲတွင် WeChat ဖြင့် ရောင်းချခြင်း၊ အသုံးပြုခြင်းကို ပိတ်ပင်ထားကြောင်း ပွဲကျင်းပရေးကော်မတီထံမှ သိရသည်။



အဆိုပါ ပြပွဲနှင့် ရောင်းချပွဲကို မန္တလေးမြို့ သိပ္ပံလမ်းရှိ ကွန်ဗင်းရှင်းစင်တာတွင် အောက်တိုဘာ ၂၃ ရက်မှ ၂၉ ရက်အထိ ကျင်းပမည်ဖြစ်ပြီး မြန်မာငွေကျပ်ဖြင့်သာ ရောင်းချသွားမည်ဖြစ်သည်။

"WeChat ကို တရားဝင်ပိတ်ပင်ထားတယ်။ ကျောက်စိမ်းအရိုင်း၊ အချောနဲ့ပတ်သက်ပြီး WeChat နဲ့ ဘာမှလုပ်ခွင့်ပေးမထားဘူး။ ရောင်းချခွင့်လည်း ပိတ်ပင်ထားတယ်၊ အဲဒါနဲ့ ရောင်းဝယ်တာတွေ့ရင်တော့ ပြပွဲဝင်ခွင့်ကို ပိတ်ပင်သွားမှာပါ" ဟု ကျောက်မျက်ရတနာပြပွဲနှင့် ရောင်းချပွဲကော်မတီဥက္ကဋ္ဌ ဦးကျော်ဇောအောင်က ပြောသည်။

ကျောက်မျက် ရောင်းချပွဲတွင် ကျောက်စိမ်းအရိုင်းထည် အတွဲ ၂၆၈၉ တွဲ၊ စားပွဲတင်အချောထည် ကျောက်စိမ်း အတွဲ ၂၀၀ တွဲနှင့် ကျောက်မျက်ရတနာအရောင်းဆိုင် ၄၉ ဆိုင်ပါဝင်ပြသ ရောင်းချသွားမည်ဖြစ်ကြောင်း ပွဲကျင်းပရေးကော်မတီမှ သိရသည်။

မန္တလေး ကျောက်ဝိုင်းအတွင်း၌ တရုတ်နိုင်ငံသားအချို့သည် WeChat ဆော့ဖ်ဝဲကိုအသုံးပြု၍ ကျောက်စိမ်းဝယ်ယူခြင်းသည် ပြည်တွင်းကျောက်စိမ်းဈေးကွက်ကို ပျက်စီးစေသည်ဟု ကျောက်စိမ်းလုပ်ငန်း လုပ်ကိုင်သူအချို့က သုံးသပ်ကြသည်။ **သူရိန်လင်း**

**○ ၂၀၂၀ အိုလံပစ်မှ**

၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၃ ရက်မှ ၉ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အုပ်စု (က) ပွဲစဉ်များကို တောင်ကိုရီးယား၊ အုပ်စု (ခ) ပွဲစဉ်များကို တရုတ်နိုင်ငံတို့က အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်သည်။ တတိယအဆင့်ခြေစစ်ပွဲကို အသင်းရှစ်သင်းဖြင့် ကျင်းပမည်ဖြစ်ပြီး လေးသင်းနှစ်အုပ်စုခွဲ၍ ယှဉ်ပြိုင်ရမည်ဖြစ်ကာ အုပ်စုတစ်ခုစီမှ အမှတ်အများဆုံးနှစ်သင်းစီမှာ နောက်ဆုံးအဆင့်ခြေစစ်ပွဲသို့ တက်ရောက်ခွင့်ရမည်ဖြစ်သည်။

နောက်ဆုံးအဆင့်ကို ရှုံး၊ ထွက်ပုံစံဖြင့် နှစ်ကျော့ ကစားရမည်ဖြစ်ပြီး အနိုင်ရသည့်နှစ်သင်းမှာ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်ကာ အိမ်ရှင်ဂျပန်အသင်းနှင့်အတူ နောက်ဆုံးအဆင့်သို့ တက်ရောက်ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် အိုလံပစ်ခြေစစ်ပွဲတွင် ပထမ အဆင့်မှ စတင်ကစားခဲ့ရပြီး အုပ်စု (ဂ) တွင် ပါဝင်ခဲ့ကာ ဘင်္ဂလားဒေ့ရှ်ကို ငါးဂိုး ပြတ်၊ အိန္ဒိယကို နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရကာ နီပေါနှင့် တစ်ဂိုးစီသရေကျကာ ခုနစ်မှတ်ဖြင့် အုပ်စုပထမဖြင့် ဒုတိယအဆင့် တက်ရောက်ခဲ့သည်။

ဒုတိယအဆင့် ခြေစစ်ပွဲကို အုပ်စု (က) တွင် ပါဝင်ခဲ့ပြီး နီပေါကို သုံးဂိုး–တစ်ဂိုး၊ အင်ဒိုနီးရှားကို ခြောက်ဂိုးပြတ်အနိုင်ရကာ အိန္ဒိယနှင့် သုံးဂိုးစီသရေကျပြီး ခုနစ်မှတ်ဖြင့် တတိယအဆင့်သို့ တက်လှမ်းခဲ့ခြင်းဖြစ်သည်။ မြောက်ကိုရီးယား၊ တောင်ကိုရီးယား၊ ဩစတြေးလျ၊ တရုတ်နှင့် ထိုင်းအသင်းတို့မှာ တတိယအဆင့်ခြေစစ်ပွဲမှ စတင်ယှဉ်ပြိုင်ရခြင်းဖြစ်ပြီး မြန်မာ၊ ဗီယက်နမ်နှင့် တရုတ်(တိုင်ပေ) အသင်းတို့မှာ ဒုတိယအဆင့်ခြေစစ်ပွဲမှ တက်ရောက်လာခြင်းဖြစ်သည်။

မြန်မာအသင်းသည် ယခုနှစ်အတွင်း နိုင်ငံတကာပြိုင်ပွဲများ ဆက်တိုက်ယှဉ်ပြိုင်နေရပြီး တတိယအဆင့်ခြေစစ်ပွဲတွင် အာရှထိပ်သီးအသင်းများနှင့် တွေ့ဆုံနေသောကြောင့် ရလဒ်ကောင်းရယူနိုင်ရန် ကြိုးစားရဖွယ်ရှိနေသည်။

**သတင်း–ရှိုင်းထက်ဇော်၊ ဓာတ်ပုံ–စိုးညွန့်**

# ဖျာပုံမြို့၌ သဘာဝဘေးလျော့ပါးရေးအတွက် စုပေါင်းသစ်ပင်စိုက်ပျိုး



**ဖျာပုံ အောက်တိုဘာ ၁၈**

အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနေ့ အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပျိုးခြင်းအစီအစဉ်ကို အောက်တိုဘာ ၁၆ ရက် နံနက် ၈ နာရီက ဖျာပုံမြို့ ဂေါက်ကွင်း၌ ပြုလုပ်ခဲ့သည်။

ဖျာပုံခရိုင် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်သီသီချိုနှင့် ဝန်ထမ်းများ၊ ပွဲတင်သံ ပရဟိတအသင်း၊ Action Myanmar နှင့် လူမှုရေးအသင်းအဖွဲ့များပူးပေါင်း၍ တည်ပင်ရေ ၂၀၀ နှင့် မနီလာကွမ်းပင် ၁၀၀ ကို ဖျာပုံဂေါက်ကွင်းအပါအဝင် မြို့ပေါ်ရှိ အများပြည်သူနှင့် သက်ဆိုင်သောရုံးများ၊ ကျောင်းများ၌ စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

အဆိုပါ လူမှုရေးအသင်းအဖွဲ့များအနေဖြင့် အများပြည်သူနှင့်ဆိုင်သောနေရာများတွင် အရိပ်ရအပင်များ ဆက်လက်စိုက်ပျိုးပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သူဇာနွယ် (ဖျာပုံ)**



# ငါ့သရောက်၌ ကွန်ကရစ်လမ်း ချောင်းရေတိုက်စားမှုကြောင့် ပျက်စီး

**ငါ့သရောက် အောက်တိုဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး ငါ့သရောက်မြို့ အမှတ်(၂)ဈေးကုန်းရပ်နှင့် အမှတ်(၄) သိမ်တော်ရပ်ကွက်ကို ဆက်သွယ်ဖောက်လုပ်ထားသည့် ရွှေလုံ့ပျံချောင်း ရေကျော်ကွန်ကရစ်လမ်းသည် အောက်တိုဘာ ၇ ရက် မွန်းလွဲပိုင်းက ရွာသွန်းခဲ့သည့်မိုးကြောင့် ပေ ၁၅၀ ပတ်လည်ခန့် ပျက်စီးသွားခဲ့သည်။

အဆိုပါ ရေကျော်ကွန်ကရစ်လမ်း ပျက်စီးသွားခြင်းကြောင့် ကျောင်းသား ကျောင်းသူများ၊ ပြည်သူများက စက်ဘီး၊ ဆိုင်ကယ်၊ ကားများ ခရီးဝေးသည့်ဘက်မှပတ်မောင်းသွားရခြင်းများကြောင့် အမြန်ဆုံးပြန်လည်ပြုပြင်ပေးစေလိုကြောင်း ဒေသခံများက ပြောသည်။ **ကိုထိန် (ငါ့သရောက်)**


ကျေးဇူးရှင်မိဘနှစ်ပါးအားဦးထိပ်ထားလျှက် မဟာဝိဇယဘုရားမှ
ဝိဇ္ဇာဓါတ် စနေသွင်းရည် (အကြားအမြင်) ပါရမီရှင်
ဆရာမကြီးဒေါ်မြင့်မိုရ်ခင်
စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးကိစ္စအဝဝနှင့်
အချစ်ရေး အိမ်ထောင်ရေးအထူး(သီးသန့်)ဟောပေးသည်၊
နံနက်(၉)နာရီမှ ညနေ(၅)နာရီထိ
ဆိုင်အမှတ်(၁)၊ မဟာဝိဇယဘုရား၊ မြောက်ဘက်မုခ်၊ Ph-09421097827

# လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
# မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
# (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
## (၁၁ / ၂၀၁၉ -၂၀၂၀)

၁။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ ထုတ်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | မှတ်ချက် |
|---|---|---|---|
| (က) | DMP/L–095(19–20) | Spares for K 700 A Rig Pump Ex Nat 55 Series Rig (5) Items | Ks |
| (ခ) | DMP/L–096(19–20) | Spares for ZW–Type CNG Compressor (47) Items | Ks |
| (ဂ) | DMP/L–097(19–20) | Spares for Intermech Dispenser / Aspro Dispenser (2) Groups | Ks |
| (ဃ) | DMP/L–098(19–20) | Spares for CAT G 3516 C Engine (116) Items | Ks |
| (င) | DMP/L–099(19–20) | Spare Parts for Caterpillar G 3412 Generator & G 3508 Generator (2) Groups | Ks |
| (စ) | DMP/L–100(19–20) | Spares for CAT D 379 Rig Engine (65) Items | Ks |
| (ဆ) | DMP/L–101(19–20) | Spares for 4th Stage Safe CNG Compressor (LP) (18) Items | Ks |
| (ဇ) | DMP/L–102(19–20) | Spares for Kobelco Excavator (53) Items | Ks |
| (ဈ) | DMP/L–103(19–20) | Spares for L–Type CNG Compressor (33) Items | Ks |
| (ည) | DMP/L–104(19–20) | Spares for CAT G 3512 L/Set Engine (32) Items | Ks |
| (ဋ) | DMP/L–105(19–20) | Spares for Kwangshin CNG Compressor (46) Items | Ks |
| (ဌ) | DMP/L–106(19–20) | Spares for XCMG Crane (88) Items | Ks |
| (ဍ) | DMP/L–107(19–20) | Spares for Aspro CNG Compressor (13) Items | Ks |
| (ဎ) | DMP/L–108(19–20) | Spares for Intermech CNG Compressor (3 Stages) (32) Items | Ks |
| (ဏ) | DMP/L–109(19–20) | Electrical Spares for Nay Pyi Taw Office (2) Groups | Ks |
| (တ) | DMP/L–110(19–20) | Electrical Spare Parts for ZJ 50 D SR I & II (14) Items | Ks |
| (ထ) | DMP/L–111(19–20) | Electrical Spare Parts for ZJ 70 L SR I & II (20) Items | Ks |
| (ဒ) | DMP/L–112(19–20) | Casing and Tubing Swab Cups (4) Items | Ks |
| (ဓ) | DMP/L–113(19–20) | Magna Dewax PT–2066 Paraffin Solvent / Greenzyme / Wildcat 441 (3) Items | Ks |
| (န) | DMP/L–114(19–20) | Spare Parts for Retest Factory (134) Items | Ks |
| (ပ) | DMP/L–115(19–20) | Spares for CAT 3512B Rig Engine (67) Items | Ks |
| (ဖ) | DMP/L–116(19–20) | 2 7/8" and 2 3/8" Seamless EU Tubing (3) Items | Ks |
| (ဗ) | DMP/L–117(19–20) | 3" Flow Line Pipe (20,000) Meter | Ks |
| (ဘ) | DMP/L–118(19–20) | Non Destructive Testing (NDT) Services for Assorted Size Domestic Natural Gas Pipeline Replacement Works (1) Lot | Ks |
| (မ) | DMP/L–119(19–20) | CP System Installation for 4" CNG Pipeline 11.99 Miles At Yangon Area (1) Lot | Ks |
| (ယ) | DMP/L–120(19–20) | CP System Installation for Pinn Chaung–Nyaung Hla 10" Crude Oil Pipeline 5.85 Miles | Ks |
| (ရ) | DMP/L–121 (2019–2020) | Assorted Sizes of Steel Ball Valves (1) Lot | Ks |
| (လ) | DMP/L–122(19–20) | Pipe Fittings / Heat Shrinkable Sleeves & Closure Patches / Welding Electrode / Bolts & Nuts (4) Groups | Ks |
| (ဝ) | DMP/L–123(19–20) | Data Acquisition / Data Processing / Interpretation Section (1) Lot | Ks |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်နေ့မှစ၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ (ဘဏ္ဍာရေးဌာန) နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပြီး တင်ဒါကြော်ငြာအား ဝန်ကြီးဌာနဝက်ဆိုဒ် (www.moee.gov.mm) တွင်လည်း ကြော်ငြာထားမည်ဖြစ်ပါသည်။

၃။ အဆိုပါ အိတ်ဖွင့်တင်ဒါများကို ၁၈-၁၁-၂၀၁၉ ရက် ၁၄:၀၀ နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄) နေပြည်တော်သို့ (လူကိုယ်တိုင်) လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊**
**ဖုန်း၊ ၀၆၇-၄၁၁၂၀၆**

# တောတောင်ခြောက်ခန်း လယ်ယာနွမ်း၏

ငေါ်ဂူ... Travel & Services
Hot Line Ph ; 09-5129134
၂၀၁၉ – ၂၀၂၀ ခရီးသွားရာသီအတွက် ပုဒ္ဓဂယာ ဘုရားဖူး စရိတ်ငြိမ်းခရီးစဉ်များ
၀၄ညအိပ် ၁၅ရက် – ၁၂သိန်းကျပ်
၇ညအိပ် ၈ရက် – ၁၀သိန်းကျပ်
(၇)နှစ်ပြည့် အထူးပရိုမိုးရှင်း
Ph: 09-5129134, 09-795429379, 09-776897478

ပျောက်ဆုံးကြောင်း
ကျွန်မ မနန်းလောဝ်နွံဆိုင် [၁၃/သပန(နိုင်) ၁၀၃၈၉၅] ကိုင်ဆောင်သော ပတ်စ်ပို့စာအုပ်အမှတ်– MA-659886 စာအုပ်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၈၀၅၅၄၃၇

ဖောင်းကြွပျောက် လျှောက်ထားခြင်း
ယာဉ်အမှတ် 1I/5784 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ ခရိုင်ရုံး
(ရန်ကုန်အနောက်ပိုင်း)

ရတနာစံအိမ်
အိမ်ပြောင်း/ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေး
09443888081
09428773388

စားသောက်ဆိုင် ရောင်းမည်
နေပြည်တော် မြို့မဈေးအနီး တောင်ပေါ်ရှိ စားသောက်ဆိုင် ရောင်းမည်။
ဆက်သွယ်ရန်
၀၉ ၄၂၀၇၀၂၀၀၅
၀၉ ၅၀၆၄၄၃၇




ပထမဆုံး မြန်မာနိုင်ငံမီးသတ်ဦးစီးဌာန၏ အရည်အသွေးပြည့်မီကြောင်းထောက်ခံချက်ရရှိထားသည်
Since 2001
နေရာတိုင်းဆောင်ထား
အရောက်ပို့
တပ်ဆင်
ရှင်းပြ
Rain Flower
5 Year Warranty


ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးစဝ်ခွန်ခယ် (ခ) ဦးခွန်ပြည်သာစိုး (ခ) ဦးလေးစိုး

### အသက် (၅၈)နှစ်

လားရှိုးမြို့၊ ရက်ကွက်(၁)၊ အမှတ် (၁၉)၊ မြဂတီလမ်း၊ ပန်လုံတော်ဝင်နေ ပန်လုံစော်ဘွားကြီး ဝဏ္ဏကျော်ထင် (ဦးစဝ်ခွန်ဆမ်-ဒေါ်စဝ်နန်းဆွေ)တို့၏ ချစ်လှစွာသောသားထွေး၊ [ဒေါ်စဝ်နန်းအမ်အောင် (ခ) ဒေါ် Violet ခွန်ဆမ်]၊ 'ဂ'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးစဝ်ခွန်ထွန်းလူ (ခ) ဦးဒီကီ-ဒေါ်စောနန်းပန်(ခ) ဒေါ်မာဂရက်၊ (ဦးခွန်ထွန်း)-[ဒေါ်စဝ်နန်းအုပ်(ခ)ဒေါ်လော်ရင်းခွန်ဆမ်]၊ [ဒေါ်စဝ်နန်းပန်(ခ) ဒေါ်ဖိန်းခွန်ဆမ်]၊ (ဦးစဝ်ခွန်ဖုန်း)၊ ဒုတိယဗိုလ်ချုပ်ကြီးကိုကို(ငြိမ်း)-ဒေါ်စဝ်နွန်းခွန်ဆမ်၊ (ဦးစဝ်ခွန်သန်းထွန်း)တို့၏ ချစ်လှစွာသော ညီ/မောင်၊ (ဒေါ်စဝ်ဆောင်းခွန်ဆမ်)၏ ချစ်လှစွာသော အစ်ကို၊ (ဦးစဝ်ခွန်ဘုန်းမြတ်စိုး)-ဒေါ်လှလှ၊ ဦးခွန်စောမင်းခေါင်-ဒေါ်စန်းစန်း(ခ)ရှင်းရှင်း၊ ဒေါ်စောသန္တာထွန်း၊ ဦးခွန်ရဲမင်းကိုကို-ဒေါ်အင်ကြင်းသူရ၊ ဦးခွန်သီဟကိုကို-ဒေါ်အေးဝင်းဝင်းထိုက်၊ ဒေါ်စောဝတ်မှုံ၊ ဒေါ်စောသီရိကိုကို၊ မောင်ခွန်စည်သူကိုကိုတို့၏ ချစ်လှစွာသော ဦးလေး၊ မစဝ်မြတ်စိုးစံ၊ မောင်စဝ်ဘုန်းမင်းထက်၊ မောင်ခန့်ဟိန်းသီဟ၊ မရွှေရတီခင်၊ မောင်ခွန်မင်းထက်ခေါင်တို့၏ ချစ်လှစွာသောအဘိုးဖြစ်သူ ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး ဦးစဝ်ခွန်ခယ်(ခ) ဦးခွန်ပြည်သာစိုး (ခ) ဦးလေးစိုးသည် ၁၇-၁၀-၂၀၁၉ (ကြာသပတေးနေ့) ည ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၁၀-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် လားရှိုးမြို့၊ ကြာကန်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်ဆွေအပေါင်းတို့အား အသိပေးဖိတ်ကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၅-၁၀-၂၀၁၉ (သောကြာနေ့) နံနက် ၁၀ နာရီမှ ၁၂ နာရီအထိ အထက်ပါနေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားတော်နာယူမည်ဖြစ်ပါ၍ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒုတိယဗိုလ်မှူးကြီးဝင်းဇော်သိန်း(ငြိမ်း)

(ကြည်း-၁၇၆၈၄)၊ ဗသက (၆၄)

B.Sc (IC)

### အသက်(၆၁)နှစ်

မန္တလေးမြို့၊ နန်းရှေ့ရပ်နေ (ဗိုလ်မှူးသိန်းအိုင်-ဒေါ်မြင့်မြင့်သန်း)တို့၏ သား၊ ဗိုလ်မှူးဝင်းမော်သိန်း(ငြိမ်း)-ဒေါ်သီတာဝင်းတို့၏ ညီ၊ ဒေါ်စိုးမာသိန်း (တောင်ငူပညာရေးကောလိပ်)၏ အစ်ကို၊ ဒိုးကွန်ရပ်ကွက်ကြီး(၁၈)၊ ပြင်ဦးလွင်မြို့နေ ဒုတိယဗိုလ်မှူးကြီးဝင်းဇော်သိန်း(ငြိမ်း) သည် ၁၇-၁၀-၂၀၁၉ရက် ည ၉:၁၈နာရီတွင် ဆာကူရာဆေးရုံ(ရန်ကုန်)၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၁၀-၂၀၁၉ရက် ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမောင်နှမတစ်စု

---

## ဝမ်းနည်းကြေကွဲခြင်း

### ဒုတိယဗိုလ်မှူးကြီးဝင်းဇော်သိန်း(ငြိမ်း) (၆၁)နှစ်

(ကြည်း-၁၇၆၈၄)၊ ဗသက (၆၄)

B.Sc (IC)

ကြည်း-၁၇၆၈၄ ဒုတိယဗိုလ်မှူးကြီးဝင်းဇော်သိန်း(ငြိမ်း) ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၆၄) သည် ၁၇-၁၀-၂၀၁၉ရက် ည ၉:၁၈နာရီ တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် သူငယ်ချင်းအားလုံးမှ မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၆၄)**
**သူငယ်ချင်းများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဦးကျော်အုံး (ဝေါမြို့)

### အသက်(၉၇)နှစ်

သူငယ်ချင်း ဒေါက်တာအေးဝင်း၏ ချစ်လှစွာသော ဖခင်ဖြစ်သူ ဦးကျော်အုံးအသက် (၉၇)နှစ်သည် ၁၆-၁၀-၂၀၁၉ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**၁၉၈၂-၉၁ Batch B.V.S မှ**
**အတန်းဖော်ချစ်သူငယ်ချင်းများ**

---

## ဝမ်းနည်းကြေကွဲခြင်း

### ဒေါ်ခင်ညွန့်

### အသက် (၈၈)နှစ်

သူငယ်ချင်း ဒုတိယဗိုလ်မှူးကြီးစိုးမြင့်(ငြိမ်း)၊ ဒေါ်နွယ်နီဝင်းတို့၏ မိခင် ဒေါ်ခင်ညွန့် အသက် (၈၈)နှစ်သည် ၁၃-၁၀-၂၀၁၉ ရက်နေ့တွင် ကွယ်လွန်သွား ကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ် အမှတ်စဉ်(၂၃)**
**သူငယ်ချင်းမိသားစုများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊သိမ်၊ ကျောင်း ဒါယိကာမကြီး

### ဒေါ်သန်းသန်းတင်(ခ)ဒေါ်သန်းသန်းတင့်

### အသက် (၈၀)

ပြည်တွင်းအခွန်များဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်၏ မိခင် ဒေါ်သန်းသန်းတင်(ခ)ဒေါ်သန်းသန်းတင့်သည် ၁၅-၁၀-၂၀၁၉ ရက်(အင်္ဂါနေ့) တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲ ရပါသည်။

**မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း(MICPA)**

---

**အနိစ္စ**

## ဒေါ်သန်းသန်းတင့်

### အသက်(၆၆)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်းတောင်ရပ်ကွက်၊ ဆီဆုံလမ်း၊ အမှတ် (၂၅)နေ ဗိုလ်မှူးစိုးတင့်(ငြိမ်း) န-တ-လ ၏ ဇနီး၊ ဦးသန်းစိုးဦး-ဒေါ်ဆွေဆွေလတ်၊ ဦးသန်းစိုးထူး - ဒေါ်လှခေါင်၊ ဦးသန်းစိုးမြတ်-ဒေါ်သီတာအောင်၊ ဦးဇေယျာစိုး-ဒေါ်အားနန်တို့၏ မိခင်၊ မြေးရှစ်ယောက်တို့၏ အဘွားသည် ၁၈-၁၀-၂၀၁၉ (သောကြာနေ့) မွန်းလွဲ ၂:၄၅ နာရီတွင် အမှတ်(၂) တပ်မတော်ဆေးရုံ ခုတင် (၅၀၀)၌ ကွယ်လွန်သွားပါကြောင်း ရပ်ဝေးရပ်နီးဆွေမျိုးများအား အကြောင်းကြားအပ်ပါသည်။ (သဂြိုဟ်မည့်ရက်ကို ထပ်မံကြေညာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးအောင်မျိုးထိုက်

ဒုတိယဦးစီးမှူး

### အသက်(၃၃)နှစ်

မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ ကွမ်သတ်ကျေးရွာနေ ဦးသာရင်-(ဒေါ်ညွန့်ရှင်)တို့၏ မြေး၊ (ဦးခိုင်သိန်း-ဒေါ်သောင်းရှင်)တို့၏သား၊ ဦးသန်းထွန်းနိုင်၏ ညီ၊ မောင်အာကာမင်းထက်၊ မောင်အာကာလင်းထက်တို့၏ အစ်ကို ဦးအောင်မျိုးထိုက်[(ဒုတိယဦးစီးမှူး)၊ တနင်္သာရီတိုင်းဒေသကြီး၊ ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး(ထားဝယ်)] သည် ၁၇-၁၀-၂၀၁၉ (ကြာသပတေးနေ့) ညနေ ၆:၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၁၀-၂၀၁၉ (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ဇဟာသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**သွေးသည်**
**အသက်**

---

## ဦးမင်းဆွေ(ခ)ဦးကက်နက်

### အသက်(၈၆)နှစ်

**အငြိမ်းစားရုံးအုပ်၊ တပ်မတော်ပရိဘောဂစက်ရုံ**

ရန်ကုန်မြို့နေ (ဦးဒန်ကင်း-ဒေါ်ခင်ကြည်) တို့၏ သား၊ မင်္ဂလာဒုံမြို့နယ်နေ (ဦးဖိုးချက်-ဒေါ်မြရွက်)တို့၏ သားသမက်၊ ဒဂုံမြို့သစ်မြောက်ပိုင်း (၃၅)ရပ်ကွက်၊ နတ်ရေကန် (၃)လမ်း၊ အမှတ်(၈၈၃)နေ (ဒေါ်ခင်ကြည်)၏ ခင်ပွန်း၊ ဦးကျော်ငြိမ်း-ဒေါ်သန်းသန်းဌေး၊ ဦးမင်းကြည်-ဒေါ်ကြွယ်ကြွယ်၊ ဦးဟန်ကြည်-ဒေါ်ခင်မေကြီး၊ ဒေါ်ခင်မာကြည်၊ ဦးမြင့်ဦး-ဒေါ်နီနီဆွေ၊ ဦးထွန်းဝင်း-ဒေါ်ဝါဝါဆွေ၊ ဦးအောင်ကျော်စိုး-ဒေါ်ချယ်ရီဆွေ၊ ဦးဇော်မင်း-ဒေါ်နှင်းနှင်းမြတ်တို့၏ မွေးသဖခင်၊ မြေး ၁၇ ယောက်၊ မြစ် ၁၀ ယောက်တို့၏ ဘိုးဘိုးကြီး ဦးမင်းဆွေ(ခ)ဦးကက်နက်သည် ၁၈-၁၀-၂၀၁၉(သောကြာနေ့) နံနက် ၁၀:၄၀နာရီတွင် မြောက်ဥက္ကလာပဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၁၀-၂၀၁၉(တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၄-၁၀-၂၀၁၉ရက် နံနက် ၇ နာရီမှ ၁၀ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးထွန်းဝေ

### အသက်(၈၅)နှစ်

မုံရွာမြို့၊ ရုံးကြီးရပ်ကွက်၊ ခါးပန်းနီလမ်းနေ (ဒေါ်တူး)၏ ခင်ပွန်း၊ ဦးရဲဝင်း (အထက-၃၊ မုံရွာ)၊ ဦးစံလင်းထွန်း၊ ဒု-အရာခံဗိုလ်ချိုလင်းထွန်း (စက်သုံးဆီ၊ မိတ္ထီလာ)၊ ဒေါ်မို့မို့ဝေ၊ ဒေါ်မြင့်မြင့်ဝေ (အထက-၃၊ မုံရွာ)၊ ဒုတိယဗိုလ်မှူးကြီးဘိုဝင်း ထွန်း၊ ဦးမြတ်လင်းထွန်း၊ ဦးနိုင်ဝင်းထွန်း(လ/ထ ညွှန်မှူး၊ လဝက)၊ ဦးခိုင်ဝင်းထွန်း(ရွှေဝါထွန်းသီးနှံရောင်းဝယ်ရေး)၊ ဦးဇော်မင်းထွန်းတို့၏ ဖခင်ကြီး သည် ၁၇-၁၀-၂၀၁၉ (ကြာသပတေးနေ့) ညနေ ၆:၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၁၀-၂၀၁၉ ရက် ညနေ ၃ နာရီတွင် မုံရွာမြို့၊ ဆားကျင်းသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါသဖြင့် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်သိန်းသိန်းရီ (မြိတ်မြို့)

အလက-၂၊ ကျောင်းဆရာမ(ငြိမ်း)

### အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ပုသိမ်လမ်း၊ တိုက်အမှတ်(၂၄)၊ သုံးလွှာနေ (ဦးဘသန်းလူကလေး-ဒေါ်သက်ဝေ)တို့၏ သမီး၊ (ဦးဘသွင်-ဒေါ်စော)တို့၏ သမီးချွေးမ၊ (ဦးအောင်မြင့်)၏ ချစ်လှစွာသောဇနီး၊ (ဦးဝင်းနိုင်မြင့်)-ဒေါ်ရှုတင်၊ (ဦးသန်းဌေးမြင့်)-ဒေါ်မြမြအုန်း၊ ဦးခင်မောင်ဝင်း-ဒေါ်ဥမ္မာမြင့်၊ ဦးထွန်းကျော်မြင့်(ခ)ကိုထွန်းထွန်း-ဒေါ်ညိုညိုစိုး၊ ဦးညီညီမြင့်၊ ဦးဝင်းမြင့်-ဒေါ်သိင်္ဂီမြင့်၊ ဒေါ်သီတာမြင့် တို့၏ မွေးသမိခင်၊ တူ/တူမ ၂၂ ယောက်၊ မြေး ၁၄ ယောက်၊ မြစ်ရှစ်ယောက်တို့၏ အဘွားသည် ၁၇-၁၀-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၁၁:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁၀-၂၀၁၉ (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၃-၁၀-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်သိန်းနု (စစ်တွေ)

### အသက် (၇၃)နှစ်

**အဖွဲ့စိတ်မှူး၊ သမဦးစီးဌာန (အငြိမ်းစား)**

စစ်တွေမြို့၊ အမှတ် (၁၂၅)၊ ပန်းခြံလမ်း၊ ရှုပမြောက်ရပ်ကွက်နေ ဦးလှကျော်(ခ) ဗဂျီးကျော် (စစ်တွေ) ၏ ချစ်လှစွာသော ဇနီး၊ (ဦးစံမြအောင်-ဒေါ်နှင်းစံ) တို့၏ သမီး၊ ဒေါ်စောသန္တာ(အလပြ၊ မိဖ)၊ ဦးအောင်ကျော်စိုး-ဒေါ်အေးအေးသိန်း၊ (ဦးအောင်ကျော်မိုး)-ဒေါ်စိုးချော၊ ဒေါ်မြသန္တာ(ကထိက၊ ကွန်ပျူတာတက္ကသိုလ်)တို့၏ မိခင်၊ မြေးလေးယောက်တို့၏ အဘောင်ရှင်သည် ၁၇-၁၀-၂၀၁၉ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၁၀-၂၀၁၉ ရက် မွန်းလွဲ ၂ နာရီတွင် စစ်တွေမြို့ အာဂျိတ်တော်ကုန်းသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်ကြည်ကြည်စိန်

### အသက်(၆၀)

**အထက(၄)၊ ကြည့်မြင်တိုင်(ငြိမ်း)**

အမှတ်(၁၁)၊ ပန်းလှိုင်လမ်း၊ ထီးတန်းစက်မြေရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်နေ (ဦးတင်အောင်-ဒေါ်သောင်းရင်)တို့၏ သမီးကြီး၊ ဦးဇော်လင်း၊ (ဦးဇော်မင်း)၊ (ဦးအောင်မျိုးလွင်-ဒေါ်ကြည်ကြည်ဝင်း)၊ ဦးဇော်မြင့်-ဒေါ်ဝင်းဝင်းရီ၊ ဦးဇော်သိန်း-ဒေါ်သန်းသန်းထွေး၊ ဦးဇော်ထွန်း-ဒေါ်ဥမ္မာ တို့၏ အစ်မကြီး၊ မောင်မင်းသန့်ထူး၊ မောင်ထူးမြတ်၊ မယမင်းဦး၊ မသင်းဆုရတနာတို့၏ အဒေါ်ဆရာမဒေါ်ကြည်ကြည်စိန်သည် ၁၇-၁၀-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၂:၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၁၀-၂၀၁၉ ရက် ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း

### ဦးတင်ဝင်း

### အသက်(၈၈)နှစ်

မော်လမြိုင်

သူငယ်ချင်း ကိုစန်းဦး၏ ဖခင်ကြီး ဦးတင်ဝင်းသည် ၁၅-၁၀-၂၀၁၉ ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**1985 (E.P. and E.C.) RIT မှ**
**သူငယ်ချင်းများ**

---

## ဒေါ်ကြာခင် (မြိတ်)

### အသက်(၈၆)နှစ်

ထားဝယ်မြို့နေ (ဦးအောင်လှ-ဒေါ်သင်းမေ)တို့၏ သမီး၊ မြိတ်မြို့နေ (ဦးစစ်ရွှေ-ဒေါ်မြသင်း)တို့၏ သမီးချွေးမ၊ ဦးဆွေမြင့် ၏ ဇနီး၊ ဒေါ်ကြင်အိုင်၊ ဒေါ်သိန်းညွန့်တို့၏ ညီမ၊ ဦးရှိန်တင်-ဒေါ်စူ၊ ဦးဝင်းထိန်၊ ဦးခင်ဝင်း-ဒေါ်အေးယုမော်၊ ဦးခင်လတ်၊ ဦးခင်စိုး-ဒေါ်အိအိဇင် တို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မြေးခြောက်ယောက်တို့၏ အဘွားသည် ၁၇-၁၀-၂၀၁၉ (ကြာသပတေးနေ့) ည ၇:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၁၀-၂၀၁၉ (စနေနေ့) မွန်းတည့် ၁၂ နာရီတွင်ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ရင်မေ

### အသက်(၈၄)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ ရွှေညောင်ပင်ကျေးရွာနေ (ဦးဘထွန်း-ဒေါ်ရွှေပု)တို့၏ သမီး၊ ရန်ကုန်မြို့၊ ဗိုလ်တထောင်ဘုရားလမ်း၊ အမှတ်(၁၁၁)နေ (ဦးညွန့်မောင်-ဒေါ်စောခင်)တို့၏ သမီး/တူမ၊ (ဒေါ်ကျင်မေ)၊ ဒေါ်ခင်ရွှေ၊ ဗိုလ်မှူးအောင်သိန်း(ငြိမ်း)-ဒေါ်အုံးကြည်တို့၏ ညီမ၊ (ဒေါ်ခင်မြင့်)၊ ဦးသိန်းစံ-ဒေါ်မြ၊ ဦးတင်ငွေ-ဒေါ်ခင်ညွန့်၊ ဦးစိုးဝင်း-ဒေါ်အေးသိန်း တို့၏ အစ်မ၊ (ဦးကြီး)၏ ဇနီး၊ ဒေါ်ခင်ဌေးဝင်း၊ ဒေါ်သိန်းဌေးကြွယ်၊ ဦးမင်းသိန်း-ဒေါ်သူဇာတို့၏ မိခင်၊ မောင်အောင်မင်းသန့်၊ မောင်ဘုန်းလင်းမြတ်တို့၏ အဘွား သည် ၁၇-၁၀-၂၀၁၉ (ကြာသပတေးနေ့) ညနေ ၆:၀၅ နာရီတွင် ပုဇွန်တောင်မြို့နယ်၊ ကွက်သစ်လမ်း၊ အမှတ်(၅၄)၊ ပထမထပ်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၁၀-၂၀၁၉ (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါ၍ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်စမ်း(ခ)ဒေါ်စန်းစန်းထွေး (မူလတန်းပြ၊ ငြိမ်း)

### အသက်(၆၉)နှစ်

မန္တလေးတိုင်းဒေသကြီး၊ တောင်သာမြို့နယ်၊ သပွတ်စုကျေးရွာနေ (ဦးအုန်းဖေ-ဒေါ်ထွေး)တို့၏ သမီး၊ (ဦးကံရ)- ဒေါ်တင်လှိုင်တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မဉ္ဇူသကလမ်းနေ ဦးတင်ရှိန်-ဒေါ်ကြည်ဝင်း၊ တာမွေမြို့နယ်၊ကျားကွက်သစ်ရပ်ကွက်၊ မြို့ပတ်လမ်းနေ ဦးဘိုရွှေ-(ဒေါ်တင်စန်း)တို့၏ ညီမ၊ ဦးသိန်းမင်းဇော်-ဒေါ်ပပထွန်း၊ ဦးဝေဖြိုးအောင်-ဒေါ်သိင်္ဂီအေး၊ ဦးကျော်စိုးလင်းတို့၏ ချစ်လှစွာသော မွေးသမိခင်ကျေးဇူးရှင်၊ မောင်ဝေလင်းမောင်၊ မောင်ခိုင်ခန့်ကိုကို၊ မလရောင်ဝင့်၊ မသွန်းသံသာတို့၏ ချစ်လှစွာသော အဘွား၊ (ဦးမြင့်ဇော်)၏ ချစ်လှစွာသော ဇနီးသည် ၁၈-၁၀-၂၀၁၉ရက် နံနက် ၁၀:၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၁၀-၂၀၁၉ (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီ တွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (လိုင်း-ခ၊ အခန်း-၁၊ အောင်သပြေရဲရိပ်သာ၊ မရမ်းကုန်းမြို့နယ် နေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၄-၁၀-၂၀၁၉ (ကြာသပတေးနေ့) နံနက်တွင် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးခင်မောင်ဝင်း

### အသက်(၆၁)နှစ်

**ဦးစီးအရာရှိ၊ စီးပွားကူးသန်း(ငြိမ်း)**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ဇဝနရပ်ကွက်၊ သီရိဇေယျာလမ်း၊ အမှတ်(၆)နေ (ဦးစိန်သာထွန်း)-ဒေါ်သိန်းတို့၏ သား၊ အမှတ်(၈)၊ သီရိဇေယျာလမ်းနေ (ဦးထွန်းရှင်-ဒေါ်မွှေး)တို့၏ သားသမက်၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ လက်ဝဲမင်းဒင်လမ်း၊ အခန်းအမှတ်(၃၀၁)၊ လေးလွှာ၊ စီးပွားကူးသန်းတိုက်အမှတ် (၁၁၉၃/၁၁၉၄)နေ ဒေါက်တာအောင်သူရဦး၊ မောင်ကောင်းထက်လင်း (ပညာနန်းတော်)တို့၏ မွေးသဖခင်၊ ဒေါ်ကြည်ကြည်ဝေ (ပါဝါပွိုင့်)၏ ချစ်လှစွာသော ခင်ပွန်းသည် ၁၈-၁၀-၂၀၁၉ (သောကြာနေ့) နံနက် ၃:၂၅ နာရီတွင် တာမွေမြို့နယ်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၁၀-၂၀၁၉ ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၁၀-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ခရစ်တော်၌ အိပ်ပျော်ခြင်း

## Daw Kawl Nuam @ ဒေါ်စန်းအေး

### အသက်(၆၀)

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ လှည်းတန်း(ဗဟိုလမ်းနား)၊ ပဒေသာလမ်း၊ (၈)ရပ်ကွက်၊ တိုက်အမှတ်(၁၅/က)၊ မြေညီထပ်နေ ဦးဖန်မောင်း ၏ ချစ်ဇနီး၊ ဒေါ်ခရစ်လဲန်ကိမ်း၊ ဦးတင်အောင်(အောင်အောင်)၊ ဦးတင်ဝင်းမောင်(မောင်မောင်)၊ ဦးသန်းထွန်းတို့၏ ချစ်လှစွာသောမွေးသမိခင်၊ ဦးဆန်းဇလိန် @ ကိုစန်းငွေ၊ ဒေါ်ဘွဲ့ရဲမ်တလွဲ၊ ဒေါ်ချိုမျိုးယဉ်၊ ဒေါ်ဖြိုးအိဖြူ တို့၏ ချစ်လှစွာသော ယောက္ခမကြီး၊ မောင်ဒေးဗစ်ဖန်ဒင်ထန်း၊ မဂရေစီဖန်ဆိုးနွမ်၊ မောင်ဂီဒီယွန်ဘွဲ့လျံထန်း၊ မောင်ပေါလ်ဖန်ကျုံးလျန်၊ မနောမီထွန်း တို့၏ ချစ်လှစွာသော အဘွားသည် ၁၈-၁၀-၂၀၁၉ (သောကြာနေ့) နံနက် ၆ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၀-၁၀-၂၀၁၉ (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။ (ကားများ နေအိမ် ဗိုလ်ချုပ်လမ်းနှင့် ပန်းဆိုးတန်း လမ်းထောင့်မှ မွန်းလွဲ ၁ နာရီနှင့် အင်းစိန်ပန်းခြံနှင့် မြောက်ဒဂုံကျောင်းလမ်း မှတ်တိုင်တို့မှ မွန်းလွဲ ၂ နာရီ ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

# ၂၀၂၀ အိုလံပစ်တတိယအဆင့် ခြေစစ်ပွဲတွင် မြန်မာအမျိုးသမီးအသင်း မြောက်ကိုရီးယား၊ တောင်ကိုရီးယား၊ ဗီယက်နမ်တို့နှင့် တစ်အုပ်စုတည်းကျရောက်



၂၀၂၀ အိုလံပစ် ဒုတိယအဆင့်ခြေစစ်ပွဲတွင် မြန်မာနှင့် နီပေါအသင်း တွေ့ဆုံခဲ့စဉ်။

**ရန်ကုန် အောက်တိုဘာ ၁၈**

၂၀၂၀ အိုလံပစ် အမျိုးသမီးဘောလုံးပြိုင်ပွဲ အာရှဇုန် တတိယအဆင့် ခြေစစ်ပွဲ အုပ်စုမဲခွဲပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက မလေးရှားနိုင်ငံ၌ ကျင်းပရာ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် အုပ်စု (က)တွင် မြောက်ကိုရီးယား၊ တောင်ကိုရီးယား၊ ဗီယက်နမ်အသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်ခဲ့သည်။

**လက်ခံကျင်းပမည်**

အုပ်စုခွဲဝေမှုအရ အုပ်စု (က)တွင် မြောက်ကိုရီးယား၊ တောင်ကိုရီးယား၊ ဗီယက်နမ်၊ မြန်မာ၊ အုပ်စု (ခ) တွင် ဩစတြေးလျ၊ တရုတ်၊ ထိုင်းနှင့် တရုတ်(တိုင်ပေ)အသင်းတို့ ပါဝင်နေသည်။ တတိယအဆင့် ခြေစစ်ပွဲကို

**စာမျက်နှာ ၂၀ ကော်လံ ၅ သို့ ❍**

ကြေးမုံ ယနေ့ ဖတ်စရာ

ဥရောပသမဂ္ဂ၏ ထုတ်ကုန်တန်ဖိုး ၇ ဒသမ ၅ ဘီလီယံအပေါ် အမေရိကန်ပြည်ထောင်စုက အခွန်တိုးမြှင့် စည်းကြပ်မည် — စာမျက်နှာ » ၁၂

အာကာသထဲသို့ သွားရောက်မည့် ပထမဆုံးအမျိုးသမီး အာကာသယာဉ်မှူးအဖွဲ့ နာဆာရွေးချယ် — စာမျက်နှာ » ၁၃

ကလေးမြို့မှ ရန်ကုန်နှင့် မန္တလေးမြို့သို့ လေယာဉ်ခရီးစဉ် တိုးချဲ့ကာ တိုက်ရိုက်ပျံသန်းပြေးဆွဲ — စာမျက်နှာ » ၁၇

# MFF ယူ-၁၂ ဘောလုံးပြိုင်ပွဲတွင် ၁၇ သင်း ဝင်ရောက်ယှဉ်ပြိုင်မည်

**ရန်ကုန် အောက်တိုဘာ ၁၈**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းကျင်းပသည့် ၂၀၁၉ MFF ယူ-၁၂ တိုင်းဒေသကြီးနှင့် ပြည်နယ် ဘောလုံးပြိုင်ပွဲကို အောက်တိုဘာ ၁၉ ရက်တွင် စတင်ကျင်းပမည်ဖြစ်ပြီး အသင်းစုစုပေါင်း ၁၇ သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

**မဲနှိုက်ရေးဆွဲ**

ယင်းပြိုင်ပွဲအတွက် အုပ်စုမဲခွဲပွဲအခမ်းအနားကို အောက်တိုဘာ ၁၈ ရက်က MFF ရုံး၌ ပြုလုပ်ရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်းနှင့် အမှုဆောင်များ၊ ပြိုင်ပွဲဝင်အသင်းများမှ တာဝန်ရှိသူများက မဲနှိုက်ရေးဆွဲခဲ့သည်။ ပြိုင်ပွဲကို အုပ်စုလေးခုခွဲ၍ ကျင်းပမည်ဖြစ်ပြီး အုပ်စု (က)တွင် မကွေး၊ ရှမ်းတောင်၊ တနင်္သာရီ၊ ကယား၊

**စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ❖**



မန္တလေး-လားရှိုး-ဗန်းမော်-မြစ်ကြီးနား လမ်းပေါ်ရှိ နန့်မြစ်ခတံတားကို တွေ့ရစဉ်။

# နန့်မြစ်ခ၊ ထီခနှင့် ထာခတံတားတို့ကို ၂၀၂၀ နှစ်ဆန်းပိုင်းတွင် ဖွင့်လှစ်သွားမည်

**မြစ်ကြီးနား အောက်တိုဘာ ၁၈**

မန္တလေး-လားရှိုး-ဗန်းမော်-မြစ်ကြီးနားလမ်းပေါ်ရှိ နန့်မြစ်ခတံတား၊ မချမ်းဘော-ဖရူခ- ရပ်ဘော့-နောင်မွန်လမ်းပေါ်ရှိ ထီခတံတားနှင့် ထာခတံတားတို့ကို ၂၀၂၀ ပြည့်နှစ် နှစ်ဆန်းပိုင်းတွင် ဖွင့်လှစ်သွားရန် စီစဉ်လျက်ရှိကြောင်း ကချင်ပြည်နယ် အခြေစိုက်တံတားအထူးအဖွဲ့(၁)မှ သိရသည်။

"ဖွင့်လှစ်ဖို့စီစဉ်နေတဲ့ တံတားသုံးစင်းက ကချင်ပြည်နယ်အတွင်းက ပြည်သူတွေအသုံးများတဲ့ လမ်းပိုင်းတွေက တံတားတွေဖြစ်ပါတယ်။ ၂၀၂၀ ပြည့်နှစ် နှစ်စပိုင်း ဇန်နဝါရီလအတွင်းမှာ ဒီတံတားသုံးစင်းကို ဖွင့်လှစ်သွားဖို့စီစဉ်နေပါတယ်။ ပထမတစ်စင်းက မန္တလေး-လားရှိုး-ဗန်းမော်-မြစ်ကြီးနားလမ်း ဝိုင်းမော်မြို့နားက ၃၀၂ ပေ အရှည်ရှိတဲ့ လေးလမ်းသွား နန့်မြစ်ခတံတားဖြစ်ပါတယ်။ ကျန်တဲ့နှစ်စင်းက မချမ်းဘော-ဖရူခ- ရပ်ဘော့-နောင်မွန်လမ်းပေါ်မှာရှိတဲ့ ပေ ၄၀၀ အရှည်ရှိ ထီခတံတားနဲ့ ပေ ၂၀၀ အရှည်ရှိ ထာခတံတားတွေဖြစ်ပါတယ်"ဟု တံတားအထူးအဖွဲ့ (၁)မှ ဒုတိယညွှန်ကြားရေးမှူး ဦးစောဇာနည်လှက ပြောကြားသည်။

**စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ✪**



# တိုင်းရင်းသားရေးရာ

ကြေးမုံ
အထူးကဏ္ဍ

၈

အောက်တိုဘာ ၁၉၊ ၂၀၁၉(စနေနေ့)




# အမိဌာနေ ချင်းတောင်တန်းဆီမှ ကြိုဆိုလျက်ပါ

ဆလိုင်းဗန်ရှီးထန်

**အေးချမ်းသာယာလှပပြီး သဘာဝအလှတရားများ မပျက်စီးဘဲ ကျန်ရှိနေသေးသည့် ချင်းပြည်နယ်တွင် လူဦးရေ ငါးသိန်းခန့် နေထိုင်ကြသည်။ ချင်းပြည်နယ်သည် စာတတ်၊ ပေတတ် အများဆုံး ပေါ်ထွန်းသည့် ပြည်နယ်ထဲတွင် တစ်ခုအပါအဝင်ဖြစ်သည်။ ချင်းပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် ချင်းပြည်နယ်၏ အနာဂတ်သည် ခေတ်သစ်လူငယ်များအပေါ်တွင် အဓိက မူတည်ပြီး မျိုးချစ်လူငယ်များ၊ ပညာတတ် လူငယ်လူရွယ်များ ဆက်လက်ပေါ်ထွန်းလာနိုင်ရန် လိုအပ်သည်။ ချင်းပြည်နယ်၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းအစဉ်အလာများနှင့် မိမိ ဘာသာစကားများကို ဆက်လက်ထိန်းသိမ်း ကာကွယ်စောင့်ရှောက်ရန်အတွက် အနာဂတ်ချင်းတိုင်းရင်းသား လူငယ်လူရွယ်များ၏ တာဝန်တစ်ရပ်သာဖြစ်ပေသည်။**

**ချင်းပြည်နယ်နှင့် အိန္ဒိယ ကုန်သွယ်ရေးလမ်းကြောင်းများ၊ လိုင်လင်းပီမြို့နှင့် ဖလမ်းမြို့တို့တွင် လေယာဉ်ကွင်းများလည်း ဆောက်လုပ်လျက်ရှိပြီး ချင်းပြည်နယ်၏ အနာဂတ်နှင့် ချင်းတိုင်းရင်းသားများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုတောက်ပထွန်းလင်းလာမည်ဖြစ်**

## ပြည်ပနိုင်ငံများသို့ သွားရောက်နှုန်းမြင့်တက်လာ

၁၉၉၆ ခုနှစ်ခန့်မှ စတင်ပြီး ချင်းတိုင်းရင်းသားများသည် ပြည်ပနိုင်ငံများသို့ ထွက်ခွာ၍ အလုပ်လုပ်ကိုင်ကြသည့် လူဦးရေမြင့်တက်လာခဲ့သည်။ တချို့သည် ပြည်ပနိုင်ငံများသို့ တစ်အိမ်ထောင်မိသားစုတစ်စုလုံး ပြောင်းရွှေ့နေထိုင်ကြလေသည်။ အလုပ်လုပ်ကိုင်နိုင်ရန် သွားရောက်သူသာ များပြားလျက်ရှိပြီး ပညာတော်သင်အဖြစ် ပြည်ပသို့ ထွက်ခွာသူနည်းပါးသည်။ စားဝတ်နေရေးအခက်အခဲများကြောင့် သားသမီးများကို ကျောင်းစရိတ်များ ကောင်းမွန်စွာမထောက်ပံ့နိုင်သည့် မိဘတချို့က ရှစ်တန်း၊ ကိုးတန်း လူပျိုပေါက်စအရွယ်များတွင် မိမိသားသမီးများကို ပြည်ပနိုင်ငံများသို့ အလုပ်လုပ်ကိုင်ရန် စေလွှတ်မှုများလည်း ရှိလာသည်။ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခြင်းထက် ပြည်ပနိုင်ငံများသို့ သွားရောက်ပြီး အလုပ်လုပ်ကိုင်ခြင်းကို ပို၍စိတ်ဝင်စားကြသည်။ တချို့သည် ပြည်ပနိုင်ငံများသို့ ရောက်ရှိပြီးနောက် ပညာဆက်လက်သင်ကြားနေသူများလည်း ရှိသည်။ တစ်အိမ်ထောင်၊ မိသားစုတစ်စုလျှင် လူဦးရေတစ်ဦးနှုန်းဖြင့် ပြည်ပနိုင်ငံသို့ ထွက်ခွာ၍ အလုပ်လုပ်ခြင်းနှင့်ညီမျှလေသည်။ ပြည်ပနိုင်ငံများသို့ အလုပ်လုပ်ကိုင်ကြသည့် ချင်းတိုင်းရင်းသားများသည် ပျမ်းမျှခန့်မှန်းခြေအားဖြင့် ချင်းပြည်နယ်လူဦးရေ၏ ၃၀ ရာခိုင်နှုန်းခန့်ရှိသည်။

မိသားစုစားဝတ်နေရေးအဆင်ပြေနိုင်ရေးအတွက် ပြည်ပနိုင်ငံသို့ ထွက်ခွာရာတွင် အခက်အခဲပေါင်းစုံကို ရင်ဆိုင်ကျော်ဖြတ်ကြသည်။ အခက်အခဲပေါင်းစုံကို ရင်ဆိုင်ကျော်လွှားရင်း ရရှိလာသည့် ချွေးနည်းစာလုပ်အားခများကို မိသားစုများထံ ပြန်လည်ပေးပို့ကြသည်။ တစ်နည်းအားဖြင့် မိသားစုအတွက် သူရဲကောင်းဟုပင် ဆိုထိုက်ပေသည်။

## ပြည်ပနိုင်ငံများသို့ အလုပ်လုပ်ရန် ထွက်ခွာရသည့် အကြောင်းရင်း

ပြည်ပနိုင်ငံများတွင် သွားရောက်ပြီး အလုပ်လုပ်ကိုင်ကြသည့် မိသားစုအသိုင်းအဝိုင်းများသည် ချင်းပြည်နယ်၏ အခြေအနေအရ အတင့်အသင့်နေထိုင်လာနိုင်ခြင်းကြောင့် ပညာတတ်ဘွဲ့ရလူငယ်များ၊ တက္ကသိုလ်ဝင်တန်းအောင်မြင်သည့် လူငယ်လူရွယ်များလည်း မိမိဒေသတွင် အလုပ်လုပ်ကိုင်ခြင်းထက် ပြည်ပနိုင်ငံများတွင် သွားရောက်ပြီး အလုပ်လုပ်ကိုင်ခြင်းကို မျက်စိကျလာသည်။ ချင်းတိုင်းရင်းသား လူငယ်လူရွယ်များသည် ပြည်ပနိုင်ငံသို့ ထွက်ခွာ၍ အလုပ်လုပ်ကိုင်ကြရသည့် အဓိကအကြောင်းရင်းသည် ချင်းပြည်နယ်တွင် အလုပ်အကိုင် အခွင့်အလမ်းများနည်းပါးခြင်းကြောင့် မိမိဒေသကိုစွန့်ခွာပြီး ပြည်ပနိုင်ငံအနှံ့သို့ အလုပ်ထွက်လုပ်ခြင်းဖြစ်ကြောင်း ပြည်ပရောက် ချင်းလူငယ်များ၏ ရင်ဖွင့်ပြောကြားချက်များကြောင့် သိရလေသည်။

## ပြည်ပသို့ သွားရောက်နှုန်းလျော့နည်းလာ

၂၀၁၀ ပြည့်နှစ်မှစတင်ပြီး နိုင်ငံတော်မှ ချင်းပြည်နယ်တွင် နိုင်ငံ့ဝန်ထမ်းများ တိုးမြှင့်ခန့်ထားခြင်းကြောင့် ချင်းတိုင်းရင်းသားလူငယ်များ အလုပ်အကိုင် အခွင့်အလမ်းပွင့်လာပြီး ပြည်ပနိုင်ငံများသို့ ထွက်ခွာနှုန်းလျော့နည်းလာသည်။ လူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းရှားပါးမှုကို ဖြေရှင်းနိုင်ရန်အတွက် နိုင်ငံ့ဝန်ထမ်းများနှင့် အစိုးရအဖွဲ့အစည်းမဟုတ်သည့် NGO အဖွဲ့အစည်းများကလည်း ဝန်ထမ်းများ တိုးမြှင့်ခန့်အပ်ခြင်းများကြောင့် ချင်းတိုင်းရင်းသားများသည် မြန်မာနိုင်ငံဒေသအနှံ့တွင် နိုင်ငံ့တာဝန်များကို ထမ်းဆောင်နေပြီဖြစ်သည်။ ချင်းပြည်နယ်တွင် နိုင်ငံ့တာဝန် ထမ်းဆောင်နေကြသည့် ဌာနဆိုင်ရာ ဝန်ထမ်းများအတွက် ရှားပါးစရိတ် နိုင်ငံ့လစာများ ထောက်ပံ့ပေးခြင်းကြောင့် စားဝတ်နေရေးအခြေအနေများ အဆင်ပြေလာသည်။

## နိုင်ငံ့ဝန်ထမ်းများ ဆက်လက်တိုးမြှင့်ခန့်ထား

ချင်းတိုင်းရင်းသားလူငယ်များ အလုပ်အကိုင် အခွင့်အလမ်း ပိုမိုရရှိလာရန်အတွက် ချင်းပြည်နယ်သည် ဆက်လက်ဖွံ့ဖြိုးတိုးတက်ရန်လိုသည်။ လက်ရှိတွင် နိုင်ငံတော်အစိုးရမှ ဌာနဆိုင်ရာဝန်ထမ်းများ တိုးမြှင့်ခန့်အပ်ထားမှုကြောင့် ကျေးလက်ဒေသအများစုတွင် နိုင်ငံ့ဝန်ထမ်းများကို ခန့်အပ်နိုင်ပြီဖြစ်သည်။

ထိုသို့ တိုးမြှင့်ခန့်အပ်ခြင်းများကြောင့် ချင်းပြည်နယ်၏ အလုပ်လက်မဲ့ရာခိုင်နှုန်းများလည်း သိသာစွာလျော့ကျလာသည်။ နိုင်ငံတော်အစိုးရနှင့် ချင်းပြည်နယ်အစိုးရတို့က နိုင်ငံ့ဝန်ထမ်းတိုးမြှင့်ခန့်အပ်မှုများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

## စီးပွားရေးနှင့် စိုက်ပျိုးရေးအခြေအနေများ

ချင်းပြည်နယ်သည် တောင်စွယ်တောင်တန်းများနှင့် ဝိုင်းဝန်းကာရံထားပြီး လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် ပြည်နယ်ထဲတွင်ပါဝင်သည်။ သီးခြားကမ္ဘာငယ်လေးဟူ၍လည်း ခေါ်ဝေါ်ကြလေသည်။ သွင်းကုန်များကို ပြည်မဘက်နှင့် အိန္ဒိယဘက်မှ အဓိကတင်သွင်းသည်။ လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်းများကြောင့် ပြည်မရှိ ကုန်ဈေးနှုန်းထက် ချင်းပြည်နယ်၏ ကုန်ဈေးသည် တစ်ဆမြင့်တက်လေသည်။ ပြည်ပစီးပွားရေးထွက်ကုန်အဖြစ် ဂဠပင်များကို ချင်းပြည်နယ်အနှံ့တွင် ကျယ်ကျယ်ပြန့်ပြန့် အဓိကစိုက်ပျိုးကြသည်။ စားသုံးကုန်အဖြစ် အခြားသီးနှံမျိုးစုံကို စိုက်ပျိုးသည်။ ရှေးရိုးရာစနစ် တောင်ယာခုတ်ထွင်ခြင်းကိုလည်း ယနေ့တိုင် လုပ်ကိုင်လျက်ရှိသည်။ လှေကားထစ်လယ်ယာစိုက်ပျိုးနည်းကိုလည်း ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်ကြသည်။ လယ်ယာနှင့် တောင်ယာကို တစ်နှစ်တစ်ကြိမ်သာ လုပ်ကိုင်ကြသည်။ လယ်ယာနှင့် တောင်ယာများတွင် စပါးပင်ကို အဓိကစိုက်ပျိုးခဲ့ကြပြီး မိမိခြံဝန်းများထဲတွင် ဂဠပင်များနှင့် တခြားသီးနှံမျိုးစုံကို စိုက်ပျိုးကြသည်။

အချပ်ပိုစာမျက်နှာ ခ သို့ »»

# ကယားပြည်နယ် တိုင်းရင်းသားတို့၏ စိတ်ဝင်စားဖွယ်ရာ ရိုးရာပွဲတော်များ

ဒေါ်ခင်ခင်စု

*(၁၂-၁၀-၂၀၁၉ ရက်မှအဆက်)*

ထိုကယားအမျိုးသားများက ရာဇမတ်ကို လက်ယာရစ်၍ ကခုန်ကြသည်။ ထို့နောက် လိပ်ပြာခေါ်ပြီး ခေါင်ရည်ဖြင့် ထမင်းဟင်းလျာများကို စားသောက်ကြသည်။ ဝက်သားအစိမ်းတုံးများကိုလည်း ရွာသူ ရွာသားများက အချိုးကျဝေယူကြသည်။

**''ကေဒူလဲ'' ခေါ် တောကောင်လိုက်ပွဲ**

ကယားတိုင်းရင်းသားတို့ နေထိုင်သော ကယားပြည်နယ်သည် တော၊ တောင်၊ လျှို၊ မြောင်၊ စိမ့်၊ စမ်းတို့ ထူထပ်ပေါများသော ဒေသဖြစ်ရာ ဂျီ၊ ဒရယ်၊ ဆတ်၊ တောနွား၊ တောဝက်၊ တောဆိတ်၊ ကျား၊ ဝက်ဝံတို့လည်း အဆိုပါဒေသများတွင် ခိုအောင်းကျက်စားလျက်ရှိကြသည်။ ထို့ကြောင့် ကယားတို့သည် အမဲလိုက်ခြင်း၊ အမဲပစ်ခြင်းကို ကျင်လည်စွာ တတ်ကျွမ်းကြ၍ တောင်ယာရိတ်သိမ်းပြီးချိန်တွင် လူစုလူဝေးဖြင့် လည်းကောင်း၊ ပုဂ္ဂလိကအနေဖြင့် လည်းကောင်း အမဲလိုက်ကြလေသည်။ အမဲလိုက်ခြင်း၏ ရည်ရွယ်ချက်မှာလည်း အမဲလိုက်ရသည့် အသားများကို အခြောက်လှန်း၍ ပွဲတော်များအတွက် ကျွေးမွေးရန် စုဆောင်းထားရန်နှင့် ပူဇော်ပသပွဲများတွင် အသုံးပြုရန်ဖြစ်လေသည်။ ကယားတို့သည် တောင်ယာရိတ်သိမ်းပြီးချိန်တွင် လူစုလူဝေးဖြင့် ''ကေဒူလဲ''ခေါ် တောကောင်လိုက်ပွဲကို ကျင်းပလေ့ရှိသည်။ တောကောင်လိုက်ပွဲ မကျင်းပမီ ကြက်ရိုးထိုးကာ တောကောင်လိုက်ရမည့် နေ့ကောင်းရက်သာကို ရွေးချယ်ကြသည်။ တစ်အိမ်လျှင် ခေါင်ရည်တစ်အိုးစီလည်း အဆင်သင့်ချက်ထားရသည်။ တောကောင်လိုက်မည့်နေ့ ရောက်သောအခါ ရွာရှိအမျိုးသားများသည် ဓား၊ လှံ၊ သေနတ်များကို ဆွဲကိုင်ပြီး ငှက်လိုက်ပွဲကဲ့သို့ပင် တောတွင်းသို့ဝင်ရောက်ကာ သမင်၊ ဒရယ်၊ ချေ၊ စိုင်၊ ဆတ် စသည့် တောကောင်တို့ကို လိုက်လံပစ်ခတ်ကြသည်။ ပစ်ခတ်၍ ရသောသားကောင်များ၏ ခြေသည်း၊ လက်သည်း၊ ခြေလေးချောင်း၊ အူ၊ အသည်းနှင့် နားရွက်ဖျား၊ နှာခေါင်းဖျားပါမကျန် တစ်ကောင်လုံး၏ အင်္ဂါစုံ အနည်းငယ်စီကို စုပေါင်း၍ နတ်ကို ပူဇော်ပသကြရသည်။

**တောကောင်လိုက်ပွဲတွင် နတ်ကိုပူဇော်သည့်အခါ နတ်စင်နေရာသို့ အမျိုးသမီးများ မသွားကြရချေ။ နတ်ကို ပူဇော်ပသပြီး တောကောင်အသားများကို ရွာရှိအိမ်ထောင်စုများ အချိုးကျဝေငှယူကြ၏။ တောကောင်လိုက်သူများကိုလည်း ရွာရှိအိမ်များမှ တစ်အိမ်လျှင် တစ်အိုးကျ စုဆောင်းယူဆောင်လာသော ခေါင်ရည်တို့ကို တိုက်ကြသည်။**

တောကောင်လိုက်ပွဲတွင် နတ်ကိုပူဇော်သည့်အခါ နတ်စင်နေရာသို့ အမျိုးသမီးများ မသွားကြရချေ။ နတ်ကို ပူဇော်ပသပြီး တောကောင်အသားများကို ရွာရှိ အိမ်ထောင်စုများ အချိုးကျဝေငှယူကြ၏။ တောကောင်လိုက်သူများကိုလည်း ရွာရှိအိမ်များမှ တစ်အိမ်လျှင် တစ်အိုးကျ စုဆောင်းယူဆောင်လာသော ခေါင်ရည်တို့ကို တိုက်ကြသည်။ မိမိတို့ရွာတွင် တောကောင်လိုက်ပွဲ ကျင်းပနေစဉ် ရွာတွင်းရှိလူများသည် အရက်ချက်ခြင်း၊ သစ်ဝါးခုတ်ခြင်း၊ ရက်ကန်းရက်ခြင်း၊ ဗိုင်းငင်ခြင်း၊ ချည်ရှည်ခြင်း၊ အဝတ်အထည်ချုပ်ခြင်းတို့မှ ရှောင်ကြဉ်ကြရ၏။ ဤကဲ့သို့ တားမြစ်ချက်များကို လိုက်နာခြင်း ရှိ မရှိ အစောင့်ထားကြပြီး တစ်အိမ်တက်ဆင်း လိုက်ကြည့်ခိုင်းသည်။

တောကောင်လိုက်နေစဉ် ရွာတွင်းသို့လည်း ဧည့်သည်များ ဝင်ပိုင်ခွင့်မရှိကြချေ။ ရွာဝင်လမ်းများကိုလည်း မည်သူမျှဝင်ရောက်ခြင်းမပြုနိုင်ရန် ပိတ်ထားကြရသည်။ အကယ်၍ အရေးကြီးသောကိစ္စ ပေါ်ပေါက်လာပါက ရွာတွင်းသို့ ဝင်ခွင့်တောင်း၍ ကန်တော့ကြေးပေးပြီး ဝင်ကြရ၏။ အရေးမကြီးလျှင် ရွာပြင်ဘက်မှလှမ်း၍ ပြောလိုသည့်ကိစ္စကို ပြောနိုင်သည်။ ထို့အပြင် ရွာတွင်း၌ ဆူညံခြင်းလည်း မပြုရပေ။ တောကောင်လိုက်ပွဲနေ့ကို နေ့ထူးနေ့မြတ်ဟု သတ်မှတ်ထားကြသဖြင့် ထိုနေ့တွင် အမျိုးသမီးများ ခေါင်းလျှော်ခြင်း မပြုကြရပေ။ ကလေးများကိုလည်း တစ်ခါမျှမသွားဘူးသေးသောနေရာသို့ သွားနေကျလမ်းမဟုတ်သည့် လမ်းမှ ခေါ်ဆောင်သွားတတ်ကြသည်။

ဤသို့ပြုလုပ်ခြင်းမှာ ထိုနေ့သည် နေ့ကောင်းနေ့မြတ် ဖြစ်သဖြင့် ကောင်းသောနေရာသို့ သွားခြင်းသဘောမျိုးပင်ဖြစ်သည်။ တောကောင်လိုက်ပွဲ ကျင်းပနေစဉ် မလုပ်ရဟုတားမြစ်ထားသော စည်းကမ်းချက်များကို ချိုးဖောက်မိလျှင် ဓား၊ လှံ၊ လက်နက်ကိုင်၍ တောကောင်လိုက်သူများအတွက် ဘေးအန္တရာယ်နှင့် တွေ့တတ်သည်ဟု ယူဆကြသောကြောင့် ကယားတို့သည် ဤပညတ်ချက်များကို အထူးလိုက်နာကြသည်။

**ရည်ညွှန်း-တိုင်းရင်းသားရေးရာအမှတ် -၂**

»»» အချပ်ပိုစာမျက်နှာ ၈ က မှ

**လမ်းပန်းဆက်သွယ်ရေးများ တိုးမြှင့်ဆောင်ရွက်**

လမ်းပန်းဆက်သွယ်ရေးသည် နိုင်ငံ၊ တိုင်း၊ ပြည်နယ်၊ မြို့နှင့် ကျေးရွာများ ဖွံ့ဖြိုးတိုးတက်နိုင်ရန်အတွက် အဓိကကဏ္ဍတွင် ပါဝင်ပြီး ချင်းပြည်နယ်အစိုးရမှ ချင်းပြည်နယ်တစ်ပြည်နယ်လုံးတွင် လမ်းပန်းဆက်သွယ်ရေးကို အဓိက ပြုပြင်တိုးချဲ့ဆောင်ရွက်လျက်ရှိသည်။ ချင်းပြည်နယ်နှင့် အိန္ဒိယကုန်သွယ်ရေးလမ်းကြောင်းများ၊ လိုင်လင်းပီမြို့နှင့် ဖလမ်းမြို့တို့တွင် လေယာဉ်ကွင်းများလည်း ဆောက်လုပ်လျက်ရှိပြီး ချင်းပြည်နယ်၏ အနာဂတ်နှင့် ချင်းတိုင်းရင်းသားများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုတောက်ပထွန်းလင်းလာမည်ဖြစ်သည်။

**မိမိဌာနေသို့ ပြန်ရောက်လာသူများရှိလာ**

ပြည်ပနိုင်ငံရောက် ချင်းတိုင်းရင်းသားတချို့သည် ချင်းပြည်နယ်သို့ ပြန်လာ၍ မိမိဒေသများတွင် ရရာအလုပ်များကို လုပ်ကိုင်နေကြပြီဖြစ်သည်။ ချင်းပြည်နယ်အတွက် ကောင်းမွန်သည့် လက္ခဏာတစ်ရပ်ဖြစ်သည်။ ချင်းပြည်နယ်သည် ဖွံ့ဖြိုးဆဲပြည်နယ်ဖြစ်သည့်အလျောက် အလုပ်အကိုင် အခွင့်အလမ်းများလည်း ပိုမိုရရှိလာတော့မည်ဖြစ်သည်။ ချင်းတိုင်းရင်းသားလူငယ်များအနေဖြင့် မိမိဌာနေသို့ ပြန်လာပြီး မိမိတတ်စွမ်းနိုင်သည့် အတတ်ပညာများဖြင့် မိမိတိုင်းပြည်၊ မိမိပြည်နယ်၊ မိမိလူမျိုးများအတွက် တစ်ဖက်တစ်လမ်းမှ ကြိုးစားလုပ်ဆောင်လျှင် ချင်းပြည်နယ်သည်လည်း ဖွံ့ဖြိုးတိုးတက်နှုန်း မြန်ဆန်လာပြီး ပြည်ပနိုင်ငံများသို့ ထွက်ခွာအလုပ်လုပ်ကိုင်ရန် မလိုအပ်ဘဲ ရပ်တန့်ပျောက်ကွယ်မည်ဖြစ်သည်။ ။



## နာဂဒေသ လဟယ်မြို့နယ် စံပြကျေးရွာ၌ အသေးစားရေအားလျှပ်စစ် ထုတ်လုပ်နိုင်

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ်စံပြကျေးရွာတွင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် ၇ ဒသမ ၅၆ သိန်းဖြင့် ဆောင်ရွက်သော ကျေးလက်ဒေသမီးလင်းရေး အသေးစားရေအားလျှပ်စစ်ကို စံပြကျေးရွာ ရွာလုံးကျွတ်အိမ်တိုင်ရာရောက် မီးလင်းရေး အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

အသေးစားရေအားလျှပ်စစ်သည် 5 KV ကီလိုမီတာဖြစ်ပြီး ရေလှောင်ကန်မှာ ဂါလန် ခုနစ်သောင်းဆံ့ လှောင်ကန်ဖြစ်ကာ စံပြကျေးရွာ အိမ်ခြေ ၂၃ လုံးကို ၂၄ နာရီထိ မီးရရှိတော့မည်ဖြစ်သည်။ အဆိုပါရေအားလျှပ်စစ်ကို ယခင်က ကိုယ်ထူကိုယ်ထဖြင့် ရေအားလျှပ်စစ် 3 KV ကီလိုဝပ်ဖြင့် မီးလင်းရေးဆောင်ရွက်ခဲ့သော်လည်း အိမ်တိုင်းမီးမလင်းနိုင်ခဲ့ကြောင်း သိရသည်။

“ယခုလို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် ဆောင်ရွက်ပေးခဲ့သည့် ရေအားလျှပ်စစ်ကို ၂၄ နာရီ မီးလင်းနိုင်ရေး ဆောင်ရွက်ပေးသော အစိုးရနှင့် ဌာနကို ကျေးဇူးတင်ရှိပါတယ်”ဟု စံပြကျေးရွာ စော်ဘွားဦးဘာမာန်က ပြောသည်။

**စနေမောင်(ခန္တီး)**





**ဖိတ်ခေါ်ပါသည်**

**ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားတို့၏ အထင်ကရနေရာများ၊ စာပေယဉ်ကျေးမှုများ၊ ဘာသာစကား၊ ပုံပြင်၊ ရိုးရာဓလေ့၊ အသုံးအဆောင်၊ ရိုးရာအစားအစာ စသည်ဖြင့် တိုင်းရင်းသားတို့နှင့် စပ်ဆိုင်သောအကြောင်းအရာများကို ကြေးမုံသတင်းစာတွင် တိုင်းရင်းသားရေးရာကဏ္ဍအနေဖြင့် အပတ်စဉ်ဖော်ပြသွားမည်ဖြစ်ရာ ဆောင်းပါး၊ သတင်းဓာတ်ပုံများ၊ စာမူများကို mirrormyosathit@gmail.com သို့ ပေးပို့နိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။**

**[စာတည်း]**

# ဝါးအခြေခံ လက်မှုသင်တန်းတက်ရောက်ပြီး မိသားစုအပိုဝင်ငွေရရှိနေ

ဆောင်းပါး + ဓာတ်ပုံ–မိုးလွင်ဦး(လွိုင်လင်)



ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် ဝါးပင်အများအပြားရှိကာ သဘာဝအတိုင်း ပေါက်ရောက်သည်များရှိသလို စိုက်ပျိုးသည်များလည်းရှိသည်။ ဝါးကို ကျေးလက်တောရွာများတွင် အိမ်ဆောက်ခြင်း၊ ခြံစည်းရိုးကာရံခြင်းနှင့် အခြားလိုအပ်သည့် နေရာများတွင် မိရိုးဖလာအတိုင်း ခုတ်ယူသုံးစွဲခဲ့ကြသော်လည်း ယခုအခါတွင် အဆင့်မြင့်ပရိဘောဂများ၊ လူသုံးကုန်ပစ္စည်းများမှာ လက်မှုပညာအသုံးပြု၍ ဈေးကွက်အတွင်း ဝင်ရောက်နေရာယူလျက်ရှိသည်။ မိမိတို့ဒေသအတွင်းရှိ ကျေးလက်နေပြည်သူများသည် နည်းပညာဖွံ့ဖြိုးတိုးတက်မှုလေ့လာမှု အားနည်းခဲ့ခြင်းကြောင့် မိမိတို့ဒေသတွင်း ပေါများစွာတည်ရှိသည့် ဝါးပင်များ၏ ပင်ကိုတန်ဖိုး၊ မြေကြီးကရွှေသီးမည့် အခွင့်အရေးများ ဆုံးရှုံးနစ်နာမှုများ ကြုံတွေ့ခဲ့ရသည်။

**ကုန်ချောအဖြစ် ပြောင်းလဲထုတ်လုပ်မည်**

မိမိတို့ဒေသတွင် ဝါးတစ်လုံးကို ကျပ် ၂၅၀၀ မှ ကျပ် ၃၀၀၀ သာရောင်းချနေကြသည်။ လက်မှုပညာတတ်ကျွမ်းပြီး ဝါးကိုအခြေခံကာ လူအသုံးအဆောင်ပစ္စည်းများ ကုန်ချောအဖြစ်သို့ ပြုပြင်ပြောင်းလဲ ထုတ်လုပ်မည်ဆိုပါက ဝါးတစ်လုံးကုန်ကြမ်းအဖြစ် ရောင်းချမည့် မူလတန်းဖိုးထက် အဆပေါင်းများစွာသာသည့် ဈေးနှုန်းဖြစ်သည့် သိန်းဂဏန်းအထိရရှိလာမည်ဖြစ်သည်။ ယင်းအခြေအနေများနှင့် ပတ်သက်၍ ဒေသထွက်ကုန်ဖြစ်ပေါ်လာစေရန် လွိုင်လင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်၏အသင်းအဖွဲ့တစ်ခုဖြစ်သည့် တောင်းချွန်းမြေမှတွဲလက်များအသင်းအဖွဲ့တို့ပူးပေါင်း၍ ဝါးအခြေခံလက်မှုသင်တန်းဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဝါးအခြေခံလက်မှုသင်တန်းကို လွိုင်လင်မြို့ ဓာတ်တော်ကျောင်းတိုက်တွင် စက်တင်ဘာ ၂၆ ရက်မှ စက်တင်ဘာ ၃၀ ရက်အထိ ရက်တိုသင်တန်းကို ဝါးလက်မှုပညာရှင်(ပုဂံ)မှ ဖိတ်ခေါ်၍ လက်တွေ့သင်ကြားပေးခဲ့သည်။ သင်တန်းဖွင့်ပွဲတွင် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းမြထွေး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းလွင်တို့က အသီးသီးအမှာစကားပြောကြားကြပြီး ဝါးလက်မှုပညာရှင်ဦးထွန်းလွင်က သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

**ရည်ရွယ်ချက်လေးချက်ရှိ**

ဝါးလက်မှုပညာရှင် ဦးထွန်းလွင်က “ဒီသင်တန်းကို လာရောက်သင်ကြားပေးရတဲ့ ရည်ရွယ်ချက် လေးချက်ရှိပါတယ်။ အဲဒါတွေကတော့ ဒေသထွက်ကုန်ပစ္စည်းဖြစ်ပေါ်လာစေဖို့၊ လက်မှုပညာပြန့်ပွားဖို့၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းဖို့နဲ့ အလုပ်အကိုင်အခွင့်အလမ်းတွေရရှိစေဖို့ဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ သင်တန်းကို လာရောက်ပို့ချပေးတာ ဖြစ်ပါတယ်။ အားလပ်တဲ့အချိန်မှာ အပိုဝင်ငွေရှာဖွေပြီး မိသားစုစားဝတ်နေရေး ပြေလည်လာမှာဖြစ်ပါတယ်။ မိမိ မိသားစု၊ မိမိရပ်ရွာ၊ မိမိဒေသဖွံ့ဖြိုးလာမှာဖြစ်ပါတယ်။ အခုသင်တန်းကတော့ ဝါးအခြေခံ လက်မှုသင်တန်းဖြစ်ပြီး မွမ်းမံသင်တန်း၊ အဆင့်မြင့်သင်တန်းတွေကတော့ တစ်ဆင့်ချင်း လေ့လာသင်ယူသွားရမှာဖြစ်ပါတယ်။ ဝါးတစ်လုံးကို ဘယ်လိုကိုင်တွယ်မယ်၊ ဘယ်လိုခွဲစိတ်ရမယ်၊ ဘယ်လိုနီးဖြာရမယ်ဆိုတာကအစ အခြေခံကျကျ သင်ကြားပေးသွားမှာပါ။ ဒါမှ မိမိလိုချင်တဲ့ ပုံစံကိုရရှိလာမှာဖြစ်ပြီး ဝါးတစ်လုံးကို ကျွမ်းကျင်ပိုင်နိုင်စွာ ကိုင်တွယ်လာနိုင်မှာဖြစ်ပါတယ်”ဟူ၍ ရှင်းပြသည်။

သင်တန်းဖွင့်ပွဲပြီးနောက် လက်တွေ့အဖြစ် ဝါးဖြတ်တောက်ခြင်း၊ ခွဲခြမ်းစိတ်ဖြာခြင်းများကို သင်ကြားပေးကာ တစ်ဆင့်ပြီးတစ်ဆင့် ကုန်ချောအဖြစ်ရောက်ရှိလာစေရန် နီးဖြာရက်ခြင်း၊ ခြင်းတောင်းပြုလုပ်ခြင်းနှင့် အခြားအသုံးအဆောင်ပစ္စည်းများကို သင်တန်းငါးရက်တာအတွင်း ဝါးအချောထည်အဆင့်သို့ရောက်ရှိလာအောင် သင်ကြားပေးခဲ့ပြီး သင်တန်းဆင်းရက်တွင် သင်တန်းသား သင်တန်းသူများ ကိုယ်တိုင်ရက်လုပ်ထားသော လက်မှုဝါးအချောထည်များကို ပြသခဲ့ကြသည်။

**သင်တန်းဆင်းလက်မှတ်များပေးအပ်**

သင်တန်းဆင်းပွဲကို အောက်တိုဘာ ၁ ရက် ညနေ ၃ နာရီတွင် အဆိုပါ ဓာတ်တော်ကျောင်း၌ပြုလုပ်ရာ ဓာတ်တော်ကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော် ဒေါက်တာဘဒ္ဒန္တပညာနန္ဒ (နိုင်ငံတော်ဩဝါဒါစရိယ)က ဩဝါဒစကားမိန့်ကြားခဲ့သည်။ ယင်းနောက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က အမှာစကားများ ပြောကြားကြသည်။ ဆက်လက်၍ သင်တန်းဆင်းလက်မှတ်များကို လွိုင်လင်မြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်သီက ပေးအပ်သည်။ ယင်းနောက် သင်တန်းသားများ၏ကိုယ်စား တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

လွိုင်လင်မြို့၌ဖွင့်လှစ်သည့် ဝါးအခြေခံလက်မှုသင်တန်းသို့ ရန်ကုန်မြို့နေ ပအိုဝ်းတိုင်းရင်းသူ နန်းသူဇာကီး(ဂျာမန်ဧည့်လမ်းညွှန်)က “ဒီသင်တန်းကို စက်တင်ဘာ ၂၆ ရက်မှာ ဖွင့်လှစ်မယ့်အကြောင်း လူမှုကွန်ရက် စာမျက်နှာမှာ ကြေညာထားတာတွေ့ရတော့ အင်မတန်မှ တက်ချင်စိတ် ပြင်းပြတာရယ်၊ ကျွန်မကိုယ်တိုင်လည်း ဒီဝါးလက်မှုပညာကို စိတ်ဝင်စားတာရယ်ကြောင့် လာတက်ဖြစ်တာပါ။ ကျွန်မရဲ့ လက်ရှိအလုပ်ကတော့ ဂျာမန်ဧည့်လမ်းညွှန်တစ်ယောက်ပါ။ နိုင်ငံခြားခရီးသွားဧည့်သည်တွေက ဒေသထွက် လက်မှုကုန်ချောပစ္စည်းတွေကို အလွန်စိတ်ဝင်စားပြီး နှစ်သက်သလို အမှတ်တရလက်ဆောင်ပစ္စည်းအဖြစ်လည်း အမြတ်တနိုး ဝယ်ယူသွားကြပါတယ်။

**လက်မှုပညာနဲ့ပေါင်းစပ်**

“ကျွန်မကိုယ်တိုင်ကလည်း တိုင်းရင်းသူတစ်ဦးဖြစ်တဲ့အတွက် တိုင်းရင်းသားတွေနေထိုင်ကြတဲ့ တောင်ပေါ်ဒေသတွေမှာ သစ်၊ ဝါး အင်မတန်ပေါများပေမယ့် ကုန်ကြမ်းအဖြစ်ကနေ ကုန်ချောအဆင့် ထုတ်လုပ်နိုင်မယ့်အခွင့်အလမ်းတွေ နည်းပါးနေတာတွေ့ရပါတယ်။ ဥပမာ ပုဂံဒေသတွေမှာဆို ယွန်းအချောထည်ပစ္စည်းတွေဟာ ဈေးကွက်ကောင်းနေတာတွေ့ရပါတယ်။ တောင်ပေါ်ဒေသတွေမှာရှိတဲ့ ပေါများတဲ့ ဝါးကုန်ကြမ်းတွေကို လက်မှုပညာနဲ့ပေါင်းစပ်ပြီး အချောထည်ထုတ်လုပ်လို့ ဈေးကွက်ဝင်လာနိုင်ရင် သိပ်ကောင်းမှာပဲလို့တွေးမိပြီး ဝါးအခြေခံတဲ့ လက်မှုပညာ ထွန်းကားလာမယ်ဆိုရင် မြေကြီးက ရွှေသီးလာနိုင်မှာဖြစ်လို့ ဒီလိုဝါးအခြေခံလက်မှုသင်တန်း ဖွင့်လှစ်တဲ့ဒေသအထိ လာတက်ဖြစ်တာပါ။

“ဒီသင်တန်းကနေ အကျိုးကျေးဇူးတွေ အများကြီးရရှိသလို တိုင်းရင်းသားအချင်းချင်း သွေးစည်းညီညွတ်မှု၊ ချစ်ခင်ရင်းနှီးမှု၊ တစ်ဦးနဲ့တစ်ဦး ရိုင်းပင်းကူညီမှုနဲ့ အဆက်အသွယ်ကောင်းတွေရရှိလာပါတယ်။ ရှေ့ဆက်မယ့် အစီအစဉ်တွေကတော့ အများကြီးရှိပါတယ်။ ဒီသင်တန်းကရရှိခဲ့တဲ့ အတွေ့အကြုံဗဟုသုတနဲ့ ပညာရပ်တွေကို ပေါင်းစည်းပြီး တတ်သလောက်၊ မှတ်သလောက် မိတ်ဆွေအပေါင်းအသင်းတွေကို ပြန်လည်မျှဝေပေးပါမယ်။ ဒီလွိုင်လင်မြို့မှာပဲ မွမ်းမံသင်တန်းကို ၂၀၂၀ ပြည့်နှစ် မတ်လအတွင်း ထပ်မံဖွင့်လှစ်နိုင်ဖို့ သက်ဆိုင်ရာလူကြီးများ စီမံဆောင်ရွက်နေတာ သိရလို့ ဝမ်းသာပြီး အဲဒီမွမ်းမံသင်တန်းကို ထပ်မံတက်ရောက်မယ်လို့ ဆုံးဖြတ်ထားပါတယ်”ဟု သင်တန်းတက်ရောက်ခဲ့မှု အတွေ့အကြုံနှင့် သင်တန်းမှရရှိသည့် အသိပညာ၊ အတတ်ပညာ ဗဟုသုတများကိုလည်း ယခုကဲ့သို့ မျှဝေပေးခဲ့သည်။

**အလုပ်အကိုင်အခွင့်အလမ်းများရရှိ**

လွိုင်လင်မြို့တွင် ဖွင့်လှစ်ခဲ့သည့် ဝါးအခြေခံလက်မှုသင်တန်းသို့ တက်ရောက်ပြီးသူများသည် ဝါးအချောထည်ထုတ်လုပ်ခြင်းဖြင့် မိမိတို့၏ဒေသထွက်ကုန်တစ်ခုဖြစ်ပေါ်လာစေရန် ဆန်းသစ်သောတီထွင်ဖန်တီးမှုများ၊ အရည်အသွေးကောင်းမွန်သော ဝါးအချောထည်ထုတ်ကုန်များကို ကြိုက်နှစ်သက်သူပေါ်များလာ၍ အမှာစာများလည်း ရရှိနေပြီဖြစ်ကြောင်း ယင်းသင်တန်းသို့ တက်ရောက်ပြီးခဲ့သည့် နန်းနောင့်နောင့်က ပြောသည်။ ထို့ကြောင့် ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာကာ မိသားစုတစ်ပိုင်တစ်နိုင် အပိုဝင်ငွေ ရရှိလာနေပြီဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။ ။

**လွိုင်လင်မြို့တွင် ဖွင့်လှစ်ခဲ့သည့် ဝါးအခြေခံလက်မှုသင်တန်းသို့ တက်ရောက်ပြီးသူများသည် ဝါးအချောထည်ထုတ်လုပ်ခြင်းဖြင့် မိမိတို့၏ဒေသထွက်ကုန်တစ်ခု ဖြစ်ပေါ်လာစေရန် ဆန်းသစ်သော တီထွင်ဖန်တီးမှုများ၊ အရည်အသွေးကောင်းမွန်သော ဝါးအချောထည်ထုတ်ကုန်များကို ကြိုက်နှစ်သက်သူပေါ်များလာ၍ အမှာစာများလည်း ရရှိနေပြီဖြစ်**



# အင်းလေးဖောင်တော်ဦး မြတ်စွာဘုရားရုပ်ရှင်တော်မြတ်လေးဆူ စံကျောင်းတော်ဝင်ပွဲ ရိုးရာလှေပြိုင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပ

နှစ်စဉ်ကျင်းပမြဲဖြစ်သော အင်းလေးဖောင်တော်ဦး မြတ်စွာဘုရားရုပ်ရှင်တော်မြတ်လေးဆူသည် အင်းလေးဒေသဝဲယာ ၂၁ ဌာနသို့ ဒေသစာရီကြွချီအပူဇော်ခံလျက်ရှိပြီး အောက်တိုဘာ ၁၆ ရက် နံနက် ၈ နာရီတွင် ရုပ်ရှင်တော်မြတ်များသည် ရေသာစံကျောင်းတော်မှ ကိန်းဝပ်စံပယ်တော်မူရာ နန်းဟူးစံကျောင်းတော်သို့ ပြန်လည်ကြွချီခြင်း စံကျောင်းတော်ဝင်ပွဲကို ကျင်းပရာ ရိုးရာဆွဲလှေ ၁၅ စင်းဖြင့် ပင့်ဆောင်ပူဇော်၍ ပြာသာဒ်မုခ်ဦး၌ ပထမအဆူကို ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးကြွယ်ကြွယ်ကလည်းကောင်း၊ ဒုတိယအဆူကို အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လင်းအောင်ကလည်းကောင်း၊ တတိယအဆူကို ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး လှဦးကလည်းကောင်း၊ စတုတ္ထအဆူကို ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခွန်ရဲထွေးကလည်းကောင်း ကိန်းဝပ်စံပယ်ရာ ပလ္လင်တော်ထက်ဆီသို့ အသီးသီးပင့်ဆောင်၍ ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ကြသည်။

ထို့နောက် အင်းသားရိုးရာနှစ်ကျိပ်ခြောက်တက်လှေပြိုင်ပွဲ၊ လေးကျိပ်ခြောက်တက်လှေပြိုင်ပွဲ၊ ရာကျော်လှေပြိုင်ပွဲနှင့် တစ်ဦးချင်းလှေပြိုင်ပွဲများကို ကျင်းပပြီးနောက် ဆုရရှိကြသည့် အသင်းများနှင့် ဆွမ်းပို့လှေသရုပ်ပြအဖွဲ့များ၊ လှေယဉ်ယိမ်းအဖွဲ့များကို ပြည်နယ်တရားသူကြီးချုပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆုများ အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

စိုင်းအယ်ဘဲ(ညောင်ရွှေ)

# အင်းတော်မြို့ရဲ့နာမည်ကြီး အင်းကြီး၏ သဘာဝအလှကို အနီးကပ်ကြည့်ရှုခံစားနိုင်ပြီ

လူအောင်(ကသာ)



စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့ရှိ အင်းသည် အင်းလေး၊ အင်းတော်ကြီးအင်းပြီးလျှင် တတိယအကြီးဆုံး အင်းဖြစ်ကြောင်း သိရသည်။

အဆိုပါနေရာသို့ အောက်တိုဘာ ၁၀ ရက်တွင် သွားရောက်ခဲ့သည်။ ထူးခြားသည်က အင်းတော် အင်းကို သွားရောက်လေ့လာမည်ဆိုလျှင် အင်းတော်မြို့နယ် သက္ကယ်ကျင်းကျေးရွာဘက်မှ သွားရကြောင်း သိရသည်။

ယခုမူ အဆိုပါ အင်းကို အင်းတော်-ဗန်းမောက်သွား ကားလမ်း အင်းရွာကျေးရွာအလွန် ခြောက်ဖာလုံခန့်အကွာ ကားလမ်းမှ အင်းကမ်းစပ်အရောက် တံတားပြုလုပ်ထားသည်ကို ထူးခြားစွာတွေ့မြင်ခဲ့ရသည်။ အဆိုပါ တံတားကို မည်သူက မည်သို့စိတ်ကူးစိတ်သန်းဖြင့် ဆောက်လုပ်ထားသည်ကိုစုံစမ်းခဲ့ရာ တံတားအလှူရှင်မှာ အင်းတော်မြို့ အောင်မင်္ဂလာရပ်နေ မရီရီဆွေဆိုသူဖြစ်ကြောင်း သိရသဖြင့် မရီရီဆွေအား တံတားတည်ဆောက်ပေးရခြင်းနှင့် ပတ်သက်၍ မေးမြန်းရာ မရီရီဆွေက “အင်းကို အနီးကပ်တွေ့မြင်ဖို့ တံတားလေးလုပ်ရင်ကောင်းမှာပဲ။ ဒါပေမယ့် လယ်ကွင်းတွေဖြတ်ရင် လယ်သမားတွေလက်မခံမှာစိုးလို့ သက်ဆိုင်ရာလယ်တောင်သူတွေနဲ့ မကြာခဏ တွေ့ဆုံပြောကြားခဲ့ရာမှ အဖြေတစ်ခုရလာခဲ့တယ်။ အဲဒီအဖြေက ကားလမ်းမှ အင်းအထိ ဖောက်လုပ်ထားတဲ့ ရေစီးမြောင်းတစ်ခုရှိကြောင်း သက်ဆိုင်ရာ လယ်တောင်သူတွေက အကြံပေးခဲ့တာပါ။ အဲဒီရေစီးမြောင်းကိုခွလျက် အခုလိုလူကူးတံတားလေး ဆောက်ဖြစ်ခဲ့တာပါ"ဟု ပြောပြသည်။

အင်းတော် အင်းကြီးသည် အလျားလေးမိုင်ခန့်၊ အနံနှစ်မိုင်ခန့်ရှိပြီး အင်းတော်မြို့ရဲ့ ဂုဏ်ဆောင်အင်းဖြစ်သည့်အတွက် အင်းရဲ့သဘာဝအလှတရားကို အင်းတော်မြို့သူ မြို့သားများက အမြဲထိန်းသိမ်းစောင့်ရှောက်နေသည်ကိုလည်း သိရသည်။ မြို့နယ်တာဝန်ရှိ ဌာနဆိုင်ရာ အကြီးအကဲများနှင့် မြို့မိမြို့ဖများကလည်း အင်းရဲ့သဘာဝအလှကိုကြည့်ရှုခံစားနိုင်ရန် အင်းပတ်လမ်းပြုလုပ်နိုင်ရန် စီစဉ်ဆောင်ရွက်နေကြောင်းလည်း သိရသည်။

ယခု တည်ဆောက်ထားသောတံတားသည် အရှည်ပေ ၅၅၀၊ အကျယ်ကိုးပေရှိပြီး တံတားအမည်ကို ဖြူစင်မေတ္တာအင်းသာယာဟု အမည်ပေးထားပြီး ငွေကျပ်သိန်း ၁၅၀ ခန့် ကုန်ကျခဲ့ကြောင်းလည်း သိရသည်။ ဩဂုတ် ၂ ရက်မှ စတင်ဆောက်လုပ်ခဲ့ရာ အောက်တိုဘာ ၁၂ ရက်တွင် တံတားဖွင့်ပွဲပြုလုပ်ခဲ့ကြောင်း သိရသည်။

ယခင် အင်းကြီးကို အဝေးမှလှမ်းကြည့်နေခဲ့ကြရာမှ ယခုအခါ ထိုတံတားလေးမှ အင်းရဲ့ကမ်းစပ်အထိ သွားရောက်ကာ အင်း၏သဘာဝအလှ၊ သားရဲကျေးငှက်များ၏ သာယာနာပျော်ဖွယ်အသံနှင့် အင်းရေပြင်မှ တိုက်ခတ်လာသောလေကောင်းလေသန့်ကို တစ်ဝကြီး ခံစားနိုင်တော့မည်ဖြစ်သဖြင့် ဇလုံတောင်သွားဘုရားဖူးဧည့်သည်များအတွက် အင်းတော်အင်းကို လေ့လာကြည့်ရှုနိုင်ရန် အင်းတော်-ဗန်းမောက်သွား ကားလမ်းမကြီးမှတစ်ဆင့် အဆိုပါ တံတားထိပ်နေရာတွင် ကားပါကင်ထားရှိပြီး စိတ်ချမ်းသာစွာလာရောက်လည်ပတ်နိုင်ကြောင်း ၂၀၁၉-၂၀၂၀ ခရီးသွားနှစ်အတွက် မင်္ဂလာသတင်းကောင်းပါးလိုက်ရပါကြောင်း။ ။